
www.burmeseclassic.com

# မင်းမြတ်သူရ

## ဆားပုလင်းမင်းအောင် နှင့် ကြာဖြူပန်းကလေး



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# မင်းမြတ်သူရ

## ဆားပုလင်းမင်းအောင်နှင့်ကြာဖြူပန်းကလေး

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၀၈၈၅၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၁၈၀၆၁၀

၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇)၊ စေတနာစာပေ အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃)၊ စေတနာ-OFFSET အမှတ်(၅၉)၊ ၁၉-လမ်း၊ ရန်ကုန်။

၈၉၅.၈၃

မင်းမြတ်သူရ

ဆားပုလင်းမင်းအောင်နှင့်ကြာဖြူပန်းကလေး/မင်းမြတ်သူရ-ရန်ကုန်၊

စေတနာစာပေ၊ ၂၀၁၀။

၂၉၆- စာ၊ ၁၂×၁၈ စင်တီ။

(၁) ဆားပုလင်းမင်းအောင်နှင့်ကြာဖြူပန်းကလေး

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

၂၄။ ဆင်ဖြူရှင်
၂၅။ ဆားပုလင်းမင်းအောင်နှင့် မိုးပျံကိမ်တိုက်
၂၆။ စကြာရှင်
၂၇။ မိုးကြိုးတံခွန်
၂၈။ ဆားပုလင်းမင်းအောင်နှင့် အခွက်ိုင်းအဆမဲ့
၂၉။ အတုမရှိစည်တော်
၃၀။ ဇီဝမိုးရွှေလိုဏ်ဂူ
၃၁။ ဆားပုလင်းမင်းအောင်နှင့် နေမင်းစေတမာန်
၃၂။ ဆားပုလင်းမင်းအောင်နှင့် စိန်ပန်းနီနီ
၃၃။ ဘာဘမထိဘွား
၃၄။ ဆားပုလင်းမင်းအောင်နှင့် သဇင်မြိုင်
၃၅။ မိုးမြေသစ္စာ
၃၆။ ဠာနုတ်သမီး
၃၇။ တစ်ကျွန်းစံ
၃၈။ ဂျမဒါမင်းထင်နှင့် သေမင်းနာရီစင်
၃၉။ ရွှေနတ်တောင်
၄၀။ ပြည်လုံးကျော်
၄၁။ ယက္ခညီနောင်
၄၂။ တိမ်ကြာမင်းခေါင်
၄၃။ နဝရတ်ကိုးသွယ်
၄၄။ လျှို့ဝှက်ကော်ဖေ
၄၅။ လေးကျွန်းမောင်ကြီး
၄၆။ မနောစကြာ
၄၇။ ပျိုတိုင်းကြိုက်တဲ့နှင်းဆီနိုင်
၄၈။ ကျောက်စိမ်းအမိန့်တော်



တစ်ခါက မြန်မာနိုင်ငံပုလိပ်အဖွဲ့မှာ ဆားပုလင်း မင်းအောင် ဆိုတဲ့ စုံထောက်တစ်ဦးဟာ အမှန်တကယ် ရှိခဲ့တယ်။

ကျွန်ုပ်ဟာ ကံအကြောင်း တိုက်ဆိုင်လို့ ဆားပုလင်း မင်းအောင်နဲ့ ပတ်သက်တဲ့ စွန့်စားခန်းတွေကို ရင်းနှီးကျွမ်းဝင်ခွင့် ရခဲ့ပါတယ်။

ဆားပုလင်းမင်းအောင်လို ယောကျ်ားပီသပြီး စွန့်စားဝံ့တဲ့ လူတစ်ယောက်အကြောင်းကို ဝတ္ထုရေးခွင့်ရတဲ့အတွက် ကျွန်ုပ် ဂုဏ်ယူဝမ်းမြောက်လို့ မဆုံးပါဘူး။

သူလို ယောကျ်ားပီသတဲ့လူ၊ သူလို စွန့်စားဝံ့တဲ့လူ၊ သူလို စုံထောက်ဉာဏ်ရည်ထက်သန်တဲ့လူဟာ မြန်မာနိုင်ငံပုလိပ် အဖွဲ့မှာ ရှာမှရှားပါ။

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူလိုလူမျိုး နှောင်နှစ်ပေါင်းတစ်ရာမှာ တစ်ယောက် ပေါ်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

သူဟာ အင်မတန် ရှိဝံ့တယ်၊ အင်မတန် ယောက်ျား ဆယ်၊ အင်မတန် စွန့်လွှတ်အနစ်နာခံရဲတယ်။

သူလိုလူမျိုး ကျွန်ုပ် တစ်သက်မှာ ဘယ်တော့မှ မတွေ့ဖူးပါဘူး။

သူနဲ့ ခင်မင်ခွင့်ရတာကိုလည်း ဂုဏ်ယူဝမ်းမြောက်လို့ မဆုံးပါဘူး။

မြန်မာနိုင်ငံပုလိပ်အဖွဲ့မှာ ဆားပုလင်းမင်းအောင်နဲ့ အတူတူ နှစ်ပေါင်းများစွာ နေထိုင်ရင်း ...

စာရေးဝါသနာပါတဲ့ ကျွန်ုပ်ဟာ သူ့ဘဝ သူ့ အကြောင်းတွေကို မသိမသာ ရေးသားမှတ်တမ်းတင်ခဲ့ပါတယ်။

သူလို လူစွန့်စားတစ်ယောက်နဲ့ ကံအကြောင်းတိုက် ဆိုင်လို့ ကြုံဆုံခွင့်ရတဲ့ ...

အခိုက်အတန့်မှာ သူ့အကြောင်းတွေကို မှတ်တမ်း မတင်ဖြစ်ခဲ့ရင် ကျွန်ုပ်လောက်မိုက်တဲ့လူ ဘယ်သူရှိပါ့မလဲ။





ဆားပုလင်းမင်းအောင်ဟာ သူ့အကြောင်းတွေကို ကျွန်ုပ်က တကူးတက မှတ်တင်းတင် ရေးသားနေတာကို သိရက်နဲ့ မသိကျိုးကျွန်ပြုနေခဲ့တယ်။

သူ့အကြောင်းတွေကို ကျွန်ုပ် ရေးသားပြုစုနေတာကို တားဆီးခြင်းလည်း မရှိသလို ...

အားပေး အားမြှောက်ခြင်းလည်း မရှိပါဘူး။

သဘာဝတရားကြီးရဲ့ အလိုအရ သူလို လူစွန့်စား တစ်ယောက်ရဲ့အကြောင်းကို ကျွန်ုပ် မှတ်တမ်းတင်ခွင့်ရှိတယ်လို့ ယူဆမိပါတယ်။

သူက လူတစ်သိန်းမှာ တစ်ယောက်ရှိတဲ့လူမျိုးပါ။

သူလို ဉာဏ်ရည်ဉာဏ်သွေး၊ သူလိုအသိဉာဏ်ဗဟု သုတမျိုး၊ သူ့လို ရဲဝံ့မှုမျိုး။

နှောင်အနှစ်တစ်ရာ၊ နှစ်ရာ ပေါ်လာမယ်လို့ ကျွန်ုပ် မပြောဝံ့ပါဘူး။

ဘာပဲဖြစ်ဖြစ် သူနဲ့ ခင်မင်ခွင့်ရတာ ကျွန်ုပ် ဂုဏ်ယူ လို့မဆုံးသလို ...



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝ သူ့အကြောင်း၊ သူ့စွန့်စားခန်းတွေကို ရေးသားခွင့်ရတာလည်း ကျွန်ုပ် နှစ်ထောင်းအားရ ရှိလှပါတယ်။

နှစ်တွေဘယ်လိုပြောင်းပြောင်း သူ့စွန့်စားခန်းတွေက ပရိသတ်တွေအတွက် ဆန်းသစ်နေဆဲပါပဲ။

ဒါပေမဲ့ ကျွန်ုပ်ကတော့ မိတ်ဆွေကြီး ဆားပုလင်းမင်းအောင်ကို မရေးဖြစ်ခဲ့တာ ကြာပါပြီ။

သူ့အကြောင်းတွေကို မရေးဖြစ်ခဲ့ပေမယ့် သူ့ရဲ့လုပ်တဲ့ပုံရိပ်တွေကတော့ ကျွန်ုပ်နှလုံးအိမ်ထဲမှာ ဘယ်တော့မှ မေ့မရပါဘူး။

သူ့ရဲ့မိတ်ဆွေ အပေါင်းအသင်းတွေအပေါ် အနစ်နာခံစိတ်၊ အသက်နဲ့လဲပြီး ကာကွယ်တတ်တဲ့စိတ်၊ ထောက်ထားညှာတာစိတ်တွေကို အစဉ်ထာဝရ သတိရနေဆဲပါ။

တစ်ခါက ဆားပုလင်းမင်းအောင် ဆိုတဲ့ စုံထောက်တစ်ယောက်ဟာ မြန်မာနိုင်ငံ ပုလိပ်အဖွဲ့မှာ အမှန်တကယ်ရှိခဲ့ဖူးပါတယ်။ သူ့မှာ ရန်သူတွေ ဝိုင်းဝိုင်းလည်နေပေမယ့် လူတိုင်းအပေါ် မေတ္တာထားတတ်တဲ့သူပါ။





သူ့အကြောင်း မကောင်းပြောတဲ့ လူကိုတောင် ကရုဏာစိတ်နဲ့ ခွင့်လွှတ်တတ်သူပါ။

သူဟာ တစ်ခါတစ်ရံမှာ သူတော်စင်တစ်ပါးနဲ့ တူပါတယ်။

တစ်ခါတစ်ရံတော့လည်း အင်မတန် ရက်စက်ကြမ်းကြုတ်တဲ့လူနဲ့လည်း တူပါတယ်။

သူ့ကိုကြည့်ရတာ မီးစတစ်ဖက် ရေမှုတ်တစ်ဖက်လိုပါပဲ။

သူ့လောက် ကြင်နာတရားရှိတဲ့လူ၊ သူ့လောက် ရက်စက်ကြမ်းကြုတ်တဲ့လူ၊ သူ့လောက် သနားကရုဏာသက်တတ်တဲ့လူ။ သူ့လောက် ကောက်ကျစ်စဉ်းလဲတဲ့လူ စသည် စသည်ဖြင့် ပြောရမှာ မဆုံးတော့ပါဘူး။

ကျွန်ုပ် ဝတ္ထုရေးတဲ့အခါတိုင်း ဆားပုလင်းမင်းအောင် ရေးပါလို့ တောင်းဆိုတဲ့ ပရိသတ်တွေ အများကြီးပါ။ သူ့စွန့်စားခန်းဝတ္ထုတွေကို ဖတ်ရတာ စိတ်အားတက်ကြွလွန်းလို့ တသသ တောင်းဆိုနေတဲ့ ပရိသတ်တွေ ဒုနဲ့ဒေးပါ။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံ စာဖတ်ပရိသတ်တွေရဲ့ အိပ်ရာဝင်ပုံပြင်ထဲမှာ ဆားပုလင်းမင်းအောင် ဆိုတာ ဘယ်တော့မှ မရိုးနိုင်တဲ့ ဇာတ်ကောင်တစ်ယောက်ပါ။

သူ့ကို ကျွန်ုပ် မေ့ထားလို့ မရပါဘူး။ ပရိသတ်တွေရဲ့ တောင်းဆိုမှုကြောင့် တစ်ကြော့ပြန် ရှင်သန်လာမှာပါ။

ကြာတော့ ကြာခဲ့ပါပြီလေ။

ဒါပေမဲ့ ဘယ်တော့မှ မရိုးနိုင်တဲ့ သူ့အကြောင်းတွေကတော့ အစဉ်ထာဝရ ဆန်းသစ်နေဦးမှာပါ။

◆ ✻ ◆





ဆားပုလင်းမင်းအောင်ရဲ့ ဥပဓိရုပ်နဲ့ ပတ်သက်ပြီး ကျွန်ုပ် ပြန်စဉ်းစားကြည့်တော့ သူဟာ အရုပ်အမောင်းကောင်းပြီး ကြေးနီရောင် အသားအရေကို ပိုင်ဆိုင်တဲ့ လူတစ်ယောက်ပါ။ သူ့ရဲ့ကိုယ်ခန္ဓာတစ်ခုလုံးမှာ အဆီပို တစ်ပြားသားမှ မရှိဘဲ ကြွက်သားတွေနဲ့ပဲ တည်ဆောက်ထားပါတယ်။

သူဟာ အစဉ်ထာဝရ ကြံ့ခိုင်သန်စွမ်းနေပြီး လေးလံထိုင်းမှိုင်းတဲ့ အမူအရာလည်း တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးပါဘူး။ သူ့ရဲ့မျက်ဝန်းအစုံဟာ စူးရှတောက်ပြောင်ပြီး ညှို့ငင်အားတွေ ရှိပါတယ်။ နှာတံပေါ်ပြီး ပရိသေသပ်တဲ့ နှုတ်ခမ်းအစုံကိုလည်း ပိုင်ဆိုင်ထားပါတယ်။

သူ့မှာ ဘယ်လိုလူမျိုးနဲ့ယှဉ်ယှဉ် လွှမ်းမိုးနိုင်တဲ့ ဘန်ခိုးစွမ်းအင်တစ်မျိုး ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက လျှော်ကန်းဓာတ်ရုံကြီးမှာ နိုင်ငံကျော်ရုပ်ရှင်မင်းသားတွေနဲ့ ဆားပုလင်းမင်းအောင်ကို အတူယှဉ်တွဲတွေ့မြင်ဖူးပါတယ်။

အဲဒီတုန်းက နိုင်ငံကျော်မင်းသားတွေအားလုံး သူနဲ့ယှဉ်ရင် လမင်းကြီးနဲ့ ယှဉ်မိတဲ့ ပိုးစုန်းကြူးတွေလို ဖြစ်သွားခဲ့ပါတယ်။

သူဟာ လူတကာအပေါ် ဩဇာညောင်းပြီး ညို့ငင်စွမ်းရှိတဲ့ အစွမ်းတစ်မျိုးကို ပိုင်ဆိုင်သူပါ။

သူ့အသံဟာ အနည်းငယ်ဩပြီး သံလိုက်ဓာတ်ကဲ့သို့ဆွဲဆောင်အား ကောင်းပါတယ်။

လူပေါင်းများစွာဟာ သူ့စကားရေယာဉ်ကြောမှာ မျောပြီး မှင်သက်မိသလို ဖြစ်အောင်လည်း အပြောကောင်းလှတဲ့ပုဂ္ဂိုလ်တစ်ဦးပါ။

ဆားပုလင်းမင်းအောင်ရဲ့ ဥပမိရုပ်နဲ့ ပတ်သက်ပြီး ဆားပုလင်းမင်းအောင်နှင့်ဥစ္စာစောင့်မလေးမြနှင်းဆီ ဆိုတဲ့ စာအုပ်မှာ ကျွန်ုပ် ဒီလိုရေးခဲ့ဖူးပါတယ်။ ဆားပုလင်းမင်းအောင်ကို ရန်သူတော်ကြီး ကိုပုညက ပြောတဲ့အနေနဲ့ပါ။





သင့်ရဲ့အရပ်အမောင်းဟာ ငါးပေဆယ့်တစ်လက်မတိတိရှိတယ်။

သင့်ရဲ့အသားအရောင်ဟာ ကြေးနီရောင် အဆင်းရှိတယ်၊ မျက်လုံးအစုံဟာ သိန်းငှက်မျက်လုံးလို စူးရှတယ်။

သင့်ရဲ့နှုတ်ခမ်းဟာ ပိရိသေသပ်တယ်။ သင့်ရဲ့နက်မှောင်တဲ့ ဆံပင်တွေဟာ နဖူးပေါ်ကို ကပိုကယို ဝဲကျနေတယ်။ သင်ဟာ ကုတ်အင်္ကျီအညိုရောင်၊ သက္ကလပ်ဘောင်းဘီ အနက်ရောင်ကို ဆင်ယင်ထားတယ်။ သင်စီးတဲ့ဖိနပ်ဟာ ဌာန်ရှိုက်အမျိုးအစားဖြစ်တယ်။

သင်ဟာ မထိလေးစား အမူအရာနဲ့ ဌွန့်ပလေယာမုတ်ဆိတ်စီးကရက်ကို နှုတ်ခမ်းမှာ ခဲထားတယ်။ သူ့ရဲ့အမူအရာဟာ အေးတိအေးစက် အမူအရာပဲ၊

သင်ဟာ ကျွန်ုပ်ကို ကိုးလ်အမျိုးအစား သေနတ်တစ်လက်နဲ့ ချိန်ထားတယ်။ သေနတ်ဒင်မှာ အမ်အေ ဆိုပြီး သင့်နာမည်ကို အတိုကောက် ရေးထားတယ်။ သင် သေနတ်ကိုင်တဲ့ဟန်ကတော့ ဂန္ဓဝင်သေနတ်သမားတစ်ယောက်ရဲ့ ဟန်ပန်အတိုင်း သက်သောင့်သက်သာ အနေအထားဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သင်ဟာ မြန်မာပြည်စုံထောက်အဖွဲ့ရဲ့ အတော်ဆုံး စုံထောက်ဖြစ်တဲ့ ဆားပုလင်းမင်းအောင် ဖြစ်တယ်။

♦ ✻ ♦





ဆားပုလင်းမင်းအောင်ဟာ ဉာဏ်ပညာနဲ့ ပတ်သက်ရင် ထူးခြားတဲ့ ပါရမီရှင်တစ်ယောက်ပါ။ သူဟာ ဘယ်အရာမျိုးမဆို တစ်ကြိမ်ဖတ်ရုံနဲ့ မှတ်မိနိုင်တဲ့ စူပါဘရိန်းပိုင်ရှင်ပါ။

သူ့တစ်သက်မှာ ဖတ်ဖူးသည့်စာအုပ် အားလုံးကို တစ်ကြိမ်တည်း ဖတ်ရုံနဲ့ အလွတ်ရသွားပါတယ်။

ဒါကြောင့်လဲ သူဟာ ဗဟုသုတဘဏ်တိုက်ကြီးလို မသိတာမရှိ ဖြစ်နေတာပါ။

နောက်ပြီးတော့ သူ့မှာ အထူးခြားဆုံးက ထိုးထွင်းဉာဏ်ပါ။ သူဟာ ဘယ်အရာမဆို ထိုးထွင်းသိမြင်နိုင်စွမ်း အလွန်ကောင်းပါတယ်။

ဒါကြောင့် သူတစ်ပါး တစ်လသင်ရမယ့် အတတ်ကို သူဟာ တစ်ရက်တည်းနဲ့ တတ်ရင် တတ်နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ သူ့ရဲ့မွေးရာပါ အရည်အချင်းပါ။ သူတော်လို့ တတ်လို့ လေ့ကျင့်ထားတဲ့ အရည်အချင်းတွေ မဟုတ်ပါဘူး။

ဒါကြောင့်လည်း အင်းစိန်စီအိုင်ဒီမှာ စုံထောက်အားလုံးရဲ့ မျက်ခုံးမွေးပေါ် စကြီလျှောက်ပြီး ဖိုလ်တကာ့ဖိုလ် ဖြစ်နေတာပါ။

သူ့ကို စုံထောက်လုပ်ဖို့အတွက် ဘုရားသခင်က ပေးသနားတယ်ဆိုတဲ့ စကားဟာ မမှားပါဘူး။

သူလို ပါရမီရှင်မျိုး လူတစ်သိန်းမှာ တစ်ယောက် မရှိနိုင်ပါဘူး။

တစ်သက်မှာ စာအုပ်တစ်အုပ်ကို တစ်ကြိမ်တည်း ဖတ်ရုံနဲ့ အလွတ်ရတယ်ဆိုမှတော့ ဗဟုသုတဟင်းလေးအိုးကြီး ဖြစ်နေတာ မဆန်းပါဘူး။

နောက်ပြီးတော့ ဆားပုလင်းမင်းအောင်ရဲ့ လျှို့ဝှက်ချက်တစ်ခု ရှိနေပါသေးတယ်။

ဒါကတော့ သူ့ရဲ့ငယ်စဉ်ဘဝပါ။ သူဟာ အင်မတန်ရှားပါးလျှို့ဝှက်တဲ့ အတတ်ပညာတွေကို ငယ်စဉ်ကတည်းက သင်ယူခွင့် ရခဲ့ပါတယ်။





ဒီအကြောင်းတွေ ကမ္ဘာပေါ်မှာ ကျွန်ုပ်ကလွဲရင် ဘယ်သူမှ မသိပါဘူး။

ဒါဟာ ဆားပုလင်းမင်းအောင်ရဲ့ ထိပ်တန်းလျှို့ဝှက်ချက်တစ်ခုပါ။

သူဟာ မြန်မာလူမျိုး မိဘနှစ်ပါးက မွေးဖွားလာတယ်ဆိုပေမယ့် သူ ကြီးပြင်းခဲ့ရတာက တိဘက် ပေါတလနန်းတော်ထဲမှာပါ။

သူ့ရဲ့လက်ဦးဆရာက တိဘက်လားမားဘုန်းကြီးတွေပါ။ သူ့မှာ ပိုင်ဆိုင်တဲ့ ဂမ္ဘီရဆန်တဲ့ အစွမ်းသတ္တိတွေ အားလုံး တိဘက်ဘုန်းကြီးတွေဆီက ရတာပါ။

သူ့ဘဝရဲ့ လူအများမသိတဲ့ လျှို့ဝှက်ချက်တွေကို ဆားပုလင်းမင်းအောင် (သို့မဟုတ်) မဟာစွမ်းအားရှင် ဆိုပြီး ကျွန်ုပ်ရေးထားတာ ရှိပါတယ်။ မကြာမီ ပရိသတ်တွေ သိခွင့်ရမှာပါ။

နောက်ပြီးတော့ ဆားပုလင်းမင်းအောင်နဲ့ ပတ်သက်ပြီး အထူးပြောလိုတာက သူ့ရဲ့တိုက်ခိုက်ရေး ပညာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ဘဝတစ်လျှောက်လုံး သူနဲ့တွဲပြီး ရာဇဝတ်မှုခင်းအမျိုးမျိုးကို လိုက်ခဲ့ဖူးပါတယ်။ ကြမ်းပေ့ ရမ်းပေ့ဆိုတဲ့ လူဆိုးကြီးတွေနဲ့လည်း ယှဉ်ပြိုင်တိုက်ခိုက်ဖူးပါတယ်။

လက်ရုံးရည် နှလုံးရည်နဲ့ ပြည့်စုံတဲ့ လူစွန့်စားကြီးတွေနဲ့လည်း ရင်ဆိုင်ခဲ့ဖူးပါတယ်။

ဒါပေမဲ့ ဆားပုလင်းမင်းအောင်ဟာ တိုက်ခိုက်ရေးဘနဲ့ ပတ်သက်ရင် ဘယ်လိုလူမျိုးနဲ့ယှဉ်ယှဉ် တစ်ကြိမ်တစ်ခါမှ မရှုံးဖူးပါဘူး။

ဆားပုလင်းမင်းအောင် ပြောဖူးတာက သူ့ဘဝမှာ တိုက်ခိုက်ရေးပညာနဲ့ ပတ်သက်ရင် အရှုံကြောက်ဆုံး လူတစ်ယောက်ပဲ ရှိပါတယ်တဲ့။ သူကတော့ ယောက်ျားရင့်မကြီး မဟုတ်ပါဘူး။ မြန်မာပြည်ထိပ်ဖျားက နှင်းဖုံးတောင်တန်းတွေမှာ နေထိုင်တဲ့ ပန်းကိုးပွင့်ဒေဝီ ဆိုတဲ့ မိန်းမပါ။

သူဟာ ပင်ကိုပါရမီအရ တိုက်ခိုက်ရေးပညာမှာ ထူးချွန်သလို၊ ထိုးထွင်းဉာဏ် ကောင်းလွန်းလို့လည်း ရန်သူတွေကို အနိုင်ရခဲ့တာပါ။





သူလို လူစွန့်စားတစ်ယောက်ကို စံထောက်လုပ်ဖို့ ဘုရားသခင်က ပေးသနားတာပါလို့ တင်စားတာ မမှားပါဘူး။

နောင် အနှစ်တစ်ရာ နှစ်ရာ သူလိုလူမျိုး မပေါ်နိုင်ဘူးဆိုတာ ဘယ်သူမှ မငြင်းနိုင်ပါဘူး။

သူလိုက်ဖူးသမျှအမှု မပေါ်တာ တစ်ခုမှ မရှိပါဘူး။

လောကမှာ သူ မဖမ်းနိုင်တဲ့ တရားခံလည်း တစ်ယောက်မှ မရှိပါဘူး။

ဒါပေမဲ့ သူ မဖမ်းရက်လို့ လွှတ်ပေးထားတဲ့ တရားခံတွေတော့ ရှိခဲ့ဖူးပါတယ်။ ဒီအကြောင်းတွေကို အလျဉ်းသင့်ရင် ကျွန်ုပ် ရေးဦးမှာပါ။

ဆားပုလင်းမင်းအောင်ရဲ့ ဘာသာစကားနဲ့ ပတ်သက်တဲ့ စွမ်းရည်ကလည်း အံ့မခန်းပါ။ သူဟာ ဘာသာစကားအမျိုးမျိုးကို တတ်ကျွမ်းပါတယ်။

အင်္ဂလိပ်စကားကို လန်ဒန်မြို့ကြီးသားတစ်ယောက်ပေးမောကြည့်လောက်အောင် ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်ပါတယ်။ ကမ္ဘာပေါ်မှာ ခက်ခဲပါတယ်လို့ အများသတ်မှတ်ထားတဲ့ တရုတ်စာကိုတောင် အတော်လေး ရေးတတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အကြောင်း ချီးမွမ်းခန်းဖွင့်ရမယ်ဆိုရင် ဘယ်တော့မှ မဆုံးတော့ပါဘူး။ တစ်ကြိမ်တည်း တစ်ထိုင်တည်း ပြောရုံနဲ့လည်း မပြည့်စုံပါဘူး။

သူလိုလူတစ်ယောက်နဲ့ ရင်းနှီးခွင့်ရတာ ကျွန်ုပ်ဘဝအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ဆုလာဘ်တစ်ခုပါ။

ဘုရားသခင်ကပေးတဲ့ လက်ဆောင်မွန်လို့လည်း ဆိုချင်ပါတယ်။

ကျွန်ုပ်က ဘုရားပေးတဲ့ လက်ဆောင်ကို ပရိသတ်အတွက် ပြန်မျှဝေပေးဖို့ တာဝန်ရှိပါတယ်။

ဒီတာဝန်တွေကို ကျွန်ုပ်ဘက်က ပျက်ကွက်နေတာ ကြာပါပြီ။

ဆားပုလင်းမင်းအောင်ရဲ့ စွန့်စားခန်းမှန်သမျှ ဖြစ်ရပ်ဆန်းကြယ်တွေ အားလုံးကို ကျွန်ုပ် ရေးမှတ်ထားတာ ထင်းရှူးသေတ္တာနဲ့တစ်လုံး ရှိပါတယ်။

ဒီအကြောင်းတွေကို ပြန်ဖတ်ပြီး ဝတ္ထုအသွင်နဲ့ ကျွန်ုပ် ရေးပါတော့မယ်။





ချစ်လှစွာသော ပရိသတ်အားလုံးလည်း ကျွန်ုပ်နဲ့အတူ ဘုရားသခင်ရဲ့ လက်ဆောင်မွန်ကို မျှဝေခံစားနိုင်ပါစေ။

◆ ❈ ◆



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ ကျွန်ုပ်နှင့် ကျွန်ုပ်မိတ်ဆွေကြီး ဆားပုလင်းမင်းအောင်သည် အင်းစိန်စီအိုင်ဒီရုံးနှင့် မလှမ်းမကမ်း၌ရှိသော ကာကာဆိုင်၌ထိုင်၍ ရောက်တတ်ရာရာ စကားများကို ပြောဆိုနေလေ၏။

ထိုအခိုက်မှာပင် စာအိတ်တစ်အိတ်ကိုကိုင်၍ ကာကာဆိုင်ဘက်သို့ လျှောက်လှမ်းလာသော လူတစ်ဦးကို မြင်သဖြင့် ကျွန်ုပ်က ...

"ကိုမင်းအောင် ... ဟိုမှာ လူတစ်ယောက် ကျုပ်တို့ကို ရှာနေသလား မသိဘူး"

ဟု ပြောလိုက်ရာ ဆားပုလင်းမင်းအောင် ခေါင်းညိတ်၍ ...





"အဟုတ်ပဲဗျို့၊ ဒီလူဟာ ရာဇဝတ်အုပ်လူထွက် တစ်ယောက်ပဲ"

ဟု ပြော၏။ ကျွန်ုပ်သည် ဆားပုလင်းမင်းအောင်၏စကားကြောင့် မျက်မှောင်ကြုတ်၍ ...

"ကိုမင်းအောင် ဒီလူကို အရင်ကတည်းက သိနေလို့လား"

ဟု မေးမြန်းလေ၏။ ဆားပုလင်းမင်းအောင်က ...

"သူ့ကို အခုမှစပြီး မြင်ဖူးတာပါဗျာ"

ဟု ပြောလိုက်ရာ ကျွန်ုပ်က ဆားပုလင်းမင်းအောင်ကို အံ့ဩဟန်ဖြင့်ကြည့်၍ ...

"ဒါဆိုရင် ကိုမင်းအောင်က ဒီလူကို ရာဇဝတ်အုပ်လို့ ဘာကြောင့် အတတ်ပြောနိုင်တာလဲ"

ဟု မေးမြန်းလိုက်လေ၏။ ထိုအခိုက်မှာပင် စာအိတ်ကိုင်ထားသူသည် ကျွန်ုပ်တို့အနီးသို့ ရောက်ရှိလာသဖြင့် ဆားပုလင်းမင်းအောင်က ကျွန်ုပ်ကို လက်ကာပြလိုက်၏။ စာအိတ်ကိုင်ထားသူသည် ကာကာဆိုင်ရှေ့သို့ ရောက်သောအခါ ဆားပုလင်းမင်းအောင်ကိုကြည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီက မိတ်ဆွေက ဆားပုလင်းမင်းအောင် ဟုတ်ပါတယ်နော်"

ဟုမေးမြန်းလေရာ ဆားပုလင်းမင်းအောင်က ခေါင်းညိတ်၍ ...

"အဟုတ်ပါပဲဗျာ၊ ဘာကိစ္စရှိလို့ပါလိမ့်"

ထိုအခါ စာအိတ်ကိုင်ထားသူသည် စာအိတ်ကို ဆားပုလင်းမင်းအောင်လက်ထဲသို့ ထည့်လိုက်ပြီး ...

"ကျုပ်မိတ်ဆွေက ဆားပုလင်းမင်းအောင်ကို ဟောဒီစာ ပေးခိုင်းလိုက်လို့ပါ၊ သွားလိုက်ပါဦးမယ်"

ဟုဆိုကာ ကျွန်ုပ်တို့အနီးမှ ထွက်ခွာရန် ပြင်လိုက်၏။

ထိုအခါ ကျွန်ုပ်က ဆားပုလင်းမင်းအောင်၏ မှန်းဆချက် မှန်မမှန် သိလိုသဖြင့် ...

"ဒီကဆရာကြီးက ဘာအလုပ် လုပ်သလဲ"

ဟု မေးမြန်းလေ၏။ ကျွန်ုပ်၏အမေးကြောင့် စာယူလာသူက ...





"အရင်ကတော့ ရာဇဝတ်အုပ်ပါပဲဗျာ၊ နောက်တော့ ပြဿနာလေးဖြစ်လို့ အလုပ်ပြုတ်ပြီး ပွဲရုံမှာ အလုပ်လုပ်နေပါတယ်"

ဟု ပြောလေရာ ဆားပုလင်းမင်းအောင်၏ မှန်းဆချက် မှန်ကန်ကြောင်း သိလိုက်ရလေ၏။

ဆားပုလင်းမင်းအောင်သည် ထိုသူအား အဘယ်ကြောင့် ရာဇဝတ်အုပ် လူထွက်တစ်ယောက်ဟု တိတိကျကျ ဖြေနိုင်သနည်း။ ကျွန်ုပ်သည် ဆားပုလင်းမင်းအောင်၏ မှန်းဆပုံကို သိလိုလှသဖြင့် ...

"ကိုမင်းအောင် ဒီလူကို ဘာကြောင့် ရာဇဝတ်အုပ်လူထွက်လို့ ပြောနိုင်တာလဲဗျ"

ဟု မေးမြန်းလေ၏။ ဆားပုလင်းမင်းအောင်က ထိုသူပေးသောစာအိတ်ကို နေရောင်မှာ ထောင်ကြည့်၍ ...

"ရာဇဝတ်အုပ်လူထွက်ဟာ စပ်စုတတ်တဲ့လူဗျ၊ ကိုယ်နဲ့ မဆိုင်တဲ့ စာအိတ်ကို ဖောက်ဖတ်ပြီး ထမင်းလုံးနဲ့ ပြန်ကပ်ထားတယ်၊ ဆပ်ကျောင်းတက်ပြီးတဲ့ လူတွေဟာ ကြည့်



www.burmeseclassic.com

www.burmeseclassic.com



တတ်ရင် ပုလိပ်ဆိုတာ သိပ်ထင်ရှားပါတယ် အိုင်ပီ၊ ပြီးတော့ ဒီလူဟာ ဟန်ကြီးပန်ကြီးနိုင်တဲ့ အမူအရာနဲ့ ကြိမ်တုတ်လေးဝင့်နေပုံကို ကြည့်လိုက်ရင် ပုလိပ်ထဲမှာ အရာရှိလောက်ထဲကလို့ မှန်းလို့ရတယ်၊ ဒါပေမဲ့ ဒီလူ့ရဲ့ကိုယ်မှာဝတ်ထားတဲ့ အဝတ်အစားတွေက နွမ်းပါးနေတယ်ဗျ၊ ရာဇဝတ်အုပ်ရာထူး လက်ရှိ ရှိပုံမရဘူး၊ ဒါကြောင့် ဒီလူကို ရာဇဝတ်အုပ်လူထွက်လို့ မှန်းလိုက်ရတာပဲ”

ဟု ပြောတယ်။ ထိုအခါမှပင် ဆားပုလင်းမင်းအောင်၏ မှန်းဆပုံကို ရှင်းရှင်းကြီး မြင်သွားတယ်။

ဆားပုလင်းမင်းအောင်သည် ရာဇဝတ်အုပ်လူထွက်ပေးသောစာကို ဖတ်ကြည့်လိုက်ရာ အောက်ပါအတိုင်း တွေ့ရလေ၏။

“မိတ်ဆွေကြီး ဆားပုလင်းမင်းအောင် ...

လွန်ခဲ့တဲ့ညက ကျွန်တော်တို့ဂါတ်က ပုလိပ်မောင်ခင်ဟာ ပတ္တရောင်လှည့်ရင်း ဖိုးစိန်လမ်းထိက လူမနေတဲ့ တိုက်ပျက်ကြီးမှာ မီးရောင်မြင်လို့ သွားကြည့်တယ်။ ဒီအခါမှာ ဥရောပဝတ်စုံ ဝတ်ဆင်ထားတဲ့ တရုတ်လူမျိုးတစ်ယောက်ရဲ့ အလောင်းကို တွေ့ရပါတယ်။ အလောင်းရဲ့ကိုယ်ခန္ဓာမှာ စိန်လက်စွပ်၊ ရွှေလက်ပတ်နာရီနဲ့ ငွေစက္ကူတွေကို တွေ့ရတဲ့အတွက် ပစ္စည်းလိုချင်လို့ သတ်သွားတဲ့သူ ဖြစ်ပုံမရပါဘူး။ ကြမ်းပြင်မှာလည်း သွေးတွေစိုရွှဲနေတာ တွေ့ရပါတယ်။

ဒီအမှုကိုကြည့်ရတာ နက်နဲမယ်လို့ ယုံကြည်တဲ့အတွက် အင်းစိန်စီအိုင်ဒီက စုံထောက်များ ရောက်မလာမီ မိတ်ဆွေကြီး ကိုတင်စစ်ဆေးနိုင်အောင် အကြောင်းကြားလိုက်တာပါ။

မှုခင်းဖြစ်တဲ့နေရာကို မိတ်ဆွေကြီး စစ်ဆေးနိုင်အောင် ခြေရာလက်ရာမပျက် ထားရှိပါတယ်။ မိတ်ဆွေကြီး အမြန်ဆုံးလာမယ်လို့ ယုံကြည်ပါတယ်။

(သင့်ရဲ့မိတ်ဆွေ ရာဇဝတ်အုပ်လှမိုး)”

ကျွန်ုပ် စာကိုဖတ်ရှုပြီးသောအခါ ဆားပုလင်းမင်းအောင်က ...







www.burmeseclassic.com

www.burmeseclassic.com



"တာမွေဂါတ်က ကျုပ်တို့မိတ်ဆွေကြီး ကိုလှမိုး ပေးလိုက်တဲ့စာဗျ။ မှုခင်းဖြစ်ပွားတဲ့ နေရာကို စီအိုင်ဒီက စုံထောက်ကျော်ကြီးတွေ ရောက်မလာမီ ကြိုတင်စစ်ဆေးစေချင်လို့ စေတနာကောင်းနဲ့ သတင်းပေးလိုက်တာဗျ၊ သူ့စေတနာကို အသိအမှတ်ပြုတဲ့အနေနဲ့ ဖိုးစိန်လမ်းကို အမြန်ဆုံးသွားတော့မယ်ဗျို့"

ဟု ပြောလေရာ ကျွန်ုပ်က ကမန်းကတန်းလက်ကာ၍ ...

"နေပါဦး ကိုမင်းအောင်ရယ်၊ ကျုပ်လည်း လိုက်မှာပေါ့ဗျ"

ဟု ပြောလေ၏။ ထိုအခါ ဆားပုလင်းမင်းအောင်က တစ်နေရာသို့ လက်ညှိုးညွှန်ပြ၍ ...

"အိုင်ပီ လိုက်လို့မရတော့ဘူးဗျ၊ ဟိုမှာ စီအိုင်ဒီက ပြာတာမောင်ရွှေ လိုက်လာပြီ၊ မင်းကြီး လွှတ်လိုက်တယ်ထင်တယ်။ ထုံးစံအတိုင်း အိုင်ပီတို့ကို ဆူပူကြိမ်းမောင်းပြီး ဖိုးစိန်လမ်းက လူသတ်မှုဖြစ်တဲ့နေရာကို သွားပြီး စစ်ဆေးခိုင်းလိမ့်မယ်၊ အိုင်ပီတို့ မရောက်မီ ကျုပ်အရင်သွားပြီဗျို့၊ ဦးပေါ်ဦးကြီးကိုခေါ်ပြီး ဖိုးစိန်လမ်းကို လိုက်ခဲ့ပေတော့"





ဟု ပြောကာ ကာကာဆိုင်ထဲမှ ထွက်ခွာသွားလေတော့၏။

မကြာမီ စီအိုင်ဒီရုံးမှ လွှတ်လိုက်သော ပြာတာမောင်ရွှေ ရောက်လာပြီး စိတ်မသက်သာသော အမူအရာဖြင့် ...

"မင်းကြီးဆူနေပြီ ဆရာ၊ လူသတ်မှု ဖြစ်ပြီနဲ့တူတယ်"

ဟု ပြောလိုက်လေ၏။

♦ ✻ ♦



www.burmeseclassic.com

www.burmeseclassic.com



စီအိုင်ဒီရုံးရှိ မင်းကြီး၏ရုံးခန်းသို့ ကျွန်ုပ်ရောက်ရှိသွားသောအခါ စုံထောက်ကျော်များအားလုံး မင်းကြီးရှေ့၌ မျက်နှာငယ်လေးများနှင့် ရောက်ရှိနေကြောင်း တွေ့ရ၏။

မင်းကြီးသည် ကျွန်ုပ်ကို မြင်သောအခါ မျက်နှာရှုံ့၍ ...

"မောင်မင်းတို့ မြန်မာတွေ ဘာဖြစ်လို့ ဒီလောက်တောင် ဒေါသကြီးနေရတာလဲ၊ ထစ်ခနဲဆို လူသတ်မှုဖြစ်နေပြီ၊ စီအိုင်ဒီမှာ လူသတ်မှုတွေ တစ်မှုပြီးတစ်မှု တိုးနေတယ်၊ လူကလေးတို့ စုံထောက်တွေ ဘယ်မှာသွားအိပ်နေလဲ၊ ကျွန်ုပ် အင်မတန် စိတ်ညစ်ပြီး အင်္ဂလန်ကို ပြန်ချင်နေပြီ၊ ဖိုးစိန်လမ်းက လူမနေတဲ့ တိုက်ပျက်ကြီးမှာ လူသတ်မှု





ဖြစ်နေပြီလို့ တာမွေဂါတ်က အကြောင်းကြားတယ်၊ မောင်မင်းတို့အားလုံး လူသတ်မှုဖြစ်ပွားရာနေရာကို အမြန်ဆုံးသွားပြီး တရားခံကို စုံစမ်းကြပါ။ ဒါနဲ့ နေပါဦး၊ စီအိုင်ဒီရဲ့နာမည်ကျော် ဆားပုလင်းမင်းအောင် ဘယ်ရောက်နေသလဲ"

ဟု မေးမြန်းလေ၏။ ထိုအခါ ဆားပုလင်းမင်းအောင်ကို မနာလိုဝန်တိုပြီး ချောက်တွန်းရန် အသင့်စောင့်နေသော စုံထောက်ကိုတင်လှက ...

"ဆားပုလင်းမင်းအောင်က တာဝန်ချိန်ကို လေးစားတဲ့သူ မဟုတ်ပါဘူး သခင်၊ သူဟာ ဘယ်တော့မှ စီအိုင်ဒီရုံးကို မှန်မှန်လာတဲ့သူ မဟုတ်ပါဘူး"

ဟု ချောက်တွန်းလေ၏။

ထိုအခါ စုံထောက်ကိုစိန်မြင့်ကလည်း ဝင်ရောက်၍...

"ဟုတ်ပါတယ် သခင်၊ ဆားပုလင်းမင်းအောင်ဟာ ကံကောင်းလို့ အမှုလေးတွေ ဖော်နိုင်ပြီး ဘဝင်ကျွေမြင့်နေတာပါ၊ သူ့မှာ အရည်အချင်း ဒီလောက်မရှိပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ဟု ဝင်ရောက် ချောက်တွန်းလေ၏။ သို့သော် စုံထောက်မင်းကြီးက ၎င်းတို့၏စကားကို နားဝင်ဟန်မရှိဘဲ စားပွဲခုံကို လက်သီးဖြင့် ဗုန်းခနဲထု၍ ...

"တော်ပြီ ... လူကလေးတို့မှာ အရည်အချင်းမရှိဘူး၊ သူတစ်ပါးကို ချောက်တွန်းဖို့ပဲ သိတယ်၊ ဆားပုလင်းမင်းအောင်ဟာ တာဝန်ချိန်ကို မလေးစားပေမယ့် နောက်ဆုံးမှာ တရားခံကိုတော့ ဖမ်းပေးနိုင်တာပဲ"

ဟု ကြိမ်းမောင်းလိုက်ရာ မနာလိုဝန်တိုစိတ် အလွန်များသည့် ကိုစိန်မြင့်သည် မျက်စိမျက်နှာ ပျက်သွားလေ၏။

ကျွန်ုပ်တို့စုံထောက်ကျော်များ စီအိုင်ဒီရုံး အပြင်သို့ရောက်သောအခါ စုံထောက်ဦးပေါ်ဦးကြီးက ...

"ကိုစိန်မြင့်တို့လူစု ကိုမင်းအောင်ကို ချောက်တွန်းလို့ မင်းကြီးက ကြိမ်းမောင်းလိုက်တာ ရစရာမရှိဘူး"

ဟု ပြောလေ၏။ ကျွန်ုပ်က သဘောကျဟန်ဖြင့် ရယ်မော၍ ...

"ကျုပ်တို့မိတ်ဆွေကြီး ကိုမင်းအောင်က ဘုန်းနဲ့ ကံနဲ့ [illegible] နယ်နယ်ရရ မဟုတ်ဘူး"





ဟု ပြောလေ၏။

ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးသည် ဖို့ဒ်ကားစုတ်ကလေးပေါ်သို့တက်၍ လူသတ်မှုဖြစ်ပွားရာ ဖိုးစိန်လမ်းသို့ ထွက်ခွာရန် ပြင်ကြလေ၏။

စုံထောက်ဦးပေါ်ဦးကြီးက ...

"ကျုပ်တို့မိတ်ဆွေကြီး ဆားပုလင်းမင်းအောင် ဘယ်ရောက်နေလဲဗျ"

ဟု မေးမြန်းလေ၏။

ကျွန်ုပ်က လူသတ်မှုဖြစ်ပွားရာ တာမွေဂါတ်မှစာကို ရှိသဖြင့် ကိုမင်းအောင် ဖိုးစိန်လမ်းသို့ ထွက်သွားကြောင်းပြောလေ၏။

ထိုအချိန်မှာပင် စုံထောက်ကိုစိန်မြင့်တို့လူစုသည် အိုင်ဒီမှ ဂျစ်ကားစုတ်ကြီးကို တွန်းနှိုးရန် ကြိုးစားကြလေ၏။

စုံထောက်ဦးပေါ်ဦးက ကားကို ၎င်းတို့အနီးသို့ မောင်းသွားပြီး ...

"ဟေ့လူတွေ ဓာတ်ဆီနဲ့မီးခြစ် ယူမှာလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု နောက်ပြောင်လေရာ ကိုစိန်မြင့်တို့သည် ကျွန်ုပ်တို့ကို လှမ်း၍ပင် မကြည့်နိုင်ဘဲ ဂျစ်ကားစုတ်ကြီးကိုသာ စက်နှိုးရန် ကြိုးပမ်းနေလေ၏။

ကျွန်ုပ်နှင့် ဦးပေါ်ဦးသည် ဖိုးစိန်လမ်းသို့ ဆားပုလင်းမင်းအောင် ရောက်ရှိနေသည်ဆိုသဖြင့် ကားကို အေးဆေးစွာပင် မောင်းနှင်ခဲ့လေ၏။

လမ်းတစ်နေရာသို့ ရောက်သောအခါ ကိုစိန်မြင့်တို့လူစု မောင်းနှင်သော ဂျစ်ကားသည် မီးခိုးထောင်းထောင်းထအောင် မောင်းနှင်ပြီး ကျွန်ုပ်တို့ကားကို ကျော်တက်သွားလေ၏။

ဦးပေါ်ဦးကြီးက တံခါးဝမှ ခေါင်းပြူ၍ ...

"ဟေ့လူတွေ သတိထားမောင်းနော်၊ ဘရိတ်ပေါက်ပြီး ကန်တော်ကြီးထဲ ထိုးကျလို့ စီအိုင်ဒီက စုံထောက်တွေ ကျော်မကောင်း ကြားမကောင်း ဖြစ်ကုန်ဦးမယ်"

ဟု ပြောဆိုလေ၏။

ကျွန်ုပ်က ၎င်းတို့လူစုကိုကြည့်၍ ခေါင်းခါယမ်းလိုက်ပြီး ...





"သူတို့အရည်အချင်းနဲ့များ ဆားပုလင်းမင်းအောင်ရဲ့ဉာဏ်ရည်နဲ့ ယှဉ်ချင်သေးတယ်၊ ဖားတုလို့ ခရုခုန် အိုင်ပျက်ရုံပဲ ရှိတော့မှာပေါ့ဗျာ"

ဟု ပြောလိုက်လေ၏။

စုံထောက်ကိုစိန်မြင့်တို့သည် ဘယ်ဘဝကရေစက်မှန်း မသိ၊ ဆားပုလင်းမင်းအောင်ကို အလိုလိုနေရင်း မနာလိုဝန်တိုဖြစ်နေကြ၏။

ကျွန်ုပ်တို့ကားနှင့် ကိုစိန်မြင့်တို့ကားသည် ရှေ့ဆင့်နောက်ဆင့်ပင် ဖိုးစိန်လမ်းထဲသို့ ရောက်ရှိခဲ့လေ၏။ လူသတ်မှုဖြစ်ပွားရာ အိမ်ပျက်ကြီးရှေ့သို့ ရောက်သောအခါ ကိုစိန်မြင့်တို့လူစု၏ဂျစ်ကားသည် ဘရိတ်ကို ဝုန်းခနဲအုပ်၍ ရပ်လိုက်၏။

ထို့နောက် ကိုစိန်မြင့်သည် ဂျစ်ကားပေါ်မှ ခုန်ဆင်း၍ "စီအိုင်ဒီ ... စီအိုင်ဒီ"ဟု အော်ဟစ်ကာ လူသတ်မှုဖြစ်ရာ အိမ်ပျက်ကြီးသို့ ပြေးဝင်သွားလေ၏။

အရုက်မရှိသော ကိုတင်လှ၊ ဘိလပ်ပြန် ဆရာမြ စသော စုံထောက်များသည်လည်း ၎င်းအနောက်မှ သေတ္တာကိုယ်စီကိုင်၍ ပြေးလွှားသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးပေါ်ဦးကြီးသည် ထိုမြင်ကွင်းကိုကြည့်က စက်ဆုပ်ဟန်ဖြင့် ...

"ဒီလူတွေ အရှက်သိက္ခာကို မရှိတော့ဘူး၊ သူတို့ကြောင့် စီအိုင်ဒီက စုံထောက်တွေ သိက္ခာကျတော့မှာပဲ၊ လူသတ်မှုဖြစ်တဲ့ အိမ်ထဲကို ပြေးဝင်သွားတာ စုံထောက်တွေနဲ့မတူဘူး၊ အမဲလိုက်ခွေးတွေ ကျနေတာပဲ"

ဟု ပြောလေရာ ကျွန်ုပ်သည် ဦးပေါ်ဦး၏စကားကို သဘောကျလွန်းသဖြင့် တဟားဟား ရယ်မောနေလေ၏။

လူသတ်မှုဖြစ်ပွားရာ အိမ်ကြီးရှေ့၌ တာဝန်ကျမှ ပုလိပ်လေးတစ်ဦး စောင့်နေပြီး ခြံဝင်းထဲ၌ ရုပ်ကွက်လူကြီးဖြစ်ဟန်တူသော လူကြီးသုံးလေးယောက်ကို တွေ့ရလေ၏။

ထိုသူများသည် စီအိုင်ဒီ စီအိုင်ဒီဟု အော်ဟစ်ပြီး ပြေးဝင်လာသော ကိုစိန်မြင့်တို့ကို အထင်ကြီးဟန်ဖြင့် ကြည့်ကြလေ၏။

ကိုစိန်မြင့်တို့လူစုသည် ၎င်းတို့ကို ဂရုတစိုက် ကြည့်ရှုနေမှန်းသိ၍ ပေကြိုးဘူးများ၊ မှန်ဘီလူးများ စသည့် စုံထောက်အသုံးအဆောင်များကိုထုတ်၍ ဟန်ရေးပြရလေ၏။





သေသူ၏ကိုယ်ခန္ဓာကို အိမ်၏ဧည့်ခန်းနေရာ၌ တွေ့ရလေ၏။ အိမ်ကြီးတစ်ခုလုံး မြင်မကောင်းအောင် ရှုပ်ပွနေ ဖုန်မှုန့်များ၊ ပင့်ကူမျှင်များရှိနေ၏။ ၍ သေ

ဦးပေါ်ဦးက အိမ်ကြီးတစ်ခုလုံးကို သိမ်းကျုံ ဟန်ကြီး၍ ...

"အိမ်ကြီးက အတော်ခမ်းနားတယ်ဗျာ၊ ဟိုးတုန်းက ဆိုပါစို့၊ သူဌေးသူကြွယ်ကြီးတွေ နေပုံရတယ်"

ဟု ပြောလေ၏။

ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးသည် ဆားပုလင်းသည် မင်းအောင်ကိုယ်တိုင် ဦးဆောင်၍ အမှုကို စုံစမ်းနေသဖြင့် သေသူကို အနှေးလေးဂရုမပြုတော့ဘဲ သာမန်မျှသာ စစ်ဆေးလေ၏။

သေသူ၏ရင်ဝ၌ သွေးများစိုရွှဲနေသော ဒဏ်ရာတစ်ခုရှိပြီး သေသူသည် အဖိုးတန်ဥရောပဝတ်စုံ ဝတ်ဆင်ထားသော တရုတ်လူမျိုးတစ်ယောက်ဖြစ်၏။

သေသူ၏လက်သူကြွယ်၌ စိန်လက်စွပ်၊ ရွှေလက်ပတ်နာရီ စသည့် အဖိုးတန်ပစ္စည်းများကို တွေ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ စုံထောက်ကိုစိန်မြင့်သည် ၎င်းတို့ကို ကြည့်နေသော ရပ်ကွက်လူကြီးများ ကြားစေရန် ရည်ရွယ်၍ ...

"အဟမ်း ... သေသူရဲ့ ကိုယ်ခန္ဓာမှာ အဖိုးတန်ပစ္စည်းတွေ ရှိနေတယ်ဆိုတော့ လူသတ်သမားဟာ ပစ္စည်းလိုလို့ လူသတ်တာ မဟုတ်ဘူး၊ ရန်ငြိုးရန်စကြောင့် သတ်တာပဲဖြစ်မယ်၊ သေသူနဲ့ လူသတ်သမားဟာ အရင်ကတည်းက သိကျွမ်းခဲ့တဲ့သူတွေဖြစ်မယ်၊ သူတို့နှစ်ယောက်ဟာ လူမနေတဲ့ တိုက်ပျက်ကြီးမှာ ချိန်းဆိုပြီး သတ်ပုတ်ကြတယ်၊ ဒီတော့ လွယ်လွယ်လေးပါ၊ သေသူရဲ့ အသိအကျွမ်းတွေကို ရှာဖွေပြီး စစ်ဆေးလိုက်ရင် တရားခံကို ဖမ်းမိမှာပဲ"

ဟု အကြောင်းကြောင်း ပြောပါလေ၏။ စုံထောက်ကိုတင်လှကလည်း ၎င်း၏စုံထောက်သေတ္တာကို ဖွင့်၍ မှန်ဘီလူးကို ဟန်ပါပါထုတ်ကာ သေသူ၏ကိုယ်ခန္ဓာကို အနီးကပ်ကြည့်၍ ...

"သဲလွန်စတွေ တဖြည်းဖြည်း စုနေပြီ၊ မကြာမီ တရားခံကို ဖမ်းမိတော့မယ်၊ စီအိုင်ဒီက စုံထောက်တွေကို နှယ်နှယ်ရရ မှတ်ပြီး သွေးတိုးစမ်းလို့ ဘယ်ရမလဲ"





ဟု ပြောလိုက်ရာ ရပ်ကွက်လူကြီးများသည် ၎င်းတို့ကို အထင်ကြီးဟန်ဖြင့် ကြည့်ကြလေ၏။

စုံထောက်ကိုစိန်မြင့်သည် ပေကြိုးဘူးကိုထုတ်၍ သေသူ၏အရပ်အမောင်းကို တိုင်းပြန်၏။

စုံထောက်ဦးပေါ်ဦးကြီးသည် ၎င်းတို့၏ ဟန်ကြီးပန်ကြီးနိုင်ပုံကို ကြည့်မရတော့ဘဲ ...

"ဒီမှာ ယောလူ၊ သေသူရဲ့အရပ်က ၆ ပေရှိတယ်ဆိုပါစို့၊ ဒီလူနဲ့ တရားခံနဲ့ ဘယ်လိုသက်ဆိုင်မှာလဲ"

ဟု ဘုကျကျ မေးမြန်းလေရာ ကိုစိန်မြင့်သည် ဦးပေါ်ဦးကို မကျေမချမ်းကြည့်၍ ...

"မနောက်နဲ့ဗျာ၊ ကျုပ်တို့ အမှုကို အားကြိုးမာန်တက် စစ်ဆေးနေတာ၊ ခင်ဗျားတို့လို အချိန်ဖြုန်းနေတာ မဟုတ်ဘူး"

ဟု ပြောလိုက်ရာ အနီး၌ရှိသော စုံထောက်ကိုတင်လှက ...

"ဟုတ်ပါ့ဗျာ၊ ကျုပ်တို့က ခင်ဗျားတို့လို ဆားပုလင်းမင်းအောင် နောက်လိုက် လုပ်နေတာမဟုတ်ဘူး၊ ခင်ဗျားတို့

www.burmeseclassic.com

www.burmeseclassic.com



ဟာ ပုလိပ်အင်စပက်တော်ကြီးတွေ လုပ်နေပြီး ဘာမဟုတ်တဲ့ ဆားပုလင်းကို ဆရာတင်နေတယ်၊ ခင်ဗျားတို့ ဆားပုလင်းဟာ ကံကောင်းလို့ အမှုတွေပေါ်နေတာဗျ၊ ဒီမှာ လောကမှာ အမြဲကံမကောင်းနိုင်ပါဘူး"

ဟု ဝင်ရောက်ပြောဆိုလေ၏။ ၎င်းတို့၏ စကားကြောင့် စုံထောက်ဦးပေါ်ဦးကြီးက သဘောကျဟန်ဖြင့် တဟားဟား ရယ်မောလိုက်ပြီး ...

"ဟား ဟား ဟား ... ဒီမှာ ကျုပ်တစ်သက်လုံး ပုလိပ်လုပ်လာတာ၊ ခင်ဗျားတို့လောက် စိတ်ကောင်းမရှိပြီး သူ့တစ်ပါးကို မနာလိုတတ်တဲ့ စုံထောက်မျိုး မမြင်ဖူးပါဘူး၊ ဒီမှာ ခင်ဗျားတို့ဟာ ဆားပုလင်းမင်းအောင်နဲ့ ယှဉ်ပြိုင်ဖို့ဝေးလို့ ခြေဖျားကိုတောင် မီတဲ့လူ မဟုတ်ဘူး၊ စီအိုင်ဒီက စုံထောက်တဲ့ ခင်ဗျားတို့တစ်သက်မှာ ဘယ်တုန်းကအရေးပါတဲ့တရားခံကို ဖမ်းဖူးလို့လဲ၊ လူသတ်မှုလုပ်ပြီးကိုယ့်ဘာသာ လာအဖမ်းခံတဲ့ တရားခံမျိုးကို ဖမ်းဖူးတဲ့ စုံထောက်တွေကများ၊ ကျုပ်တို့ကို ဆားပုလင်းနောက်လိုက်





တဲ့၊ ဒီမှာ ... ဆားပုလင်းနောက်လိုက်ကို ခင်ဗျားတို့ ကြည့်မရဘူးလား၊ ဒါဆိုရင် ဆားပုလင်းမင်းအောင်နဲ့ မယှဉ်နဲ့ဦး၊ ကျုပ်တို့နဲ့ အရင်ယှဉ်လိုက်၊ ခင်ဗျားနဲ့ကျုပ် လက်ရုံးချင်း ယှဉ်မလား၊ နှလုံးရည်ချင်း ယှဉ်မလား"

ဟု စိန်ခေါ်လိုက်ရာ စုံထောက်ကိုစိန်မြင့်တို့သည် ဦးပေါ်ဦးကြီး တစ်ခွတ်ထိုးစိတ်ဓာတ်ကို သိသဖြင့် စကားမတုံ့ပြန်ရဲတော့ဘဲ ငြိမ်သက်သွားလေတော့၏။

ထိုအခိုက်မှာပင် ဆားပုလင်းမင်းအောင်သည် တာမွေဂါတ်မှ ဌာနအုပ် ဦးလှမိုးနှင့်အတူ ခြံအနောက်မှပတ်၍ စကားတပြောပြောဖြင့် လျှောက်လှမ်းလာ၏။

ကိုစိန်မြင့်တို့လူစုသည် မဲမျှော်လင့်ပဲ အိမ်အနောက်မှထွက်လာသော ဆားပုလင်းမင်းအောင်ကို မြင်သောအခါ မျက်စိမျက်နှာပျက်သွားလေ၏။

၎င်းတို့သည် ဆားပုလင်းမင်းအောင်ထက်ဦးစွာ လူသတ်မှုဖြစ်ရာ နေရာသို့ ရောက်ရှိသည်ဟု ထင်ဖြစ်နေလေ၏။ ဆားပုလင်းမင်းအောင်သည် ကျွန်ုပ်တို့အနီးသို့ ရောက်လာပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"အိုင်ပီတို့ ရောက်လာပြီလား၊ ဌာနအုပ်ဦးလှမိုးနဲ့အတူ အိမ်ပတ်ဝန်းကျင်က သဲလွန်စလေးတွေ လျှောက်ကြည့်နေတာဗျ"

ဟု ပြောလေ၏။ ကျွန်ုပ်က ရပ်လာ၍ ...

"ကျုပ်တို့ကတော့ ထုံးစံအတိုင်း ဘာသဲလွန်စမှ ရှာမရသေးဘူးဗျို့၊ သေသူက အသတ်ခံရတယ်ဆိုတာပဲ တိတိကျကျ ပြောနိုင်သေးတယ်၊ နောက်ဆုံးတော့ တရားခံကို ကိုမင်းအောင်ပဲ ဖမ်းပေးမှာ သေချာပါတယ်ဗျာ"

ဟု ပြောလေ၏။ စုံထောက်ဦးပေါ်ဦးကြီးက ရယ်မော၍ ...

"ကျုပ်တို့ကတော့ ကိုယ့်အရည်အချင်းကို သိတယ်ဗျ၊ ကိုယ့်အရည်အချင်း ကိုယ်မသိဘဲ လူတွင်ကျယ်လုပ်ချင်ရင် ဖားတုလို့ ခရုခုန် ဖင်ကျိုးရုံသာ ရှိတော့မှာပေါ့ဗျာ"

ဟု ပြောလိုက်ရာ စုံထောက်ကိုစိန်မြင့်တို့လူစုသည် ဦးပေါ်ဦးကြီးကို မကျေမချမ်း ကြည့်လိုက်လေ၏။

သားပုလင်းမင်းအောင်က လူသတ်မှုဖြစ်ပွားရာ ဧည့်ခန်းထဲသို့ လွန်စွာကြည့်ကောင်းအောင် လျှောက်သွားပြီး ...





"သေသူဟာ ရန်ငြိုးရန်စတစ်ခုကြောင့် ကလဲစားချေခံရတာတော့ သေချာပါတယ်ဗျာ၊ သေသူနဲ့ လူသတ်သမားက ဒီအိမ်ကြီးထဲမှာ တိုက်ခိုက်ကြသေးတယ်ဗျ၊ နောက်ဆုံးမှာ ကိုယ်ခံပညာကျွမ်းကျင်တဲ့ လူသတ်သမားက သေသူကို အနိုင်ရလိုက်တာပဲ၊ သေသူဟာ အရက်မူးနေပုံရတယ်၊ သူတို့နှစ်ယောက်ဟာ ဒီအိမ်ကြီးထဲကို အတူယှဉ်တွဲပြီး ဝင်လာခဲ့တာဗျ၊ အိမ်ထဲကို ရောက်တော့မှ လူသတ်သမားဟာ ယောဒိက မြင်နေရတဲ့ ဖယောင်းတိုင်လေးကို ထွန်းတယ်၊ ပြီးတော့ ဟိုးအရင်က ရန်ငြိုးရန်စတွေကို ပြောပြီး တိုက်ခိုက်ကြတယ်၊ လူသတ်သမားဟာ သေသူရဲ့ရင်ဝက သွေးတွေနဲ့ယောဒိနံရံမှာ တရုတ်ဘာသာနဲ့ ရေးထားခဲ့တယ်"

ဟု ပြောလေရာ ကျွန်ုပ်တို့လူစုသည် ထိုအခါမှပင် နံရံ၌ တရုတ်ဘာသာဖြင့် ရေးသားထားသောစာကို သတိပြုမိလေ၏။

စုံထောက်ကိုစိန်မြင့်တို့သည် သေသူ၏အလောင်း အနီး၌ သူ့ထက်ငါ ဟန်ရေးပြနေသဖြင့် နံရံ၌ သွေးဖြင့်ရေးထားသော တရုတ်စာလုံးကို မြင်တွေ့ခြင်း မရှိချေ။



www.burmeseclassic.com

www.burmeseclassic.com



စုံထောက်ကိုတင်လှသည် နံရံအနီးသို့ လျင်မြန်စွာသွား၍ တရုတ်စာလုံးကြီးကို မှတ်စုစာအုပ်ထဲ၌ ရေးကူးလေ၏။ စုံထောက်ကိုစိန်မြင့်၊ ဆရာလှ စသော စုံထောက်များသည်လည်း မှတ်စုစာအုပ်များထုတ်၍ အလုအယက် ရေးကူးကြလေ၏။

ဦးပေါ်ဦးကြီးက စုံထောက်များကိုကြည့်၍ ...

"ဒီလူတွေကြည့်ရတာ ဟိုက်စကူးတုန်း စာမေးပွဲမှာ စာခိုးချတဲ့ ကျောင်းသားတွေကို ကြည့်ရသလိုပါပဲဗျာ"

ဟု ပြောဆိုလေ၏။

ဆားပုလင်းမင်းအောင်သည် ထိုသူများ ရေးကူးနေသော တရုတ်စာလုံးကို မသိမသာကြည့်၍ သက်ပြင်းချလိုက်ပြီး ...

"ခင်ဗျားတို့ရေးကူးတဲ့ တရုတ်စာလုံးရဲ့ပုံသဏ္ဍာန် မှားနေတယ်၊ တရုတ်စာတတ်တဲ့ ပုဂ္ဂိုလ်ကို သွားပြရင် အဓိပ္ပာယ်လွဲမှားပြီး ဘာသာပြန် မှားမှာစိုးလို့ပြောတာ"

ဟု ပြောလိုက်ရာ စုံထောက်ကိုတင်လှက ဆားပုလင်းမင်းအောင်ကို ဘုကြည့်ကြည့်၍ ...





"ဒီမှာ ဆားပုလင်းမင်းအောင်၊ ကျုပ်တို့က ခင်ဗျားရဲ့အထက်အရာရှိဆိုတာလည်း သတိရဦး၊ ကျုပ်တို့ တရုတ်စာကို သေသေချာချာကြည့်ပြီး ကူးထားတာ၊ ဘာမှားလို့လဲ"

ဟုပြောလေ၏။ ဆားပုလင်းမင်းအောင်က စုံထောက်ကိုတင်လှကို မထိလေးစားကြည့်၍ ...

"ကျုပ်မှာ အထက်အရာရှိ အောက်အရာရှိဆိုပြီး ဖော်လံဖားတဲ့စိတ်ဓာတ် မရှိဘူး၊ ခင်ဗျားတို့ အဓိပ္ပာယ်မသိဘဲ တလွဲကူးနေလို့ စေတနာကောင်းနဲ့ သတိပေးနေတာ၊ ဟောဒီမှာ ကျုပ်သက်သေပြမယ်"

ဟုဆိုကာ စုံထောက်ကိုတင်လှ၏ သေတ္တာငယ်လေးအတွင်းမှ မြေဖြူခဲတစ်ချောင်းကိုယူ၍ နံရံဆီသို့ လျှောက်လှမ်းသွားလေ၏။

ထို့နောက် နံရံ၌ လှသတ်သမား ရေးသားသော တရုတ်စာလုံးကို ကျွမ်းကျင်စွာ ရေးပြလိုက်ပြီး ...

"ဟောဒီစာလုံးရဲ့ အဓိပ္ပာယ်က ကြီးကျယ်မြင့်မြတ်သောလို့ အဓိပ္ပာယ်ရတယ်၊ တရုတ်စာဟာ အရုပ်စာရေးနည်းက



www.burmeseclassic.com

www.burmeseclassic.com



ဆင်းသက်လာပြီးတော့ စုတ်ချက်များနဲ့ ပေါင်းစပ်ထားတဲ့ အတွက် အရေးအဖတ် အလွန်ခက်ခဲတယ်၊ တရုတ်ဘာသာမှာ အစက်ကလေးတစ်စက်ကို အထားမှားလိုက်ရုံနဲ့ အဓိပ္ပာယ်ဟာ အကြီးအကျယ် လွဲမှားသွားတတ်တယ်၊ နံရံမှာလူသတ်သမား ရေးသားတဲ့ ကြီးကျယ်မြင့်မြတ်သောလို့ အဓိပ္ပာယ်ရတဲ့ တရုတ်စာလုံးက ဒီလိုဗျ”

ဟုဆိုကာ နံရံ၌ ရေးသားထားသော ( )တရုတ်စာလုံးကို ပြသလေ၏။ ပြီးနောက် ကိုမင်းအောင်က ...

“စုံထောက်ကိုစိန်မြင့်တို့ ရေးထားတဲ့ စာလုံးကို ကျုပ်ရေးပြမယ်”

ဟုဆိုကာ အောက်ပါအတိုင်း ရေးပြပြန်၏။( ) ပြီးနောက် ဆားပုလင်းမင်းအောင်က ဆက်လက်၍ ...

“ကိုစိန်မြင့်တို့ ရေးထားတဲ့ တရုတ်စာလုံးရဲ့ အဓိပ္ပာယ်က ‘ခွေး’လို့ အဓိပ္ပာယ်ရတယ်၊ ကိုစိန်မြင့်တို့ဟာ အစက်ကလေးတစ်စက်ကို နေရာမှားရေးမိလို့ ကြီးကျယ်မြင့်မြတ်သော ဆိုတဲ့ အဓိပ္ပာယ်ကနေ ခွေးဆိုတဲ့ အဓိပ္ပာယ်ကို ရသွားတာ





ပဲ၊ ခင်ဗျားတို့ရေးတာ မှန်,မမှန် ကိုယ့်ဘာသာပြန်တိုက်ကြည့်ပါ”

ဟု ပြောလေရာ ကိုစိန်မြင့်တို့သည် ၎င်းတို့၏မှတ်စုစာအုပ်များကို ဖွင့်၍တိုက်ကြည့်ရာ ဆားပုလင်းမင်းအောင်၏ စကားမှန်ကန်ကြောင်း တွေ့ရလေ၏။ ထိုအခါမှပင် ကိုစိန်မြင့်တို့သည် ၎င်းတို့စာအုပ်ထဲရှိ တရုတ်စာလုံးကို ပြင်ဆင်ကြလေ၏။ စုံထောက်ဦးပေါ်ဦးကြီးက ၎င်းတို့၏ နေရာမကျပုံကိုကြည့်၍ ရယ်မောကာ ...

“ဟား ဟား ဟား ... ဒီလူတွေဟာ ကြီးကျယ်မြင့်မြတ်သော ဆိုတဲ့ အဓိပ္ပာယ်ကနေ ကိုယ့်ကိုယ်ကိုယ် ခွေးဖြစ်အောင် ရေးတဲ့သူတွေပဲ၊ တော်တော် တော်တဲ့ အင်းစိန်စီအိုင်ဒီက စုံထောက်ကျော်ကြီးတွေ”

ဟု လှောင်ပြောင်လေရာ ကိုစိန်မြင့်တို့သည်များစွာ အရှက်ရကြကုန်၏။

ကျွန်ုပ်က ဆားပုလင်းမင်းအောင်၏ အနီးသို့ လျှောက်လှမ်းသွားပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီအမှုနဲ့ပတ်သက်ပြီး သဲလွန်စကောက်လို့ ရသမျှ ပြောပါဦး"

ဟု မေးမြန်းသော် ဆားပုလင်းမင်းအောင်က ဂျွန်ပလေးယားမှတ်ဆိတ်စီးကရက်ကို နှုတ်ခမ်းမှာခဲ၍ ...

"သေဆုံးသူရဲ့ တရုတ်နာမည်က ကုလုံနဲ့ ကျင်းယုံ တစ်ခုခုပဲ၊ ကျုပ်အထင်တော့ သူ့နာမည် ကုလုံပဲ ဖြစ်လိမ့်မယ်၊ သူတို့ကိုသတ်သွားတဲ့ လူသတ်သမားအမည်ကတော့ တရုတ်အမည် ဝမ်ယုတဲ့ဗျ"

ဟု ပြောလေရာ စုံထောက်ဦးပေါ်ဦးကြီးက နားမလည်ဟန်ဖြင့် ...

"သူတို့နာမည်တွေက အဆန်းတွေချည်းပါပဲလား၊ သူတို့မှာ မြန်မာနာမည် မရှိဘူးလား"

ဟု မေးမြန်းလေ၏။ ဆားပုလင်းမင်းအောင် ခေါင်းခါယမ်း၍ ...

"သူတို့က မြန်မာပြည်သားတွေ မဟုတ်တဲ့အတွက် မြန်မာအမည် မရှိဘူး၊ သူတို့ရဲ့နေရပ်က တရုတ်ပြည်၊ ယူနန်ပြည်နယ်ထဲမှာဗျ"





ဟု ပြောလေရာ ကျွန်ုပ်က အံ့သြဟန်ဖြင့် ဝင်ရောက်၍ ...

"ဟင် ... ဒါဆိုရင် သူတို့က နိုင်ငံခြားသားတွေပေါ့၊ ဟုတ်လား"

ဟု မေးမြန်းလေ၏။ ဆားပုလင်းမင်းအောင်က ..

"သူတို့ဟာ ယူနန်ပြည်နယ်ထဲကနေ မြန်မာပြည်ကို ဝင်လာတဲ့ တရုတ်လူမျိုးစစ်စစ်တွေဗျ၊ ကျုပ်အထင်တော့ အသတ်ခံရသူဟာ လူသတ်သမားရဲ့ ရန်ငြိုးရန်စကြောင့် တရုတ်ပြည်ကနေ မြန်မာပြည်ထဲကို ဝင်ရောက်ပြီး ရှောင်တိမ်းလာတာဗျ၊ ဒါပေမဲ့ ရန်ငြိုးကြီးလှတဲ့ လူသတ်သမားဟာ မြန်မာပြည်ထဲအထိလိုက်ပြီး ကလဲ့စားချေခဲ့တာပဲ၊ ကျုပ်အထင်သာ မှန်ကန်မယ်ဆိုရင် မကြာမီ ကျင်းယုံဆိုတဲ့လူလည်း ဝမ်ယုရဲ့အသတ်ခံရဦးမှာပဲ၊ သူတို့ဟာ နိုင်ငံခြားသားတွေဆိုတာသိဖို့ မခက်ခဲပါဘူးဗျာ၊ သေသူရဲ့အိတ်ထဲမှာ ယူနန်ပြည်နယ်က ထည့်လိုက်တဲ့ စာနှစ်စောင်တွေ့လိုက်တယ်၊ စာက သူတို့ရဲ့လူယုံတွေ ပို့ပေးလိုက်တာဗျ၊



www.burmeseclassic.com

www.burmeseclassic.com



စာအိတ်မှာ ကျင်ယုံနဲ့ ကုလုံရဲ့လိပ်စာ တပ်ထားတယ်၊ စာအိတ်ထဲမှာပါတဲ့ စာရဲ့အစိပ္ပာယ်ကတော့ ဝမ်ယုနောက်က လိုက်နေပြီ၊ အသက်မသေချင်ရင် သတိထားပြီး နေကြပါဆိုတဲ့ အဓိပ္ပာယ်ပဲ၊ ဒါကြောင့် လူသတ်သမားရဲ့ အမည်ဟာ ဝမ်ယုဆိုတာ ထင်ထင်ရှားရှား သိလိုက်ရတယ်"

ဟု ပြောလရော စုံထောက်ကိုစိန်မြင့်တို့လူစုသည် အရည်အချင်း မရှိသူများပီပီ ဆားပုလင်းမင်းအောင်၏ သဲလွန်စ ကောက်ပုံကို မသိမသာ မှတ်သားကြလေ၏။

ဆားပုလင်းမင်းအောင်က ပြတင်းပေါက်မှ အဝေးဆီသို့ လှမ်းမျှော်ကြည့်၍ ...

"လူသတ်သမားဟာ သူ့ကိုယ်သူ ကြီးကျယ်မြင့်မြတ်သူလို့ ဆိုချင်ပုံရတယ်၊ သူဟာ အပြစ်ရှိတဲ့ တရားခံတွကို အပြစ်ဒဏ် လိုက်ခတ်နေတဲ့ သဘောပဲ၊ ဒါပေမဲ့ ဥပဒေဆိုတာ ရှိတယ်လေ၊ သူ ဒီလိုစာရေးလက်လွှတ်လုပ်လို့ ဘယ်ရပါ့မလဲ၊ နောက်ဆုံးမှာ တရားခံကို လက်ထိတ်ခတ်နိုင်မှာပါ"

ဟု တီးတိုးရေရွတ်နေလေတော့၏။





ထို့နောက် ဆားပုလင်းမင်းအောင်က ဌာနအုပ် ဦးလှစိုးဘက်သို့လှည့်၍ ...

"လူသတ်မှုဖြစ်တဲ့ညက ပတ္တရောင်လှည့်လာတဲ့ ပုလိပ်မောင်ဇီခင်ကို ကျုပ်စစ်ဆေးချင်တယ်"

ဟု ပြောလရော ဦးလှမိုးက ...

"တာဝန်ကျတဲ့ ဂိတ်မှာ ရှိပါတယ်၊ ကိုမင်းအောင် စစ်ဆေးချင်ရင် ရပါတယ်"

ဟု ပြောလေ၏။

ထိုအခါ ဆားပုလင်းမင်းအောင်က ဂျွန်ပလေးယားမှတ်ဆိတ် စီးကရက်ကို ဖွာရှိုက်ရင်း စုံထောက်များဘက်သို့လှည့်၍ ...

"ဒီလူမှာ ကျုပ် သဲလွန်စကောက်လို့ ရသမျှကို ပြောရရင် လူသတ်သမားရဲ့အရပ်ဟာ ခြောက်ပေနီးပါးရှိတယ်၊ ကိုယ်ခန္ဓာကြံ့ခိုင်ပြီး တိုက်ခိုက်ရေးပညာ ကျွမ်းကျင်တယ်၊ သူဟာ ဒိုင်းမွန်းတံဆိပ် ကင်းဘတ်ဖိနပ်ကို စီးထားတယ်၊ သူသောက်တဲ့ ဆေးလိပ်ကတော့ လူဆင်းရဲတွေ သောက်



www.burmeseclassic.com

www.burmeseclassic.com



လေ့ရှိတဲ့ ဘိဒီဆေးလိပ်ပဲ၊ သူဟာ လူသတ်သမားဟာ သေသူနဲ့အတူ မြင်းရထားစီးပြီး ဒီအိမ်ကိုလာခဲ့တယ်၊ သူစီးတဲ့မြင်းရဲ့ အရှေ့ဘက် သံခွာနှစ်ဖက်က အဟောင်းဖြစ်ပြီး အနောက်ဘက် သံခွာနှစ်ဖက်က အသစ်ဖြစ်တယ်၊ သူ့ရဲ့လက်သန်းတွေဟာ မလှီးဖြတ်တာကြာလို့ အတော်ရှည်နေပြီ"

ဟု ပြောရင်း လူသတ်မှုဖြစ်ပွားရာ အိမ်ကြီးမှ လွန်စွာကြည့်ကောင်းအောင် လျှောက်ထွက်သွားလေ၏။

ဆားပုလင်းမင်းအောင်သည် ကျွန်ုပ်၏ ဖို့ဒ်ကားစုက်ကလေး၏ သော့ကိုတောင်း၍ ...

"ကျွန်တော်ပဲ မောင်းမယ် အိုင်ပီ၊ တာမွေဂါတ်ကိုသွားကြစို့၊ ပုလိပ်မောင်ခင်နဲ့တွေ့ပြီး စစ်ဆေးစရာလေး နည်းနည်းရှိတယ်"

ဟုပြောကာ တာမွေဂါတ်ဆီသို့ ကားကို မောင်းခဲ့လေ၏။ တာမွေဂါတ်တဲသို့ ရောက်သောအခါ မောင်ခင် ဆိုသော ပုလိပ်သားနှင့် ဂါတ်တဲရှေ့ရှိညောင်ပင်ကြီးအောက်၌ တွေ့ရလေ၏။





ဆားပုလင်းမင်းအောင်က ညောင်ပင်အောက်ရှိ ခုံတန်း၌ မောင်ခင်ကို ထိုင်စေပြီး ...

"ညက လူသတ်မှုဖြစ်တဲ့ အိမ်ကြီးကို ရောက်တဲ့အကြောင်း ပြောပါဦး"

ဟု မေးမြန်းလေ၏။ မောင်ခင်က ...

"ကျွန်တော် ညက ပတ္တရောင်လှည့်ရင်း လူသတ်မှုဖြစ်တဲ့ အိမ်ကြီးမှာ မီးလင်းနေတာမြင်လို့ အရဲစွန့်ပြီး ဝင်သွားတယ်"

ဟု ပြောလေရာ ဆားပုလင်းမင်းအောင်က ထိုသူ၏ စကားကိုဖြတ်၍ ...

"တံခါးဝရောက်တော့ မင်း နောက်ကြောင်းပြန်လှည့်ကြည့်တယ် မဟုတ်လား"

ဟု ပြောလေ၏။ မောင်ခင်က ခေါင်းညိတ်၍ ...

"ဟုတ်ပါတယ် ဆရာ၊ အရင်တုန်းက ပတ္တရောင်လှည့်ရင် ဝင်းစိုးတို့ ပါတယ်၊ ဒီနေ့တော့ ဝင်းစိုးက မယားငယ်အိမ်ဝင်နေလို့ ကျွန်တော် တစ်ယောက်တည်း ဖြစ်နေတာပါ၊ အိမ်ကြီးထဲက မီးရောင်ကိုမြင်တော့ ဘာပဲဖြစ်ဖြစ် အရဲစွန့်

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ ဦးပေါ်ဦးကြီး၏မျက်နှာ ဝင်းထိန်သွားပြီး ...

"ဒီနေ့နံနက် ကြားရတဲ့စကားမှာ ဒီစကားဟာ စိတ်ချမ်းသာဖို့ အကောင်းဆုံးပဲ"

ဟု ပြောလေ၏။

ဆားပုလင်းမင်းအောင်သည် အိမ်ကြီး၏ခြံဝသို့ ရောက်သောအခါ မြေပေါ်မှ တစ်စုံတစ်ရာကို ကောက်ယူလိုက်ကြောင်း တွေ့ရ၏။

ကျွန်ုပ်တို့လူစုသည် မအူကုန်းလမ်းထိပ်ရှိ ချစ်တီးဆိုင်သို့ သွားရောက်၍ စားသောက်ကြလေ၏။ ထိုသို့စားသောက်ရင်း ဆားပုလင်းမင်းအောင်က ၎င်းထောက်လှမ်း၍ ရသမျှအကြောင်းကို ပြောပြလေ၏။

"လူသတ်မှုဖြစ်တဲ့ အိမ်ကြီးရဲ့ဝန်းကျင်မှာ ကျွန်တော်အရင်ဆုံး သတိပြုမိတာက ရထားလုံးဘီးရာတွေပဲဗျ၊ လွန်ခဲ့တဲ့ညက မိုးရွာထားတဲ့အတွက် ရထားလုံးဘီးရာတွေက အထင်အရှား ရှိနေတယ်၊ ဒါကြောင့် လူသတ်သမားနဲ့





အသတ်ခံရသူဟာ ရထားလုံးနဲ့ လာတယ်လို့ ကောက်ချက်ချမိတယ်၊ နံရံမှာရေးထားတဲ့ တရုတ်စာလုံးကိုကြည့်ပြီး တရားခံရဲ့အရပ်အမောင်းဟာ ခြောက်ပေနီးပါး ရှိမယ်လို့ ခန့်မှန်းတာပဲ၊ လူဟာ နံရံမှာ စာရေးမယ်ဆိုရင် ကိုယ့်မျက်လုံးနဲ့ တည့်တည့်လောက်မှာ ရေးလေ့ရှိတယ်၊ နောက်ပြီးတော့ လူရဲ့ခြေလှမ်းအစိတ်အကျဲနဲ့လည်း အရပ်အမောင်းကို တွက်ချက်လို့ ရသေးတယ်၊ ဒီလူဟာ ကြံ့ခိုင်သန်စွမ်းတယ်ဆိုတာက ခြံဝင်းထဲက ရွှံ့ဗွက်ကို ခုန်လွှားပြီးကျော်သွားတာ မြင်ရတယ်၊ ရှူးဖိနပ်ဝတ်ထားတဲ့ သေသူဟာ ရွှံ့ဗွက်အိုင်ကို ရှောင်ကွင်းပြီး လျှောက်တယ်"

ဟု ပြောလေရာ ကျွန်ုပ်က ခေါင်းတဆတ်ဆတ်ညိတ်၍ ...

"ကိုမင်းအောင် တွေးကြည့်ရင် ပြေးကြည့်တာထက် မှန်တယ်ဗျ၊ ကျုပ်တို့ကတော့ ကိုမင်းအောင် အားကိုးနဲ့ သေသူကို မယ်မယ်ရရ မစစ်ဆေးဖြစ်ပါဘူးဗျာ၊ ဒါနဲ့ တရားခံဟာ လက်သည်းရှည်နေပြီဆိုတာ ဘယ်လိုတွက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းလေ၏။ ဆားပုလင်းမင်းအောင်က ...

"နံရံပေါ်မှာ တွေ့ရတဲ့ ကြီးကျယ်မြင့်မြတ်သောလို့ အဓိပ္ပာယ်ရတဲ့ တရုတ်စာလုံးကို သေသူရဲ့သွေးနဲ့တို့ပြီး ရေးခဲ့တာဗျ၊ ဒီစာလုံးကို ကျုပ် အနီးကပ်ပြီး သေသေချာချာကြည့်တော့ လက်သည်းရာလေးတွေ တွေ့ရတယ်၊ ဒါကြောင့် တရားခံဟာ လက်သည်းအတော်ရှည်နေပြီလို့ ပြောတာပဲ၊ နောက်ပြီးတော့ အိမ်ကြီးရဲ့ကြမ်းပြင်ပေါ်မှာ တရားခံသောက်သွားတဲ့ ဆေးလိပ်ပြာကို ကျုပ် သေသေချာချာ ကြည့်တယ်၊ ဆေးလိပ်ပြာကိုကြည့်ရင် ဒီဆေးလိပ်က စီးကရက်လား၊ ဆေးပေါ့လိပ်လား၊ အပေါစားလား၊ အကောင်းစားလား ဆိုတာ ကျုပ် ကောင်းကောင်းသိတယ်ဗျ။ တရားခံသောက်တဲ့ ဆေးလိပ်ဟာ ဘီဒီဆေးလိပ်ပဲ၊ ဘီဒီဟာ အသင့်ထောင်ထားတဲ့ထဲကို ဆေးထည့်ပြီး ကိုယ်တိုင်လိပ်သောက်တဲ့ ဆေးလိပ်ပဲ၊ အဲဒါကို ကိုယ်တိုင်လိပ်သောက်တဲ့လူဟာ ဘယ်လောက်ကျွမ်းကျင်သလဲဆိုရင် လမ်းလျှောက်ပြီးတောင် ဆေးလိပ် လိပ်နိုင်တယ်ဗျ"





ဟု ပြောလေရော စုံထောက်ဦးပေါ်ဦးက ...

"ကိုမင်းအောင်ကတော့ဗျာ၊ စုံထောက်လုပ်ဖို့ ဘုရားသခင်က ပေးသနားလိုက်တဲ့ လူလိုပဲ၊ အရာရာကို ၊လှလာထားတာပဲ၊ ကျုပ်တို့နဲ့တော့ ကွာပါ့ဗျာ"

ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က ဦးပေါ်ဦးကိုကြည့်၍ ...

"ကျုပ်တို့နှစ်ယောက်က စုံထောက်လုပ်ဖို့ ဘုရားသခင်က ပေးသနားတဲ့လူနဲ့ ပေါင်းရမယ့် ပါရမီတော့ ပါတာပဲဗျ၊ ကိုမင်းအောင်နဲ့ မိတ်ဆွေဖြစ်ရတာ ကျုပ်တစ်သက်မှာ အကျေနပ်ဆုံးပဲဗျာ"

ဟု ပြောလေရာ။ ထိုအခါ ဆားပုလင်းမင်းအောင်က ...

"သူနဲ့ပတ်သက်ပြီး အရေးအကြီးဆုံး ပြောစရာတစ်ချက်ကျန်သေးတယ်၊ အိမ်ကြီးထဲကအထွက် ခြံတံခါးနားမှာ ဟောဒီလက်စွပ်လေးကို ကျုပ်ကောက်ရခဲ့တယ်ဗျ"

ဟု ပြောလေ၏။ စုံထောက်ဦးပေါ်ဦးသည် ကိုမင်းအောင်၏လက်ထဲရှိ လက်စွပ်ကလေးကို လှမ်းယူ၍ ...



www.burmeseclassic.com

www.burmeseclassic.com



"လက်ထပ်လက်စွပ်ပဲဗျ၊ တစ်မတ်သားလောက်တော့ ရှိမယ်ထင်တယ်၊ ကိုမင်းအောင်တော့ ပွတာပဲ"

ဟု ပြောလေ၏။ ဆားပုလင်းမင်းအောင်က လက်စွပ်ကလေးကိုကြည့်၍ ...

"ဒီလက်စွပ်လေးဟာ နယ်နယ်ရရ မဟုတ်ဘူးဗျ၊ လူသတ်သမား ကျန်ခဲ့တဲ့ လက်စွပ်လေးဖြစ်မယ်၊ သူဟာ လူသတ်မှုကျူးလွန်ပြီး သန်မာဖျတ်လတ်သူပီပီ ခြံတံခါးကို ခိုဆွဲပြီး လွှားခနဲ ကျော်လိုက်တယ်၊ အဲဒီမှာ လက်စွပ်လေး ထွက်ကျပြီး ကျန်ရစ်ခဲ့တာပဲ၊ လူသတ်သမားဟာ ဒီလက်စွပ်လေးကို အတော်တန်ဖိုးထားတယ်ဗျ၊ ညက လူသတ်မှုကျူးလွန်ပြီး လမ်းတစ်နေရာရောက်မှ လက်စွပ်ကလေးကျကျန်ရစ်တာသိပြီး အိမ်ထဲကို တစ်ခါပြန်ရှာသေးတယ်"

ဟု ပြောလေ၏။ ဆားပုလင်းမင်းအောင်၏စကားကြောင့် ဦးပေါ်ဦးက မျက်မှောင်ကြုတ်၍ ...

"လူသတ်မှု ကျူးလွန်ပြီးမှ အိမ်ကြီးကို ပြန်လာပြီး လက်စွပ်ရှာတယ်၊ ဟုတ်လား၊ သေချာရဲ့လား ကိုမင်းအောင်"





ဟု မေးမြန်းလေ၏။ ဆားပုလင်းမင်းအောင်က ခေါင်းညိတ်၍ ...

"သိပ်သေချာတာပေါ့ဗျာ၊ လူသတ်သမားဟာ လက်စွပ်လေးကို တန်ဖိုးထားလွန်းလို့ ပြန်ရှာရင်း တာမွေဂါတ်က ပုလိပ်မောင်ခင်နဲ့တောင် ထိပ်တိုက်တွေ့လိုက်သေးတယ်ဗျ၊ တရားခံဟာ လက်စွပ်ရှာနေရင်း မောင်ခင်နဲ့တွေ့လို့ အရက်မူးသမားယောင်ဆောင်ပြီး ထွက်သွားတာပဲ၊ ကံကောင်းချင်တော့ တရားခံရှာမတွေ့တဲ့ လက်စွပ်ကို ကျုပ်က ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ခဲ့တယ်၊ ကျုပ်အထင်တော့ လက်ထပ်လက်စွပ် ဖြစ်ရမယ်ဗျ၊ ဒီလူသတ်မှုဟာ မိန်းမတစ်ယောက်ကြောင့် ကလဲ့စားချေ တိုက်ခိုက်တဲ့ အမှုပဲ"

ဟု ပြောတော့ စုံထောက်ဦးပေါ်ဦးကြီးက ...

"မိန်းမဖျက်ရင် ပြည်ပျက်တယ်ဆိုတဲ့ စကားတောင်ရှိတာပဲဗျာ၊ ကျုပ်တို့ယောကျ်ားတွေက အတော်မိုက်မဲတယ်၊ မိန်းမအတွက် ရက်ရက်စက်စက် သတ်ဖြတ်တယ်"

ဟု မှတ်ချက်ချလေ၏။ ဆားပုလင်းမင်းအောင်က ...



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် သတင်းစာထဲမှာ ကြော်ငြာလေးတစ်စောင် ထည့်ချင်လို့ သတင်းစာတိုက်ကို သွားရအောင်ဗျာ"

ဟုဆိုကာ မြန်မာ့အလင်းသတင်းစာတိုက်ရှိရာသို့ ဦးစွာမောင်းနှင်သွားလေ၏။ သတင်းစာထဲတွင် ကြော်ငြာထားသော စာသားများမှာ ...

"လွန်ခဲ့သောရက်က ဖိုးစိန်လမ်းအတွင်း၌ လက်ထပ်လက်စွပ်ကစ်ကွင်း ကောက်ရထားပါသည်။ ဥစ္စာရှင် ပြန်ရလိုသော စေတနာကြောင့် အမှတ်(၇)၊ အာသောကလမ်း၊ ကျောက်မြောင်း နေအိမ်၌ ယနေ့မှစ၍ တစ်ပတ်အတွင်း လာရောက်တောင်းယူနိုင်ပါသည်"

ဟူ၍ ဖြစ်လေ၏။ ထို့နောက် အခြားသော သတင်းစာတိုက်များသို့လည်း အထက်ပါကြော်ငြာကို သွားထည့်လေ၏။

စုံထောက်ဦးပေါ်ဦးက ...

"ဒီကြော်ငြာကိုဖတ်ပြီးရင် တရားခံက လက်စွပ်ကို လာယူပါ့မလား၊ သူ့အတွက် ထောင်ချောက်ဆင်ထားတယ်လို့ မထင်မိဘူးလား"





ဟု မေးမြန်းလေ၏။ ဆားပုလင်းမင်းအောင်က ...

"သူ လာကို လာယူရမယ်လို့ ကျုပ်ယုံကြည်တယ်၊ လူသတ်မှုဖြစ်တဲ့ညကတောင် သူ လာယူသေးတာပဲ၊ ဒီလက်ထပ်လက်စွပ်လေးဟာ တရားခံအတွက် သိပ်အရေးကြီးပုံရတယ်"

ဟု ပြောလေ၏။

ထို့နောက် ဆားပုလင်းမင်းအောင်က ...

"ကျုပ်တို့ သတင်းစာတိုက်မှာ ကြော်ငြာထည့်ပြီးရင် အရေးကြီးတဲ့ သဲလွန်စတစ်ခုနောက်ကို လိုက်ရဦးမယ်"

ဟု ပြောလေ၏။ ကျွန်ုပ်က အံ့သြဟန်ဖြင့် ...

"ဘာသဲလွန်စလဲဗျာ ကိုမင်းအောင်ရဲ့၊ ခင်ဗျားကတော့ သဲလွန်စတွေ တစ်ခုပြီးတစ်ခု ရနေလိုက်တာဗျ၊ ကျုပ်တို့နှစ်ယောက်ကတော့ စုံထောက်ကျော်တွေလုပ်နေပြီး သေသူကိုတောင် သေသေချာချာ မကြည့်ခဲ့မိဘူး"

ဟု ပြောလေ၏။ ထိုအခါ ဆားပုလင်းမင်းအောင်က ဘာရှက်အပိုင်းလေးတစ်ခုကို ကျွန်ုပ်တို့ကိုပေး၍ ဖတ်ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရာ တိုက်အမှတ်(၃၀) မဂိုလမ်း(ရွှေဘုံသာလမ်း) ယူဒီကောင်း ဦးထုပ်အရောင်းဆိုင်ဟူသော စာကြောင်းကို တွေ့ရလေ၏။

ဆားပုလင်းမင်းအောင်က ...

"သေသူရဲ့သက္ကလပ်ဦးထုပ်ကိုကြည့်တော့ အလွန်သစ်လွင်နေတယ်၊ ရက်ပိုင်းအတွင်းက ဝယ်ထားတဲ့သဘောရှိတယ်၊ တကယ်တော့ ဦးထုပ်ကို ကြည့်ရတာ စိတ်တိုင်းကျ အော်ဒါမှာပြီး ချုပ်ထားပုံရတယ်၊ ဒါကြောင့် ယူနီကောင်းဦးထုပ်ဆိုင်ကို သွားပြီး စုံစမ်းချင်သေးတယ်"

ဟု ပြောလေရာ အိမ်ပြန်ချင်နေသော ဦးပေါ်ဦးကြီးသည် ဝါးခနဲ သမ်းဝေလိုက်လေ၏။ ဆားပုလင်းမင်းအောင်က ...

"အမှုတစ်ခုကို လိုက်တော့မယ်ဆိုရင် မပျင်းရိရဘူး၊ သူနဲ့ ပတ်သက်တဲ့ သဲလွန်စမှန်ရင် ဘယ်အရပ်မျိုးကိုမဆို လိုက်ပြီးစုံစမ်းသင့်တယ်"

ဟု ပြောလေ၏။ ကျွန်ုပ်က ဦးပေါ်ဦးကို ကြည့်၍...

"လူကြီး အိပ်ချင်တဲ့စိတ်ကို ထိန်းပါဗျ၊ မပျင်းစမ်းပါနဲ့"





ဟု ပြောလေရာ ဦးပေါ်ဦးက အောင့်သက်သက်ဖြင့်...

"ဟုတ်ကဲ့ပါဆရာ၊ ကျွန်တော်မျိုးကြီး မပျင်းတော့ပါဘူး"

ဟု ပြန်လည်နောက်ပြောင်လေ၏။

ထို့နောက်တွင်မှ ကျွန်ုပ်တို့သည် မဂိုလမ်းသို့သွား၍ ဦးထုပ်ဆိုင်ကို ရှာကြ၏။ ဦးထုပ်ဆိုင်ကိုတွေ့လျှင် သေသူ၏ ဦးထုပ်ကို အော်ဒါချုပ်ရန် မှတ်မိခြင်းရှိမရှိ မေးမြန်းလေ၏။

ထိုအခါ ဆိုင်ရှိ စာရေးမလေးက ...

"ဒီဦးထုပ်အကြောင်းကို ကျွန်မ သိပါတယ်၊ ဦးထုပ်ကို စမ်းချောင်း၊ ရှမ်းလမ်းထဲ နှစ်ထပ်တိုက်အိမ်ကို ပို့ပေးရပါတယ်"

ဟုပြောကာ ၎င်းတို့ဦးထုပ်ဆိုင်မှ ပို့ပေးသော စမ်းချောင်း ရှမ်းလမ်းရှိ လိပ်စာကို ပေးလေ၏။

ယူနီကောင်း ဦးထုပ်ဆိုင်မှ ပြန်ထွက်လာသောအခါ ဆားပုလင်းမင်းအောင်က ...

"တရားခံနဲ့ပတ်သက်ပြီး ပထမဆုံးရတဲ့ သဲလွန်စပဲဗျ၊ သက္ကလပ်ဦးထုပ်ကပေးတဲ့ သဲလွန်စပေါ့ဗျာ"

ဟု ပြောလေရာ ကျွန်ုပ်က ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်းအောင်တို့များ သဲလွန်စတွေ နေရာတိုင်းက ရနေတာပဲ၊ စုံထောက်ကိုစိန်မြင့်တို့အတွက် သဲလွန်စလေး ဘာလေး ချန်ထားပါဦးဗျာ။ သူတို့ခမျာ သေသူရဲ့အလောင်းကြီးနံဘေးမှာ တစ်ချိန်လုံး ကြိုးစားပမ်းစား ထောက်လှမ်းပြီး ဘာသဲလွန်စမှ မရရှာဘူး"

ဟု ပြောလေ၏။ စုံထောက်ဦးပေါ်ဦးက ...

"ဒီလိုလူမျိုးတွေ သဲလွန်စတစ်ခု ရလို့ကတော့ သတင်းထောက်တွေကို သတင်းလျှောက်ဖြန့်ပြီး ကိုယ့်ကိုယ်ကိုယ် ဖော် မသူတော်လုပ်မဲ့လူတွေဗျ"

ဟု ပြောလေ၏။

ထို့နောက် ဆားပုလင်းမင်းအောင် မောင်းသောကားသည် စမ်းချောင်း ရှမ်းလမ်းထဲသို့ ရောက်ရှိပြီး လိပ်စာအရ စုံစမ်းလေရာ ထိုအိမ်၌ နေထိုင်သူများမှာ တရုတ်မကြီး ဒေါ်ဂွရီနှင့် သားသမီးများဖြစ်ကြောင်း သိရ၏။ ဒေါ်ဂွရီ၏သမီးဖြစ်သူ မကျင်စမ်းသည် အလုပ်အကိုင်မရှိဘဲ မိဘနှင့်ပင် အတူနေကြောင်း သိရ၏။ ကျွန်ုပ်တို့စုံထောက်ကျော်များသည် တရုတ်မကြီး ဒေါ်ဂွရီ၏ နေအိမ်သို့ ဝင်ရောက်စစ်ဆေးလေ၏။





ကျွန်ုပ်တို့လူစု နေအိမ်ဧည့်ခန်းသို့ ရောက်သောအခါ ဗိုးစိန်လမ်း လူသတ်မှုအကြောင်းကို ရေးသားထားသော သတင်းစာ သုံးလေးစောင်ခန့် တွေ့ရ၏။ ဆားပုလင်းမင်းအောင်က ဒေါ်ဂွရီကိုကြည့်၍ ...

"ဗိုးစိန်လမ်း လူသတ်မှုမှာ သေဆုံးသွားတဲ့ မစ္စတာကျင်ယုံနဲ့ပတ်သက်ပြီး လာခဲ့တာပါ၊ အဒေါ်တို့မိသားစု မစ္စတာကျင်ယုံ အသတ်ခံရတာ သိပြီးပြီလို့ ထင်ပါတယ်"

ဟု ပြောလိုက်ရာ ဒေါ်ဂွရီက ခေါင်းညိတ်၍ ...

"ဟုတ်ပါတယ်၊ သိပြီးပါပြီ၊ စုံထောက်အရာရှိတွေက ဘာသိချင်လို့လဲ"

ဟု မေးမြန်းလေ၏။ ဆားပုလင်းမင်းအောင်က ...

"မစ္စတာကျင်ယုံတို့နဲ့ အဒေါ်တို့မိသားစု ဆက်စပ်ပုံကို သိချင်လို့ပါ"

ဟု မေးမြန်းလေ၏။ ဒေါ်ဂွရီသည် ဆားပုလင်းမင်းအောင်၏ အမေးကို ဖြေကြားရန် တုံ့ဆုတ်ဆုတ် ရှိနေ၏။ ဆားပုလင်းမင်းအောင်က ...



www.burmeseclassic.com

www.burmeseclassic.com



“အမှန်တရားကိုသာပြောပြပါ၊ အပြစ်မရှိတဲ့သူတွေ၊ အပြစ်မကျစေရပါဘူး၊ ကျွန်တော် တာဝန်ယူပါတယ် အဒေါ်၊ ကျွန်တော်က အင်းစိန်စီအိုင်ဒီက ဆားပုလင်းမင်းအောင်ပါ”

ဟု ပြောလေ၏။ ကိုမင်းအောင်၏ စကားကြောင့် တရုတ်မကြီး ဒေါ်ဂုရီ၏မျက်နှာ ဝင်းလက်သွားပြီး ...

“ဟင်း ... မောင်ရင်က နာမည်ကျော် ဆားပုလင်းမင်းအောင်လား၊ ဒါဆိုရင်တော့ အဒေါ်တို့ကို မိုးနတ်မင်းက မ,စတာပဲ၊ ဒီအမှုကို ဆားပုလင်းမင်းအောင်သာလိုက်ရင် အမှုမှန်ပေါ်မှာ သေချာတယ်၊ တကယ်တော့ အဒေါ်ဟာ ယောကျ်ားဆုံးပြီးကတည်းက မုဆိုးမဘဝနဲ့ ရုန်းကန်ခဲ့ရတယ်၊ နောက်တော့ စားဝတ်နေရေး မပြေလည်တာနဲ့ သားကြီးကျင်ဝက်က ကမ်းနားလမ်းကပွဲရုံမှာ စာရေးဝင်လုပ်တယ်၊ ဒါပေမဲ့ ဒီခေတ်ကြီးက မောင်ရင်တို့ သိတဲ့အတိုင်း လူတစ်ယောက်စာနဲ့ ဝဝလင်လင်စားဖို့ မဖြစ်နိုင်တာနဲ့ အဒေါ်ရဲ့အိမ်မှာ လူငှားထားဖို့ စီစဉ်ရတာပဲ၊ မစ္စတာကျင်ယုံနဲ့ မစ္စတာကုလုံဟာ အဒေါ်အိမ်ရဲ့ အိမ်ငှားတွေပါ၊ သူတို့နှစ်ယောက်





က အိမ်မှာပဲ ထမင်းလခပေးစားပါတယ်။ သူတို့နှစ်ယောက်ထဲက ကျင်းယုံဟာ အဒေါ်သမီးလေးမကျင်စမ်းကို မျက်စိကျနေတယ်၊ ဒါကြောင့် သမီးကို အမြဲတမ်း ပိုးပန်းနေခဲ့တယ်၊ အဒေါ်တို့ဟာ တရုတ်လူမျိုးအချင်းချင်းဖြစ်လို့ သမီးကသာ မေတ္တာမျှရင် သူတို့နဲ့ သဘောတူဖို့ ဝန်မလေးပါဘူး၊ ဒါပေမဲ့ အဒေါ်သမီးလေးဟာ ကျင်ယုံကို မေတ္တာလုံးဝမရှိဘူး၊ ကျင်ယုံရဲ့မေတ္တာကို ခါးခါးသီးသီး ငြင်းဆန်နေတယ်၊ ဒါကြောင့် အဒေါ်တို့အနေနဲ့ လုံးဝမတတ်နိုင်ဘူး၊ ကျင်ယုံဟာ သမီးကမေတ္တာမရှိတော့ အဒေါ်တို့လူကြီးတွေကိုကပ်ပြီး သမီးနဲ့လက်ထပ်ပေးဖို့ စည်းရုံးခဲ့တယ်၊ သူတို့ဟာ ပိုက်ဆံချမ်းသာသူတွေဖြစ်တော့ ပိုက်ဆံနဲ့ပေါက်ပြီး သမီးကို လိုချင်တယ်၊ ဒါပေမဲ့ အဒေါ်တို့က သမီးဆန္ဒသာ အဓိကဖြစ်တဲ့အတွက် သူ့ကို ငြင်းပယ်ခဲ့တယ်၊ အဲဒီမှာ သူတို့ရဲ့ မကောင်းတဲ့ဓာတိ ပြလာတာပဲ။ သမီးလေးကို မရရင် ဘယ်လိုဒုက္ခပေးမယ်ဆိုပြီး မသိမသာ ငြိမ်းခြောက်တယ်၊ လွန်ခဲ့တဲ့ရက်က အဒေါ်တို့မရှိတုန်း သမီးလေးကို



www.burmeseclassic.com

www.burmeseclassic.com



အတင်းအဓမ္မပြုကျင့်ဖို့ ကြိုးစားတယ်။ သမီးဟာ ကံကောင်းလို့ ထဘီရင်လျှားနဲ့ တိုက်ပေါ်က ဆင်းပြေးနိုင်ခဲ့တယ်၊ အဒေါ်ဟာ ဒီအကြောင်းကို သိတာနဲ့ သူတို့နှစ်ယောက်ကို အိမ်ပေါ်က ချက်ချင်းမောင်းချခဲ့တယ်၊ အဒေါ်မှာ သား ယောကျ်ားလေးရှိတယ်၊ တစ်နေ့ဇနေ့မှာ နှမကိစ္စအတွက် ရန်ပွဲဖြစ်မှာ စိုးရိမ်တယ်"

ဟု ပြောရင်း ဒေါ်ဂွရိသည် ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့သောက်လေ၏။ ကျွန်ုပ်တို့ စုံထောက်ကျော်များသည် တရုတ်မကြီး၏ စကားများကို စိတ်ဝင်တစား နားထောင်ရင်း တရုတ်မလေး မကျင်စမ်းကို မသိမသာ ကြည့်ရှုလေရာ ချစ်စရာကောင်းသော လုံးကြီးပေါက်လှ မိန်းကလေးဖြစ်ကြောင်း သတိပြုမိ၏။ ဆားပုလင်းမင်းအောင်က ဒေါ်ဂွရိကိုကြည့်၍ ...

"အဒေါ်တို့အိမ်က မောင်းချတော့ သူတို့နှစ်ယောက် အလွယ်တကူ ဆင်းရဲ့လား"

"ရပ်ကွက်ကို အသိပေးပြီး မောင်းချမယ်ဆိုတော့မှ သူတို့နှစ်ယောက် အထုပ်အပိုးတွေသိမ်းပြီး အိမ်ပေါ်က ဆင်းသွား





ခဲ့တာပဲ၊ ဒါပေမဲ့ အိမ်ပေါ်ကဆင်းသွားပြီး ညရောက်တော့ အိမ်ကို ကျင်ယုံတစ်ယောက်တည်း ပြန်ရောက်လာတယ်၊ ပြီးတော့ မကျင်စမ်းကို တွေ့ချင်တယ်ပြောပြီး နောက်ဆုံးအနေနဲ့ သူ့စကားကို နားထောင်ပါ။ သူ့ကိုလက်ထပ်ရင် ရွှေတွေအများကြီး ဆင်ပေးမယ်လို့ ပြောတယ်၊ သမီးကို ဆွဲလား ရမ်းလားလည်း လုပ်ဖို့ကြိုးစားတယ်၊ ဒီအချိန်မှာ အဒေါ်သား ကျင်ဝက်က အိမ်မှာရှိနေတယ်၊ ကျင်ဝက်ဟာ နှမထိ ဓားကြည့် ဆိုတဲ့ လူစားမျိုးဖြစ်တော့ ကျင်ယုံကို ထိုးမယ် ကြိတ်မယ် တကဲကဲလုပ်လို့ အဒေါ်တို့က မနည်းဆွဲထားရတယ်၊ ဒါပေမဲ့ အဒေါ်သား ကျင်ဝက်က မခံချိမခံသာ ဖြစ်လွန်းလို့ ကျင်ယုံကို အိမ်ပေါ်ကနေ ထိုးကြိတ်ကန်ကျောက်ချခဲ့တယ်၊ ကျင်ယုံ အိမ်ပေါ်က ဆင်းသွားတော့လည်း နှမကိုစော်ကားတဲ့အတွက် ဒေါသဖြစ်လွန်းလို့ တုတ်တစ်ချောင်းနဲ့ ရိုက်မယ်ဆိုပြီး အနောက်က လိုက်သွားတယ်၊ ဒါပေမဲ့ ကျင်ယုံ အပြေးမြန်လို့ လွတ်သွားခဲ့တယ်၊ ကျင်ယုံဟာ ရထားလုံးတစ်စီးကိုငှားပြီး ထွက်သွားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ ဆားပုလင်းမင်းအောင်က မျက်မှောင်ကြုတ်၍ ...

"အဲဒီရထားလုံးကို အဒေါ်တို့မိသားစုထဲက မှတ်မိတဲ့သူ ရှိမလား"

ဟု မေးမြန်းလေ၏။ ထိုအခါ တရုတ်မကြီးက ခေါင်းခါယမ်း၍ ...

"လမ်းပေါ်မှာ တစ်နေ့ တစ်နေ့ သွားလာနေတဲ့ ရထားလုံး တွေ အများကြီးပဲ၊ အဒေါ်တို့ ဘယ်သိနိုင်ပါ့မလဲ၊ နောက် တော့မှ သတင်းစာတွေထဲမှာ ကျင်ယုံ အသက်ခံရတဲ့သတင်း ကို ကြားတော့ မယုံနိုင်အောင် အံ့သြမိတယ်၊ သူ ဘယ်လိုလူတွေကို ဒုက္ခပေးခဲ့သလဲ မသိဘူး၊ နောက် တော့ လူမနေတဲ့ တိုက်ပျက်ကြီးမှာ သေရရှာပြီ၊ ကျ ဆိုတဲ့ နောက်ဇစ်ယောက်လည်း ဘယ်ရောက်နေလဲ ဘူး၊ သူ့သတင်းကြားရင် မောင်ရင်တို့ကို အဒေါ် ဆက်သွယ်ပြီး သတင်းပေးမှာပါ"





ဟု ပြောလေ၏။ ထို့နောက်တွင်မူ ကျွန်ုပ်တို့ စုံထောက်များသည် ဒေါ်ဂူရှိ၏ နေအိမ်မှ ပြန်ခဲ့လေတော့၏။

ထိုနေ့က ညနေစောင်းနေသဖြင့် ကျွန်ုပ်တို့စုံထောက် များ လူစုခွဲ၍ အိမ်ပြန်ခဲ့လေ၏။

♦ * ♦



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့သို့ရောက်လျှင် ဆားပုလင်းမင်းအောင်သည် သူ၏အိမ်၌ပင် ရှိနေလေ၏။ ကျွန်ုပ်နှင့် ဦးပေါ်ဦးသည် ဆားပုလင်းမင်းအောင်၏ နေအိမ်သို့ သွားခဲ့လေ၏။ အိမ်သို့ရောက်သောအခါ ဆားပုလင်းမင်းအောင်၏အရှေ့၌ သတင်းစာများ စုပုံနေကြောင်း တွေ့ရ၏။

သတင်းစာထဲရှိ နေရာတစ်ခုကို မင်နီဖြင့် ဝိုင်းထားကြောင်း တွေ့ရ၏။ မင်နီဝိုင်းထားသော အကွက်၌ လွန်ခဲ့သော ရက်က ကျွန်ုပ်တို့ ကြော်ငြာခဲ့သော ကြော်ငြာကို တွေ့ရလေ၏။ ဦးပေါ်ဦးကြီးက ...

"တရားခံ တကယ်လာမယ်ထင်သလား ကိုမင်းအောင်"

ဟု မေးမြန်းလေ၏။ ဆားပုလင်းမင်းအောင်က ...





"ဒီလူ လာမှာသေချာတယ်၊ သူဟာ လူသတ်မှုတွေ ကျူးလွန်ပြီးတော့ ပုလိပ်တွေ ဘာတွေစုံစမ်းသလဲဆိုတဲ့အကြောင်း သိချင်တော့ သတင်းစာတွေကို ဝယ်ဖတ်လိမ့်မယ်၊ ဒီအခါမှာ လူသတ်မှုသတင်းအောက်မှာပါတဲ့ လက်စွပ်ကလေး ကောက်ရထားတယ်ဆိုတဲ့ ကြော်ငြာကို တွေ့မှာပဲ၊ ကြော်ငြာကိုဖတ်မိပြီး သူ လာယူမှာ သေချာတယ်၊ ကျွန်တော့်အထင်တော့ ဒီနေ့ မနက်ဖြန် ကျိန်းသေလာယူလိမ့်မယ်၊ သူလာရင် အခြေအနေကြည့်ပြီး ဖမ်းသင့်ရင် ဖမ်းရမှာပဲ"

ဟု ပြောလေ၏။ ဆားပုလင်းမင်းအောင်၏စကားကြောင့် ကျွန်ုပ်က ...

"ဒါဆိုရင်တော့ ကျုပ်တို့ ဘယ်မှမသွားပဲ ကိုမင်းအောင် အိမ်မှာနေပြီး လက်စွပ်လာယူမယ့် တရားခံကို စောင့်မယ်ဗျာ"

ဟု ပြောလေ၏။ ဆားပုလင်းမင်းအောင်က မျက်မှောင်ကြုတ်၍ စဉ်းစားရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်အထင်တော့ သူကိုယ်တိုင် မလာခဲ့ရင်တောင် သူနဲ့ ပတ်သက်တဲ့လူ တစ်ယောက်ယောက်ကို လာယူခိုင်းမှာပဲ၊ ဘယ်သူပဲလာယူယူ၊ နောက်ဆုံးမှာ သူ့လက်ကိုပဲ လက်စွပ်ကို အပ်မှာပဲ၊ လာယူတဲ့လူနောက်ကို နောက်ယောင်ခံပြီး လိုက်ရမယ်၊ အိုင်ပီတို့မှာ လက်နက်တွေပါရဲ့လား"

ဟု မေးမြန်းလေ၏။ ဦးပေါဦးက ...

"ဘာလက်နက်မှ မပါဘူးဗျ"

ဟု ပြောလေ၏။ ကျွန်ုပ်ကမူ ကုတ်အင်္ကျီအောက်၌ ရှိသော ကို့အမျိုးအစား ခြောက်လုံးပြူးကို လက်ဖြင့်ပုတ်ပြ လိုက်လေ၏။

ထိုနေ့က ကျွန်ုပ်တို့သည် ဆားပုလင်းမင်းအောင်၏ နေအိမ်၌ တစ်နေကုန်ထိုင်၍ စောင့်လေ၏။ ညနေစောင်းသည် အထိ လက်စွပ်ကလေးကို မည်သူမှ လာမယူသဖြင့် သုံးယောက် သား အင်းစိန်စီအိုင်ဒီသို့ သွားကြလေ၏။ ဆားပုလင်းမင်းအောင် သည် အင်းစိန်စီအိုင်ဒီရှိ ကြေးနန်းဌာနမှ တရုတ်ပြည်၊ ယူနန် ပြည်နယ် ပုလိပ်အဖွဲ့သို့ ဆက်သွယ်၍ လူသတ်မှုဖြစ်ပွားခြင်း





အကြောင်းကို ဖော်ပြပြီး အထောက်အပံ့ဖြစ်စေသော သတင်းမျိုး ရလျှင် ပြန်ပို့ပေးရန် တောင်းဆိုလေ၏။

နောက်တစ်နေ့သို့ ရောက်သောအခါ၌လည်း ကျွန်ုပ် တို့စုံထောက်များသည် ဆားပုလင်းမင်းအောင်၏ နေအိမ်၌ပင် နေထိုင်ပြီး လက်ထပ်လက်စွပ် လာရောက်ယူဆောင်မည့်သူကို စောင့်ရလေ၏။

ဆားပုလင်းမင်းအောင်သည် ကျွန်ုပ်တို့အား သူ၏ အိပ်ခန်းရှိ မော်လမြိုင်ထမင်းဆိုင်မှ ထမင်းဟင်းများ မှာယူကျွေး မွေးလေ၏။ ကျွန်ုပ်တို့လူစု နေ့လယ်စာစားပြီးချိန်အထိ လက်ထပ် လက်စွပ်ကို လာယူမည့်သူ မရှိချေ။

ဆားပုလင်းမင်းအောင်က ကျည်အပြည့်ထိုးထား သော သေနတ်ကို အံဆွဲထဲသို့ထည့်၍ အသင့်ဆောင်ထားလေ၏။ ထိုအခါ ကျွန်ုပ်ကလည်း သေနတ်ကို ကုတ်အင်္ကျီထဲသို့ထည့်၍ ဆောင်ကြိုနေလေ၏။

ညနေစောင်းသောအခါ ကိုမင်းအောင်၏ အိမ်ရှေ့သို့ ရထားလုံးတစ်လုံး ထိုးရပ်လာပြီး ရထားပေါ်မှ မုတ်ဆိတ်မွေးဖြူဖြူ



www.burmeseclassic.com

www.burmeseclassic.com



ရှည်ရှည်ကြီးရှိသော တရုတ်ကြီးတစ်ယောက်သည် တုန်ချိချိအမူအရာဖြင့် ဆင်းလာလေ၏။

ဆားပုလင်းမင်းအောင်က တရုတ်ကြီးကို ကြည့်၍...

"တရားခံကိုယ်တိုင်လား၊ ရုပ်ဖျက်ထားတာလား မသိဘူးဗျ၊ ကိုယ့်လူတို့ အသင့်ပြင်ထား"

ဟု ပြောလေရာ ကျွန်ုပ်သည် ကုတ်အင်္ကျီအတွင်းသို့ လက်နှိုက်၍ တရားခံရှိရာသို့ ချိန်ထားလေ၏။

မုတ်ဆိတ်ဖြူ တရုတ်ကြီး အနီးသို့ ရောက်သောအခါ ဦးပေါ်ဦးကြီးက တံခါးကို ဖွင့်ပေးလေ၏။

မုတ်ဆိတ်ဖြူကြီးသည် တုန်ယင်သောလက်ဖြင့် သတင်းစာဖြတ်ပိုင်းလေးကို ကမ်းပေးကာ ...

"သတင်းစာကြော်ငြာကြောင့် လာခဲ့တာပါ၊ မိတ်ဆွေတို့ ကောက်ရထားတဲ့ လက်ထပ်လက်စွပ်ဆိုတာ ကျုပ်ရဲ့မြေးကလေး မဖိတ်ကင်းရဲ့ လက်စွပ်ကလေးပါ။ မဖိတ်ကင်းရဲ့ယောက်ျားက မန္တလေးမှာ အလုပ်လုပ်ပါတယ်၊ ယောက်ျား





ပြန်လာလို့ လက်စွပ်မရှိရင် ဖိတ်ကင်းကို ရိုက်ပုတ်မှာစိုးလို့ ကျုပ်ကိုယ်တိုင် လာယူပေးတာပါ"

ဟု ပြောလေရာ ဆားပုလင်းမင်းအောင်က လက်စွပ်ကို ထုတ်ပြပြီး ...

"ထောင်ကဲကြီး လာယူတာ ဒီလက်စွပ်လား"

ဟု မေးမြန်းလေ၏။ မုတ်ဆိတ်ဖြူကြီးသည် လက်စွပ်လေးကို သေချာစွာကြည့်၍ ...

"အဟုတ်ပါပဲကွယ်၊ ကျုပ်မြေးလေး ဖိတ်ကင်းရဲ့ လက်စွပ်အစစ်ပါ"

ဟု ဖြေလေ၏။ ထိုအခါ ဆားပုလင်းမင်းအောင်က...

"ထောင်ကဲကြီးက ဘယ်မှာနေပါသလဲ"

ဟု မေးမြန်းလေ၏။ မုတ်ဆိတ်ဖြူကြီးက ...

"တရုတ်တန်းမှာ ပဲပေါက်စိ ရောင်းပါတယ်"

ဟု ပြောလေ၏။ စုံထောက်ဦးပေါ်ဦးကြီးကဝင်၍...

"တရုတ်တန်းက လက်စွပ်က ဘာဖြစ်လို့ တာမွေကိုရောက်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းလေ၏။ မုတ်ဆိတ်ဖြူကြီးက ...

"ကျုပ်မြေးလေး ဖိတ်ကင်းက တာမွေမှာ နေပါတယ်၊ ဒါကြောင့် ဖိုးစိန်လမ်းမှာ ကျွတ်ကျသွားတာ ဖြစ်နိုင်ပါတယ်"

ဟု ဖြေလေ၏။ ကျွန်ုပ်တို့သည် မုတ်ဆိတ်ဖြူကြီး၏ ရုပ်ရည်ကို သေချာစွာကြည့်ရှုလေရာ အဘိုးအိုတစ်ဦးနှင့် အမှန်ပင်တူသဖြင့် တရားခံကိုယ်တိုင် ရုပ်ဖျက်၍ လာရောက်ခြင်း မဖြစ်နိုင်ဟု ယူဆမိ၏။

ထိုအခါ ဆားပုလင်းမင်းအောင်က ...

"ကောင်းပါပြီ ထောင်ကဲကြီး၊ ပြန်နိုင်ပါပြီ၊ ဥစ္စာရှင်အစစ် အမှန်ကို လက်စွပ်ပြန်ပေးခွင့်ရလို့ ကျုပ်တို့လည်း ဝမ်းသာပါတယ်"

ဟု ပြောလေ၏။ မုတ်ဆိတ်ဖြူကြီးသည် လက်စွပ်ကလေးကို ကတ္တီပါအိတ်ထဲသို့ထည့်ရင်း ဆားပုလင်းမင်းအောင်ကို ကျေးဇူးတင်ကြောင်း ပြောဆိုကာ အိမ်ထဲမှ ပြန်ထွက်သွားလေ၏။





ထိုအခါ ဆားပုလင်းမင်းအောင်က ကျွန်ုပ်တို့ဘက်သို့လှည့်၍ ...

"အိုင်ပီတို့ အိမ်မှာစောင့်နေဦးဗျာ၊ ကျုပ်တော့ မုတ်ဆိတ်ဖြူကြီးနောက်ကို လိုက်ရဦးမယ်၊ မုတ်ဆိတ်ဖြူကြီးကို ခြေရာခံလိုက်ရင် တရားခံကို တွေ့မှာပဲ၊ မုတ်ဆိတ်ဖြူကြီးဟာ တရားခံကို လက်စွပ်ပေးမှာ သေချာတယ်"

ဟုပြောကာ အိမ်ထဲမှ ထွက်ခွာသွားလေ၏။

ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးသည် သတင်းစာကိုယ်စီဖတ်၍ ဆားပုလင်းမင်းအောင်ကို စောင့်ကြိုနေလေ၏။ အတန်ကြာသောအခါ ဆားပုလင်းမင်းအောင် ပြန်ရောက်လာလေ၏။

ဆားပုလင်းမင်းအောင်၏ အမူအရာကိုကြည့်၍ ကျွန်ုပ်က ...

"ဘယ်လိုလဲ ကိုမင်းအောင်၊ တရားခံကို ခြေရာမကောက်နိုင်ဘူးလား"

ဟု မေးမြန်းလေ၏။ ထိုအခါ ကိုမင်းအောင်က ထိုင်ခုံတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီအကြောင်းကို စုံထောက်ကိုစိန်မြင့်တို့လူစု သိရင်တော့ ကျုပ်ကို သရော်လှောင်ပြောင်လို့ ဆုံးမှာမဟုတ်ဘူး၊ မှတ်ဆိတ်ဖြူကြီးက ကျုပ်ကို ပညာပြသွားတာဗျ၊ မှတ်ဆိတ်ဖြူကြီးဟာ တုန်ချီ တုန်ချီနဲ့ လျှောက်သွားပြီး ရထားလုံးတစ်စီးကို ငှားစီးသွားတယ်၊ ကျုပ်လည်း အသင့်တွေ့တဲ့ ရထားလုံးတစ်စီးကိုငှားပြီး သူတို့နောက်က မျက်ခြည်မပြတ်လိုက်တယ်၊ ကန်တော်ကြီးစောင်းကို ရောက်တော့ ရထားလုံးကုလားက ရပ်ပြီးတော့ ထောင်ကဲကြီး ဆင်းချင်တဲ့နေရာ ရောက်ပြီလို့ ပြောတယ်၊ ဒါပေမဲ့ အတန်ကြာအောင် အထဲက အသံမကြားတဲ့အတွက် ရထားလုံးတံခါးကို ဖွင့်ကြည့်တော့ အထဲမှာ လူတစ်ယောက်မှ မရှိတော့ဘူး၊ ဒီတော့မှ ကျုပ်ကို မှတ်ဆိတ်ဖြူကြီးက ကောင်းကောင်းကြီး ပညာပေးသွားတယ်ဆိုတာ ရိပ်စားမိသွားတယ်"

ဟု ပြောလေရာ ကျွန်ုပ်နှင့် ဦးပေါ်ဦးသည် ဆားပုလင်းမင်းအောင်လိုလူကို ပညာပေးသွားသော မှတ်ဆိတ်ဖြူကြီးကို အလွန်အံ့သြမိလေ၏။





ထိုအခါ စုံထောက်ဦးပေါ်ဦးက ...

"ဒီမှတ်ဆိတ်ဖြူ အဘိုးကြီးက လျှင်မြန်ဖျတ်လတ်လှချည်လားဗျ"

ဟု တအံ့တသြ ပြောဆိုလေရာ ဆားပုလင်းမင်းအောင်က ...

"မှတ်ဆိတ်ဖြူအဘိုးကြီး မဟုတ်ဘူးဗျ၊ ရုပ်ဖျက်အင်မကန်ကောင်းလွန်းလို့ ကျုပ်တို့မျက်စိလည်သွားတာ၊ ဒီလူဟာ နယ်နယ်ရရ မဟုတ်ဘူး၊ ကျုပ်တို့ ဖမ်းဆီးပေးခဲ့တဲ့ လူဆိုးကြီးတွေနဲ့ ခြေရာချင်းယှဉ်လို့ရတယ်"

ဟု ပြောလေရာ ကျွန်ုပ်က ...

"ဒါဆိုရင်တော့ တရားခံကို ဖမ်းဖို့မလွယ်သေးဘူးနဲ့တူတယ်"

ဟု စိတ်ပျက်သော အမူအရာဖြင့် ပြောဆိုလေ၏။ ဆားပုလင်းမင်းအောင်က ခေါင်းခါယမ်း၍ ...

"တရားခံရဲ့သဲလွန်စတွေကို ကျုပ် ရထားပြီးပါပြီ၊ ဒီလူကို သေသေချာချာ ဖမ်းမိဖို့ အချက်ကလေးနည်းနည်းပဲ လိုတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ဦးပေါ်ဦးက ...

"တရားခံကို မြန်မြန်ဖမ်းမှ ဖြစ်မယ်ဗျို့၊ မင်းကြီးက စီအိုင်ဒီမှာ ဆူဖို့စောင့်နေပြီ"

ဟု ပြောလေ၏။

◆ ❋ ◆





ဖိုးစိန်လမ်း လူသတ်မှုနှင့် ပတ်သက်၍ သတင်းစာအစောင်စောင်မှ ၎င်းတို့၏ ထင်မြင်ချက်များကို ရေးသားကြလေ၏။ သူကြီးဂေးဇက်သတင်းစာကြီးက ...

"ဖိုးစိန်လမ်း လူသတ်မှုကြီးသည် မြန်မာနိုင်ငံပုလိပ်အဖွဲ့၏ ရာဇဝင်၌ တစ်ကြိမ်တစ်ခါမျှ မကြုံတွေ့ဖူးသော မှုခင်းကြီးဖြစ်ကြောင်း၊ တရားခံသည် သေသူ၏သွေးနှင့် နံရံ၌ တရုတ်စာလုံးများ ရေးသားခဲ့ခြင်းသည် အလွန်ထူးခြားကြောင်း၊ ထိုတရုတ်စာလုံး၏ အဓိပ္ပာယ်ကို တရုတ်ဘာသာ ကျွမ်းကျင်သူများက ကြီးကျယ်မြင့်မြတ်သောဟု အဓိပ္ပာယ်ဖွင့်ဆိုကြောင်း၊ ထို့ပြင် မြန်မာပြည်သား မဟုတ်သော တရုတ်လူမျိုးများ မြန်မာနိုင်ငံ၌ လာရောက်၍ လူသတ်မှု



www.burmeseclassic.com

www.burmeseclassic.com



များ ကျူးလွန်ခြင်းသည် ဗြိတိသျှအစိုးရအင်ပါရာကို ခြိမ်းခြောက်သကဲ့သို့ ရှိနေကြောင်း"

ဖတ်ချင်စဖွယ်ကောင်းအောင် ဖွယ်ဖွယ်ရာရာ ရေးသားထားလေ၏။ မြန်မာ့အလင်း သတင်းစာကြီးကလည်း ...

"နိုင်ငံကျော် ဆားပုလင်းမင်းအောင်နှင့် အင်းစိန်စီအိုင်ဒီမှ စုံထောက်များ ပူးပေါင်းပြီး တရားခံကို ဖမ်းဆီးရန်ကြိုးပမ်းနေသဖြင့် ရာဇဝတ်ဘေး ပြေးမလွတ်ဆိုသလို စကားရှိသည့်အတိုင်း မကြာမီ တရားခံကို ဖမ်းဆီးနိုင်မည်ဟု ယုံကြည်ကြောင်း"

ရေးသားထား၏။

သံတော်ဆင့် သတင်းစာကြီးကလည်း ...

"ဤအမှု၌ ရက်ရက်စက်စက် သတ်ဖြတ်ခြင်း ခံရသူက တရုတ်ပြည်၊ ယူနန်ပြည်နယ်သား မစ္စတာကျင်ယုံနှင့် မိတ်ဆွေ မစ္စတာကုလုံတို့သည် ရန်ကုန်မြို့သို့ အလည်အပတ်လာရောက်ရင်း မုဆိုးမကြီး ဒေါ်ဂူရီ၏ နေအိမ်၌လည်း တည်းခိုနေထိုင်ကြကြောင်း၊ ထိုသို့တည်းခိုနေထိုင်ရင်း





ဒေါ်ဂူရီ၏သမီးချောလေး မကျင်စမ်းကို တရုတ်အမျိုးသားနှစ်ယောက် အပြိုင်အဆိုင် ပိုးပန်းကြကြောင်း၊ ထိုသို့ပိုးပန်းရင်း မကျင်စမ်းကို အပြိုင်အဆိုင် ပိုးပန်းရာမှ တရုတ်အမျိုးသားနှစ်ယောက် အချင်းများဖွယ်ရှိကြောင်း၊ နောက်ဆုံး၌ တရုတ်အမျိုးသားကျင်ယုံသည် ဖိုးစိန်လမ်းရှိ အိမ်ပျက်ကြီးထဲ၌ အသက်ဆုံးရှုံးရကြောင်း၊ ကျင်ယုံ၏မိတ်ဆွေ ကုလုံတစ်ယောက်မှာ ယနေ့အချိန်ထိ ဘယ်ရောက်လို့ ဘယ်ပေါက်နေမှန်း မသိကြောင်း၊ ထို့ကြောင့် ဤမှုခင်းကြီးသည် တရုတ်အမျိုးသားအချင်းချင်း မိန်းမလှလေးကို အပြိုင်အဆိုင် ပိုးပန်းရာမှ လူသတ်မှုဖြစ်ခြင်းလော ..."

စသည်ဖြင့် အယ်ဒီတာ၏ ထင်မြင်ချက်များကိုပါ ရေးသားထားလေ၏။ ကိုမင်းအောင်သည် ထိုသတင်းကိုဖတ်၍ ခေါင်းခါယမ်းလိုက်ပြီး ...

"ဒီလူတွေ မဟုတ်တာ လျှောက်ရေးနေပြီ၊ သူတို့ကြောင့် စမ်းချောင်းက တရုတ်မလေး မကျင်စမ်း ဘယ်လောက်အရှက်ရလေမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ရေရွတ်နေလေ၏။ ထိုအခိုက်မှာပင် ဆားပုလင်းမင်းအောင်၏ အိမ်ရှိရာသို့ ၎င်း၏နှင်ဂျာလူငယ်လေးများ တစ်ပြုံတစ်မကြီး ရောက်ရှိလာ၏။ စုံထောက်ဦးပေါ်ဦးက လူငယ်များကို မျက်မှောင်ကြုတ်၍ ...

"တိုမင်းအောင်ရဲ့တပည့်တွေ များလှချည်လား"

ဟု ရေရွတ်လေ၏။

ဆားပုလင်းမင်းအောင်၏ နှင်ဂျာလူငယ်များဆိုသည်မှာ ရန်ကုန်မြို့တွင်းရှိ ဆေးလိပ်၊ ကွမ်းယာ၊ သတင်းစာ စသည်တို့ကို ရောင်းချသော လူငယ်များကို စုစည်း၍ ၎င်းလိုချင်သော သတင်းအချက်အလက်များကို စုဆောင်းနိုင်းလေ၏။

နှင်ဂျာလူငယ်များထဲမှ သွက်လက်ဟန်ရှိသော လူငယ်တစ်ဦးက ...

"မတွေ့သေးဘူး ဆရာ၊ ကျွန်တော်တို့အားလုံး လူစုခွဲပြီး ရှာနေတယ်"

ဟု ပြောလေရာ ဆားပုလင်းမင်းအောင်က ...

"အမြန်ဆုံးရှာယော့၊ မင်းတို့ဆီက သတင်းနောက်ကျရင် လူတစ်ယောက် ထပ်သေလိမ့်မယ်"





ဟု ပြောလေ၏။

ထိုအခိုက်မှာပင် အင်းစိန်စီအိုင်ဒီမှ စုံထောက်အေးသိန်း ရောက်ရှိလာပြီး ...

"ဟော့လူတွေ ... ခင်ဗျားတို့ ဘာလုပ်နေတာလဲ၊ မှိုင်ရယ်ဟိုတယ်မှာ တရုတ်လူမျိုး ကုလုံ ဆိုတဲ့လူ အသတ်ခံရပြန်ပြီ၊ စီအိုင်ဒီမှာ မင်းကြီး ဒေါသပုန်ထနေပြီ၊ ခင်ဗျားတို့ကို စေတနာကောင်းနဲ့ သတိပေးတာနော်"

ဟု ပြောလေရာ ဆားပုလင်းမင်းအောင်က မျက်မှောင်ကြုတ်၍ ...

"ကျုပ်တို့ ကုလုံ ဆိုတဲ့လူကို မကယ်နိုင်တော့ဘူး၊ တရားခံကတော့ တရုတ်နှစ်ယောက်စလုံးကို သတ်လိုက်ပြန်ပြီဗျို့"

ဟု စိတ်မကောင်းဟန်ဖြင့် ပြောဆိုလေ၏။ ထိုအခါ စုံထောက်အေးသိန်းက မျက်နှာရှုံ့မဲ့၍ ...

"စီအိုင်ဒီမှာ စုံထောက်ကိုထင်လှတို့လည်း ဘီလူးက, ကနေပြီဗျာ၊ ထင်ရာလူကိုဖမ်းပြီး စစ်ဆေးနေတယ်၊ ကြာရင် ခေါက်ဆွဲကြော်တဲ့တရုတ်၊ နားဖာကလော်တဲ့တရုတ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ပါလာဦးမလား မသိဘူး၊ ကိုစိန်မြင့်က ကမ်းနားလမ်းပွဲရုံမှာ အလုပ်လုပ်တဲ့ ကျင်ဝက်ဆိုတဲ့ တရုတ်လေးကို ဖမ်းလာတယ်၊ ကျင်ဝက်က သူ့နှမလေး မကျင်စမ်းကို တရုတ်နစ်ယောက်က စော်ကားလို့ လက်စားချေ သတ်ဖြတ်တယ်လို့ စွပ်စွဲတယ်၊ စုံထောက် ကိုတင်လှကလည်း ရှိုင်ရယ်ဟိုတယ်အနီးက အရက်ပုန်းရောင်းတဲ့ တရုတ်တွေကို စွပ်စွဲပြီး ဖမ်းနေပြီ"

ဟု ပြောလေရာ ကိုမင်းအောင်က သက်ပြင်းချ၍...

"လောကမှာ လူညံ့ရှိသလို၊ လူတော်တွေလည်း ရှိတာပဲဗျ၊ ဒါမှလည်း သဘာဝတရားကြီးက ညီတူညီမျှဖြစ်မှာ၊ သူတို့ကို အပြစ်ပြောလို့ မဖြစ်ဘူး၊ ကဲ ... ကျုပ်တို့ ရှိုင်ရယ်ဟိုတယ်ကို ခဏသွားပြီး သေသူ ကုလုံကို စစ်ဆေးကြရအောင်၊ ကျုပ်အထင်တော့ သဲလွန်စ မယ်မယ်ရရ ကျန်တော့မယ် မထင်ဘူး"

ဟု ပြောလေရာ စုံထောက်ဦးပေါ်ဦးက ရယ်မော၍...





"ဟား ဟား ဟား ... ကိုစိန်မြင့်တို့လူစုကို အထင်မကြီးပါနဲ့ဗျာ၊ သူတို့မှာ သဲလွန်စကောက်နိုင်တဲ့ အရည်အချင်း မရှိပါဘူး"

ဟု ပြောလေ၏။ ကျွန်ုပ်က ဝင်ရောက်၍ ...

"ဒီလူတွေဟာ သဲလွန်စကောက်နိုင်တဲ့ အရည်အချင်းမရှိပေမယ့် သဲလွန်စတွေ ဖျောက်ဖျက်နိုင်တဲ့ အရည်အချင်းတော့ ရှိတယ်နော်၊ ကျုပ်တို့ မြန်မြန်သွားမှဖြစ်မယ်"

ဟု ဆိုကာ ကားသော့ကိုယူ၍ ရှိုင်ရယ်ဟိုတယ်သို့ အပြင်းမောင်းနှင်ခဲ့လေ၏။

လမ်းခရီး၌ ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးသည် လူသတ်မှုနှင့် ပတ်သက်၍ ထင်ကြေးအမျိုးမျိုးပေးပြီး ဆွေးနွေးလိုက်ပါလာလေ၏။

ဆားပုလင်းမင်းအောင်ကမူ မျက်လုံးများမှေးစင်းပြီး တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားနေဟန်ပြုနေ၏။

ရှိုင်ရယ်ဟိုတယ်သို့ ရောက်သောအခါ ဟိုတယ်မန်နေဂျာက ကျွန်ုပ်တို့ စုံထောက်များအား အပေါ်ထပ်ရှိ လူသတ်မှုဖြစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



အခန်းသို့ ခေါ်ဆောင်သွားလေ၏။ ထိုအခန်း၌ စုံထောက်ဆို၍ တစ်ဦးတစ်ယောက်မျှ မရှိတော့ချေ။

ဆားပုလင်းမင်းအောင်က သေသူကို တွေ့ရခြင်း အကြောင်းကို မန်နေဂျာအား မေးမြန်းလေ၏။

ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးက အခန်းထဲသို့ဝင်၍ ပက်လက်လန် လဲကျသေဆုံးနေသော တရုတ်လူမျိုးအလောင်းကို ကြည့်ရှုလေ၏။ သေသူ၏လည်ပင်း၌ ထိရှရာတစ်ခုတွေ့ရ၏။ ထိုနေရာမှ သွေးများမြင်မကောင်းအောင် ထွက်နေလေ၏။ ဟိုတယ်မန်နေဂျာက ...

"ဒီနေ့နံနက် အပေါ်ထပ်စခန်းတွေကို စစ်ဆေးကြည့်တော့ ဟောဒီက မစ္စတာကုလုံရဲ့အခန်းတံခါးဝက သွေးတွေအိုင်ထွန်းထွက်နေလို့ တံခါးဖွင့်ကြည့်တော့ သေသူရဲ့အလောင်းကို တွေ့ရတာပဲ ဆရာ၊ ဟိုတယ်ရေချိုးခန်း ပြတင်းပေါက်လည်း ပွင့်နေတာ တွေ့တာပဲ၊ လူသတ်သမားဟာ ပြတင်းပေါက်ကနေတွယ်တက်ပြီး ဟိုတယ်ရဲ့အမြင့်နဲ့ပြတင်းပေါက်ကနေ ဘယ်လိုတွယ်တက်သလဲဆိုတာ စဉ်းစားမရဘူး"





ဟု ပြောလေရာ ဆားပုလင်းမင်းအောင်သည် ပြတင်းပေါက်ကို ငုံ့ကြည့်၍ သက်ပြင်းချလိုက်ပြီး ...

"ဒီလူရဲ့ကိုယ်ခန္ဓာဟာ အလွန်ပေါ့ပါး ဖျတ်လတ်တဲ့ ကျွမ်းဘားပညာကို တတ်ကျွမ်းနိုင်တယ်၊ သူဟာ သစ်ပင်ပေါ်ကို တက်ပြီးတော့ သစ်ကိုင်းကတစ်ဆင့် ဟိုတယ်ရေချိုးခန်း ပြတင်းပေါက်ကို ခုန်ကူးတာပဲ၊ ပြတင်းပေါက်ဖွင့်ပြီးတော့ ဟိုတယ်အိပ်ခန်းထဲကို ဝင်ရောက်လာတယ်၊ ပြီးတော့ သေသူနဲ့တိုက်ခိုက်ပြီး သက်ဖြတ်သွားတာပဲ၊ ခုတင်ပေါ်မှာ တရုတ်ဘာသာနဲ့ ရေးထိုးထားတဲ့ ပုံပြင်စာအုပ်တစ်အုပ်ရှိတယ်၊ တရားခံ ဝင်ရောက်လာတဲ့အချိန်မှာ သေသူဟာ ပုံပြင်စာအုပ် ဖတ်နေပုံရတယ်၊ တရားခံရဲ့တိုက်ခိုက်ရေးပညာကတော့ အံ့မခန်းပါပဲ"

ဟု ပြောဆိုလေ၏။ ထိုအခါ ကျွန်ုပ်က ...

"တရားခံဟာ ဒီလိုပဲ တရုတ်တွေ တစ်ယောက်ပြီးတစ်ယောက် လိုက်သတ်နေမှာလားဗျ"

ဟု မေးမြန်းနေလေ၏။ ဆားပုလင်းမင်းအောင် ခေါင်းခါယမ်း၍ ...



www.burmeseclassic.com

www.burmeseclassic.com



"နောက်ထပ် လူသတ်မှုတွေ မဖြစ်တော့ပါဘူးဗျာ၊ တရားခံကို အမည်နာမနဲ့တကွ ကျုပ် ကောင်းကောင်းသိတယ်၊ ဒါပေမဲ့ တရားခံက နယ်နယ်ရရ မဟုတ်ဘူး၊ သူဟာ လူစွန့်စားတစ်ယောက်ဗျ၊ လက်ရုံးရည်ရော နှလုံးရည်ပါ ပြည့်စုံတဲ့ လူတစ်ယောက်ဗျ၊ သူ့ကိုမပိုင်ဘဲ သွားဖမ်းလို့မရဘူး၊ မပိုင်ဘဲ ဖမ်းလိုက်ရင် သူက မြန်မာပြည်ထဲကနေ ပျောက်ပြီး တစ်ဖက်နိုင်ငံထဲ ရောက်သွားလိမ့်မယ်၊ ဒါပေမဲ့ မကြာခင် တရားခံကို ဖမ်းမိမှာပါဗျာ"

ဟုဆိုကာ အင်းစိန်စီအိုင်ဒီရှိ ကြေးနန်းဌာနသို့ ဖို့ဒ်ကားလေးဖြင့် ထွက်ခဲ့လေ၏။ စီအိုင်အေရှိ ကြေးနန်းဌာနသို့ ရောက်လျှင် ယူနန်ပြည်နယ် ပုလိပ်အဖွဲ့မှ အကြောင်းပြန်သော ကြေးနန်းစာ ယခုပင်ရောက်ရှိကြောင်း သိရ၏။

ဆားပုလင်းမင်းအောင်သည် ယူနန်ပြည်နယ်မှ ကြေးနန်းကိုဖတ်၍ ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး ...

"သေသူကျင်ယုံနဲ့ ကုလုံတို့ဟာ မိန်းမမှုနဲ့ ပတ်သက်လို့ ရန်ငြိုးရန်စ ရှိတယ်လို့ အကြောင်းပြန်တယ်ဗျ။ လူသတ်မှုနှင့်





ပတ်သက်ပြီး ဝမ်ယု ဆိုတဲ့ပုဂ္ဂိုလ်ဟာ သံသယဖြစ်စရာ အကောင်းဆုံး ဆိုပဲဗျ"

ဟု ပြောလေ၏။ ဆားပုလင်းမင်းအောင်သည် ဖိုးစိန်လမ်း လူသတ်မှုနှင့် ပတ်သက်ပြီး တရားခံဖမ်းမိရန် နီးစပ်နေပြီဖြစ်ကြောင်း ပြောဆိုပြီး ...

"မကြာမီ တရားခံကို ကျုပ်တို့ဖမ်းမိတော့မယ်၊ သူနဲ့ကျုပ် လက်ရုံးရည်ချင်း မယှဉ်ပါရစေနဲ့လို့ ဆုတောင်းပါတယ်"

ဟု ပြောလေ၏။ ထို့နောက်တွင်မူ ကျွန်ုပ်တို့ စုံထောက်ကျော်များ အသီးသီး လမ်းခွဲလိုက်ကြလေ၏။

◆ ✻ ◆



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့သို့ရောက်လျှင် ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးကြီးသည် အင်းစိန်စီအိုင်ဒီသို့သွား၍ မျက်နှာမပြရတာကြာသဖြင့် မင်းကြီးရှေ့သို့ အခစားဝင်ရလေ၏။

မင်းကြီး၏ရှေ့တွင် ထုံးစံအတိုင်း စုံထောက်ကိုစိန်မြင့်တို့လူစုသည် ဆူပူကြိမ်းမောင်းခြင်းကို ခံနေရလေ၏။ ကျွန်ုပ်တို့နှစ်ဦး မင်းကြီးရုံးခန်းရှေ့သို့ ဝင်ရောက်သွားသောအခါ မင်းကြီးက ...

"လူကလေးတို့ စီအိုင်ဒီကိုမလာပဲ တရုတ်တန်းက လောင်းကစားဝိုင်းတွေကို ရောက်နေသလား"

ဟု မေးမြန်းလေရာ ကျွန်ုပ်တို့စုံထောက်ကျော်နှစ်ဦးကို ကိုစိန်မြင့်တို့ ချောက်တွန်းထားမှန်း ရိပ်စားမိသွားပြီး ဦးပေါ်ဦးက ...





"အရည်အချင်းမရှိတဲ့ လူတွေရဲ့စကားကို မယုံပါနဲ့ မင်းကြီး၊ ကျွန်တော်မျိုးတို့နှစ်ယောက်ဟာ ဆားပုလင်းမင်းအောင်နဲ့အတူ နေ့မအား ညမအား တရားခံနောက်ကို လိုက်နေတာပါ၊ တရားခံကို ကျွန်တော်မျိုးတို့ နာမည်နဲ့တကွ တိတိကျကျ သိထားပါပြီ၊ ဒီလူကို ဖမ်းမိဖို့ အလွန့်အလွန် သေချာနေပါပြီ"

ဟု ပြောလိုက်လေ၏။ စုံထောက်မင်းကြီးသည် ဦးပေါ်ဦး၏ ပိုင်နိုင်သောစကားသံကြောင့် မျက်လုံးပြူးသွားပြီး ...

"လူ့ကလေးတို့ အလွန်တော်တယ်၊ စီအိုင်ဒီမှာ ဒီလိုအရည်အချင်းရှိတဲ့ စုံထောက်မျိုးတွေ အများကြီးလိုအပ်တယ်၊ မြည်းသတ္တဝါလို အပျင်းထူတဲ့ စုံထောက်တွေကတော့ စီအိုင်ဒီမှာပဲထိုင်ပြီး ကျွန်ုပ်ရဲ့ အဆူအကြိမ်း ခံနေကြတယ်၊ ဒါနဲ့ နေပါဦး၊ လူကလေးတို့က တရားခံရဲ့အမည်ကိုတောင် တိတိကျကျ သိနေပြီဆိုတော့ သူက ဘယ်သူလဲ"

ဟု မေးမြန်းလေ၏။ ကျွန်ုပ်သည် စုံထောက်မင်းကြီး အမေးကြောင့် ရင်တထိတ်ထိတ် ရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



စုံထောက်ဦးပေါ်ဦးသည် ကြမ်းပိုးကို လိပ်ဖြစ်အောင် လှည့်ပတ်ပြီး ပြောတတ်သူဖြစ်သည်။ မျက်နှာပြောင်ပြောင်ဖြင့် ...

"တရားခံကို ကျွန်တော်မျိုးတို့ စုံစမ်းလို့ရသမျှကတော့ ယူနန်ပြည်နယ်က တရုတ်လူမျိုး ဝမ်ယု ဆိုတဲ့ လူတစ်ယောက်ပါ၊ ဝမ်ယုဟာ တရုတ်လူမျိုးနှစ်ယောက်ကို သတ်ဖြတ်ဖို့ သံသယဖြစ်ဖွယ် အကောင်းဆုံးလူဆိုပြီး ယူနန်ပြည်နယ် ပုလိပ်အဖွဲ့က သံကြိုးစာကို ရပြီးပါပြီ၊ စီအိုင်ဒီ သံကြိုးဌာနမှာ မင်းကြီး စုံစမ်းကြည့်နိုင်ပါတယ်"

ဟု ပြောလေရာ မင်းကြီးသည် ကျွန်ုပ်တို့စုံထောက် ကျော်နှစ်ဦးကို လွန်စွာသဘောကျသွားပြီး ...

"လူကလေးတို့ အလွန်တိုးတက်လာပြီ၊ ဆားပုလင်းမင်းအောင်ရဲ့ အကူအညီတွေ အများကြီးရမယ် ထင်တယ် ဒါနဲ့ လူကလေးတို့က တရားခံကို သိနေပြီဆိုတော့ ဘယ်နေ့ဖမ်းမိမှာလဲ"

ဟု မေးမြန်းလေ၏။ စုံထောက်မင်းကြီး၏ အမေးကြောင့် ကြမ်းပိုးကို လိပ်ဖြစ်အောင် ပြောတတ်သော ဦးပေါ်ဦး





ကြီးသည် မည်သို့ဖြေရမှန်းမသိ ဖြစ်သွားလေ၏။ တရားခံကို ဖမ်းမိနိုင်မည့်နေ့ကို ဆားပုလင်းမင်းအောင်ပင် တိတိကျကျ မပြောနိုင်ချေ။

စုံထောက်ကိုစိန်မြင့်တို့လူစုသည် ဦးပေါ်ဦးကြီး ချောက်ကျနေပြီ ဖြစ်သဖြင့် ဝမ်းသာအားရသော အမူအရာဖြင့် ကြည့်ကြလေ၏။ စုံထောက်ဦးပေါ်ဦးကြီးသည် ဖြစ်ချင်ရာဖြစ်ဟု သဘောထားကာ မျက်လုံးစုံမှိတ်၍ ...

"တရားခံကို နောက်တစ်နေ့မှာ လက်ရဖမ်းဆီးပေးပါ့မယ် မင်းကြီး"

ဟု ပြောလိုက်ရာ မင်းကြီးသည် အလွန်သဘောကျသွားပြီး ...

"လူကလေး သိပ်တော်တယ်၊ တရားခံကို ဖမ်းပေးမယ်ဆိုပြီး တိတိကျကျ ပြောခဲ့တဲ့ စုံထောက်ဟာ စီအိုင်ဒီမှာ ဆားပုလင်းမင်းအောင်ကလွဲလို့ ဘယ်သူမှမရှိဘူး၊ လူကလေးဟာ စက္ကင်းဆားပုလင်းမင်းအောင် ဖြစ်သွားပြီ၊ တစ်နေ့နေ့မှာ ဆားပုလင်းမင်းအောင်ရဲ့ နေရာကိုယူမဲ့သူပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ချီးမွမ်းခန်း ဖွင့်လိုက်ရာ ဦးပေါ်ဦးကြီးသည် မင်းကြီး၏ချီးမွမ်းစကားကြောင့် ဝမ်းသာရနိုး ဝမ်းနည်းရနိုး ဖြစ်နေလေ၏။

ကျွန်ုပ်တို့ စုံထောက်နှစ်ဦး ရဲစခန်းအပြင်သို့ရောက်သောအခါ ကျွန်ုပ်သည် ချွေးများစိုရွှဲနေသော မျက်နှာကို လက်ကိုင်ပဝါဖြင့်သုတ်၍ ...

"ဦးပေါ်ဦး ... ခင်ဗျား ဘယ်လိုပြောလိုက်တာလဲ၊ ကျုပ်တို့ ချောက်ကျတော့မယ်"

ဟု ပြောလိုက်ရာ ဦးပေါ်ဦးကြီးက ချွေးပြန်နေသော မျက်နှာကို လက်ကိုင်ပဝါဖြင့်သုတ်၍ ...

"ကျုပ်လည်း ပြောရင်း ပြောရင်းနဲ့ လွန်သွားတာပဲဗျ နောက်တော့ ကိုယ့်စကားကို ကိုယ်ထိန်းလို့ မရတော့ဘူး မင်းကြီးကလည်း တရားခံဖမ်းပေးမဲ့ရက်ကို တိတိကျကျ တောင်းဆိုနေတော့ မျက်လုံးမှိတ်ပြီး မနက်ဖြန်ဖမ်းပေးမယ် လို့ ပြောလိုက်တာပဲ"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က ...





"ဟော့လူကြီး ခင်ဗျား ဒီလိုလွယ်လွယ်ပြောလို့ ဘယ်ရမလဲဗျ၊ ကျုပ်တို့ ရှေ့စကားနောက်စကား မညီရင် မင်းကြီးက ဘာလုပ်မယ် ထင်သလဲ"

ဟု ပြောလိုက်ရာ ဦးပေါ်ဦးကြီးက အံကိုကြိတ်၍ ...

"ဖြစ်ချင်ရာဖြစ်ဗျာ၊ ကျုပ်တော့ ဂရုမစိုက်တော့ဘူး၊ ပုလိပ်ဘက်မှာ လုပ်ရတာလဲ စိတ်ပင်ပန်းလှပြီ၊ အမြဲတမ်း စီအိုင်ဒီမှာ ဖိအားပေးခံနေရတာ၊ ကျုပ်မခံနိုင်တော့ဘူး၊ အလုပ်ပြုတ်ရင်လည်းပြုတ်ဗျာ၊ ဒါပေမဲ့ လောလောဆယ်တော့ ဆားပုလင်းမင်းအောင်ဆီကို သွားပြီး တရားခံကို မရ,ရအောင် ဖမ်းပေးဖို့ သူ့ကို တောင်းပန်ရမှာပဲ"

ဟု ပြောလေ၏။ ကျွန်ုပ်က စိတ်ပျက်လက်ပျက် ခေါင်းကုတ်လိုက်ပြီး ...

"ဆားပုလင်းမင်းအောင်က တန်ခိုးရှင် မဟုတ်ဘူးဗျ၊ တရားခံရဲ့သဲလွန်စကို လိုက်နေတုန်း ရှိသေးတယ်၊ ကိုမင်းအောင် ကိုယ်တိုင် တရားခံကို ဖမ်းနိုင်ရင် ဖမ်းတာကြာပြီပေါ့ဗျာ၊ ကျုပ်ကတော့ စကားအပြောအဆို မဆင်ခြင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားငါးစပ်ကြီးကိုပဲ ဒေါသဖြစ်တယ်၊ စီအိုင်ဒီမှာ ဆားပုလင်း မင်းအောင်ကလွှဲလို့ ဘယ်စုံထောက်က တရားခံဖမ်းပေးမယ့်နေ့ကို တိတိကျကျ ပြောခဲ့လို့လဲ၊ ခင်ဗျားကိုယ့်သေတွင်း ကိုယ်တူးတာပဲ”

ဟု အပြစ်တင်လေ၏။ ထိုအခါ စုံထောက်ဦးပေါ်ဦးသည် ကျွန်ုပ်ကို မကျေမချမ်းကြည့်၍ ...

“ဟေ့လူ ... ကျုပ်ကိုပဲ ဇွတ်ကြီးအပြစ်တင်မနေနဲ့၊ ခင်ဗျားမှာ အစွမ်းအစရှိရင် မင်းကြီးမေးတုန်းက ဖြေလိုက်ပါလား၊ အခုမှ ကျုပ်ကို အပြစ်တင်မနေနဲ့”

ဟု ပြောလေ၏။ ထိုအခိုက်မှာပင် စုံထောက်ကိုစိန်မြင့်တို့လူစုသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသော အမူအရာဖြင့် ကျွန်ုပ်တို့ရှိရာသို့ လျှောက်လှမ်းလာလေ၏။ ဦးပေါ်ဦးကြီးသည် ကိုစိန်မြင့်တို့လူစုကို မြင်သောအခါ မျက်နှာကိုတင်း၍ ...

“ဟေ့လူ ... ဟိုမှာ ကျုပ်တို့ကို မနာလိုတဲ့သူတွေ လာနေပြီ၊ တစ်ယောက်နဲ့တစ်ယောက် အပြစ်တင်မနေနဲ့၊ သူတို့ ဝမ်းသာနေမယ်”





ဟု ပြောလေရာ ကျွန်ုပ်လည်း မျက်နှာထားကိုပြင်၍ အေးဆေးတည်ငြိမ်သော အမူအရာဖြင့် နေထိုင်လေ၏။

ကိုစိန်မြင့်တို့လူစုသည် ကျွန်ုပ်တို့အနီးသို့ ရောက်လျှင် ၎င်းတို့အချင်းချင်း ပြောသလိုဟန်ဖြင့် ...

“စီအိုင်ဒီမှာ တရားခံကို တိတိကျကျ ဖမ်းမယ့်နေ့ကို ပြောနိုင်တဲ့ လူစွမ်းကောင်း စုံထောက်ကြီးတွေ တစ်ယောက်မှမရှိသေးဘူး”

ဟု ပြောလေရာ စုံထောက်ကိုတင်လှက ရယ်မော၍ ...

“ဟဲ ဟဲ ... ပြောတဲ့အတိုင်း ဖမ်းပေးနိုင်ရင်တော့ ကောင်းတာပေါ့ဗျာ၊ မဖမ်းပေးနိုင်ရင်တော့ အဲဒီစုံထောက် မလွယ်ဘူးနော်၊ မင်းကြီး စိတ်ဓာတ်လည်း ခင်ဗျားတို့သိတယ် မဟုတ်လား၊ ကျုပ်တော့ မနက်ဖြန် စီအိုင်ဒီရုံးကိုတောင် မလာချင်ဘူး၊ စိတ်ဆင်းရဲစရာတွေ မြင်ရမှာစိုးလို့”

ဟု ပြောလေ၏။ စုံထောက်ဦးပေါ်ဦးသည် ၎င်းတို့ ထိကပါး ရိကပါး ပြောဆိုနေခြင်းကို မခံနိုင်တော့ပဲ

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကိုယ့်လူ၊ မနက်ဖြန် စီအိုင်ဒီကိုရောက်ရင် စိတ်ဆင်းရဲစရာတွေ ကြုံကိုကြုံရမှာဗျ၊ စိတ်ဆင်းရဲရမယ့်လူက ကျုပ်တို့မဟုတ်ဘူး၊ ခင်ဗျားတို့ပဲ၊ သူတစ်ပါးကို မနာလိုဝန်တိုစိတ်များတဲ့ လူတွေဟာ ကျုပ်တို့တရားခံဖမ်းလာတာမြင်ရင် မနာလိုစိတ်နဲ့ စိတ်ဆင်းရဲမယ်လို့ ပြောတာ"

ဟု ပြောလေရာ စုံထောက်ကိုစိန်မြင့်က ရယ်မော၍ ...

"ဟဲ ဟဲ ... တရားခံကိုပဲ မိအောင်ဖမ်းပါဗျာ၊ ခင်ဗျားတို့ ဆားပုလင်းမှာ အစွမ်းအစရှိရင် စုံထောက်အချင်းချင်းပဲဗျာ၊ ကျုပ်တို့လည်း ပျော်ရမှာပေါ့ဗျာ"

ဟု မထီလေးစား ပြောလေ၏။

ထိုအခါ စုံထောက်ဦးပေါ်ဦးသည် ကျွန်ုပ်ကိုခေါ်၍...

"ကျုပ်တို့ ဆားပုလင်းမင်းအောင်ဆီကို သွားပြီး တရားခံကို အမြန်ဆုံးဖမ်းပေးဖို့ ပြောမှဖြစ်မယ်"

ဟုဆိုကာ ဆားပုလင်းမင်းအောင် နေထိုင်ရာ အမှတ်(၇)၊ အာသောကလမ်း၊ ကျောက်မြောင်း နေအိမ်သို့ သွားလေ၏။





ကိုမင်းအောင်သည် သူ၏အိမ်ထဲ၌ တရုတ်ရှေးဟောင်း တောက်တယ်ကျင်းကျမ်းစာအုပ်ကြီးကိုဖတ်၍ အချိန်ဖြုန်းနေလေ၏။ ဆားပုလင်းမင်းအောင်၏အနီး၌ မှတ်စုထုတ်ထားသောစာရွက်များ ပြည့်နေ၏။ ကိုမင်းအောင်ကိုကြည့်၍ ကျွန်ုပ်တို့စိတ်ဓာတ်ကျသွားလေတော့၏။ ဆားပုလင်းမင်းအောင်သည် ကျွန်ုပ်နှင့် ဦးပေါ်ဦးကို မြင်သောအခါ သက်ပြင်းချလိုက်ပြီး ...

"အိုင်ပီတို့ ဒီလောက်လည်း စိတ်ပူမနေပါနဲ့ဗျာ၊ ကျုပ်တရားခံကို အမြန်ဆုံးဖမ်းဖို့ ကြိုးစားပါမယ်"

ဟု ပြောလေ၏။ ကျွန်ုပ်က ဆားပုလင်းမင်းအောင်ကို အံ့သြဟန်ဖြင့်ကြည့်၍ ...

"စီအိုင်ဒီမှာ ကျုပ်တို့ ချောက်ကျနေတာ ကိုမင်းအောင်သိပြီးပြီလား" ဟု မေးမြန်း၏။

ဆားပုလင်းမင်းအောင်က ခေါင်းခါယမ်း၍ ...

"ကျုပ်ကို ဘယ်သူမှ ဖုန်းမဆက်ပါဘူးဗျာ၊ အိုင်ပီတို့ရဲ့ မျက်နှာရိပ် မျက်နှာကဲကိုကြည့်ပြီး အကဲခတ်ပြောရတာပါ၊ အိုင်ပီတို့ဟာ ကားပေါ်က ဆင်းဆင်းချင်း တောက်တယ်



www.burmeseclassic.com

www.burmeseclassic.com



ကျင်းကျမ်းကြီးကိုဖတ်ပြီး အချိန်ဖြုန်းနေတယ်လို့ မြင်တယ်၊ ဒါကြောင့် ဦးပေါ်ဦးရဲ့မျက်နှာ မသိမသာ ပျက်သွားတယ်၊ လူသတ်မှုနဲ့ ပတ်သက်ပြီး အရေးကြီးတဲ့အချိန်မှာ ကျုပ်က တရုတ်ရှေးဟောင်းကျမ်းစာအုပ်ကိုဖတ်ပြီး အချိန်ဖြုန်းနေတယ်လို့ အပြစ်မြင်တယ်၊ ကိုအောင်လှရဲ့ မျက်နှာမှာတော့ ကျုပ်ကို အားမလိုအားမရတဲ့ အမူအရာမျိုးတွေ့ရတယ်၊ လွန်ခဲ့တဲ့ရက်က တရားခံက လူသတ်မှုတွေ ထပ်ပြီး မကျူးလွန်တော့ပါဘူးလို့ ကျုပ် အာမခံခဲ့တယ်၊ ဒါပေမဲ့ အိုင်ပီတို့က တရားခံဖမ်းမိဖို့ အင်မတန် စိတ်အားထန်သန်နေတယ်၊ ဒါကိုကြည့်ခြင်းအားဖြင့် စီအိုင်ဒီမှာ အိုင်ပီတို့ ဖိအားပေးခံလာခဲ့ရပြီလို့ ယူဆတယ်၊ ဒါပေမဲ့ မင်းကြီးရဲ့ထုံးစံက အိုင်ပီတို့ စုံထောက်တွေမြင်ရင် ဖိအားပေးရိုးထုံးစံ ရှိပြီးသားပဲ၊ ဒီနေ့မှ အိုင်ပီတို့ရဲ့မျက်နှာတွေ ထူးထူးခြားခြား ပျက်နေပုံထောက်ရင် ဦးပေါ်ဦးကြီးဟာ မင်းကြီးရဲ့ ဆူပူကြိမ်းမောင်းတဲ့ဒဏ်ကို မခံနိုင်ဘဲ တရားခံကို ဖမ်းပေးမယ့်နေ့ကို ကတိပေးလာပုံရတယ်၊ ကျုပ်အထင်





တော့ ဦးပေါ်ဦးကြီးဟာ ဒီနေ့ မနက်ဖြန် တရားခံကိုဖမ်းပေးပါမယ်လို့ စုံထောက်မင်းကြီးဆီမှာ ကတိခံခဲ့ပုံရတယ်”

ဟု ပြောလေရာ စုံထောက်ဦးပေါ်ဦးကြီး ကြမ်းပြင်ကို လက်ဝါးဖြင့် ဖြန်းခနဲရိုက်၍ ...

“မှန်ပါပေတယ် ကိုမင်းအောင်ရယ်၊ ကိုမင်းအောင် တွေးကြည့်ရင် ပြေးကြည့်တာထက်တောင် မှန်တယ်ဆိုတာ တကယ်ပါပဲ၊ စုံထောက်မင်းကြီးက ကျုပ်ကိုကြိမ်းလွန်းလို့ မခံနိုင်တာနဲ့ တရားခံကို မနက်ဖြန် ဖမ်းတော့မယ်လို့ တိတိကျကျ ပြောခဲ့တယ်”

ဟု ပြောလေ၏။ ဆားပုလင်းမင်းအောင်က တောက်တယ်ကျင်းကျမ်းစာအုပ်ကြီးကိုချ၍ ...

“ကျုပ်စကား မဆုံးသေးဘူးဗျ၊ မင်းကြီးဆီမှာ ကတိခံပြီးတော့ မင်းကြီးရုံးခန်းကထွက်တာနဲ့ အိုင်ပီတို့နှစ်ယောက်တစ်ယောက်နဲ့တစ်ယောက် စကားကတောက်ကဆ ဖြစ်ကြတယ်၊ ဦးအောင်လှက မင်းကြီးကို အလွယ်တကူ ကတိပေးတဲ့အတွက် ဦးပေါ်ဦးကို အပြစ်တင်တယ်၊ ဦးပေါ်ဦး



www.burmeseclassic.com

www.burmeseclassic.com



ကလည်း သူ့ရဲ့မခံချင်စိတ်ကြောင့် စကားလွန်သွားကြောင်း ပြန်လည်ချေပတယ်၊ ဒီအချိန်မှာ စုံထောက်ကိုစိန်မြင့်တို့လူစု ရောက်လာပြီး ဦးပေါ်ဦးတို့ကို လှောင်ပြောင်သရော်တယ်၊ မခံချင်အောင် ပြောတယ်၊ ဒါနဲ့ပဲ ဦးပေါ်ဦးတို့ဟာ ကျုပ်ကို တရားခံကို အမြန်ဆုံးဖမ်းပေးဖို့ တိုက်တွန်းမယ်ဆိုပြီး အိမ်ကိုလိုက်လာကြတယ်၊ ဒီကိုရောက်တော့ တရုတ်ရှေးဟောင်း တောက်တယ်ကျင်းကျမ်းကို အေးအေးဆေးဆေး ဖတ်နေတဲ့ ကျုပ်ကို အားလိုအားမရ ဖြစ်နေတယ်"

ဟု ပြောလေရာ ကျွန်ုပ်က ဦးပေါ်ဦးကဲ့သို့ ကြမ်းပြင်ကို လက်ဝါးဖြင့် ဖြန်းခနဲရိုက်၍ ...

"မှန်လိုက်တာဗျာ၊ တစ်လုံးမှ မလွဲဘူး၊ ကျုပ်တို့ရဲ့ဖြစ်ရပ်တွေကို ကိုမင်းအောင် တစ်ချိန်လုံး လိုက်ကြည့်နေသလားအောက်မေ့ရတယ်၊ ကိုမင်းအောင် ... ခင်ဗျားမှာ နတ်မျက်စိရနေသလားဗျာ၊ ကျုပ်တို့ရဲ့ဖြစ်စဉ်တွေကို မမြင်ရဘဲ စုံထောက်ဉာဏ်နဲ့ ခန့်မှန်းပြောတယ်ဆိုရင်တောင် ဒီလောက် တိတိကျကျ မှန်စရာအကြောင်း မရှိပါဘူးဗျာ"





ဟု အံ့သြဟန်ဖြင့် ပြောဆိုလေရာ ဆားပုလင်းမင်းအောင်က ခေါင်းခါယမ်း၍ ...

"ကျုပ်ကို ဒီလောက်လည်း အထင်မကြီးပါနဲ့ဗျာ၊ ကျုပ်မှာ ဘာနတ်မျက်စိမှ မရှိပါဘူး၊ ခင်ဗျားတို့ရဲ့မျက်နှာရိပ်မျက်နှာကဲကိုကြည့်ပြီး လက်ရှိအခြေအနေနဲ့ယှဉ်ပြီး စဉ်းစားကြည့်တာပါ၊ တိတိကျကျကြီး မှန်သွားတာတော့ ကျုပ်ရဲ့ကံပဲပေါ့ဗျာ၊ အိုင်ပီတို့ ဘာမှမပူပါနဲ့၊ မနက်ဖြန်တော့ တရားခံကို ဖမ်းမိလိမ့်မယ်လို့ ထင်ပါတယ်၊ ကျုပ်ရဲ့နင်ဂျာလေးတွေကို တရားခံနောက်ကို အစွမ်းကုန်လိုက်ခိုင်းထားပါတယ်"

ဟု ပြောလေရာ ကျုပ်တို့စုံထောက်ကျော်နှစ်ဦးသည် လွန်စွာစကားကတိတည်ကြည်သော မိတ်ဆွေကြီး ဆားပုလင်းမင်းအောင် ကိုယ်တိုင် အာမခံနေသဖြင့် ရင်အေးသွားလေ၏။

ထိုအခါ စုံထောက်ဦးပေါ်ဦးကြီးက ...

"ဆားပုလင်းမင်းအောင်ရဲ့စကားကို ကြားရတာ သိန်းထီပေါက်သလို ဝမ်းသာတယ်ဗျာ၊ ဒါကြောင့် ဒီနေ့ညစာကို ဘုံဘေရက်စတောရင့်မှာ ကျွေးပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ ကျွန်ုပ်က သဘောကျဟန်ဖြင့် ...

"ဒါဆိုရင်တော့ စားရက်ကြုံတော့ မှတ်ဆိတ်ပျားစွဲတာပဲ ဦးပေါ်ဦးလို ကပ်စေးနဲ့ကြီးက ကျွေးတဲ့အစားအစာကို စားရခဲ့တယ်ဗျ"

ဟု ပြောလေ၏။ ထိုအခါ ဦးပေါ်ဦးကြီးက မျက်နှာရှုံ့မဲ့၍ ...

"ဟေ့လူ ... ခင်ဗျားက ကျွေးလည်းကျွေးရသေးတယ်၊ ကျုပ်ကိုလည်း ကပ်စေးနဲ့ကြီးလို့ လှောင်ပြောင်သေးတယ်"

ဟု ပြောလေရာ ဆားပုလင်းမင်းအောင်က ရယ်မော၍ ...

"ဦးပေါ်ဦး ကျုပ်ကိုကျွေးတာ အကောင်းမထင်နဲ့၊ မနက်ဖြန် တရားခံကို မရ,ရအောင်ဖမ်းပေးဖို့ ညစာတစ်ပွဲကျွေးပြီး ကျုပ်ဆီမှာ စာချုပ်ချုပ်သွားတာ၊ သူကျွေးတဲ့ညစာစားပြီးရင်တော့ ကျုပ်က တရားခံကို ဖမ်းဖြစ်အောင် ဖမ်းရမှာပဲဗျို့"

ဟု ပြောလေရာ ဦးပေါ်ဦးကြီးက ကမန်းကတန်းလက်ကာပြ၍ ...





"ဒီလိုသဘောမျိုး မဟုတ်ပါဘူး ကိုမင်းအောင်၊ ကျုပ်က ဝမ်းသာလွန်းလို့ ညစာကျွေးတာပါဗျ"

ဟု ပြောလေရာ ကျွန်ုပ်တို့စုံထောက်ကျော်များ စိတ်လွတ်လက်လွတ် ရယ်မောလိုက်ကြလေ၏။

◆ ❋ ◆



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့သို့ ရောက်သောအခါ ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးသည် လက်နက်ကိုယ်စီကိုင်၍ ဆားပုလင်းမင်းအောင်၏ နေအိမ်သို့ တရားခံဖမ်းရန် ရောက်ရှိလာကြ၏။

ဆားပုလင်းမင်းအောင်သည် အိမ်၏ကြမ်းပြင်ပေါ်၌ ပက်လက်လန်လှဲပြီး ယောဂကျင့်စဉ်တစ်ရပ်ကို ကျင့်နေ၏။

ထိုအခိုက်မှာပင် ဆားပုလင်းမင်းအောင်၏ ဖုန်းခေါင်းလောင်းသံကို ကြားရလေ၏။

ဆားပုလင်းမင်းအောင်သည် လှဲနေရာမှထ၍ ဖုန်းကို ကိုင်လိုက်ပြီး ခေါင်းညိတ်ကာ ...

"မင်းတို့ တော်တယ်၊ နောက်မှ စေ့စပ်သေချာတဲ့အတွက် ဆုချရမယ်"

ဟု ပြောပြီး ဖုန်းကိုချလိုက်၏။





ဆားပုလင်းမင်းအောင်သည် ကျွန်ုပ်တို့ဘက်သို့လှည့်၍ ...

"တရားခံသွားဖမ်းမယ်ဗျို့၊ စဉ့်အိုးတန်းဆိပ်ကမ်းကို မောင်းရမယ်"

ဟု ပြောလေ၏။ ကျွန်ုပ်သည် ဖို့ဒ်ကားစုတ်လေးကို စိတ်လှုပ်ရှားစွာဖြင့် လျင်မြန်စွာ မောင်းနှင်လာလေ၏။

စဉ့်အိုးတန်းဆိပ်ကမ်းသို့ ရောက်သောအခါ ဆားပုလင်းမင်းအောင်က ကားထဲရှိ သံသေတ္တာတစ်လုံးကိုချ၍ တစ်စုံတစ်ယောက်ကို စောင့်နေလေ၏။ ခဏကြာလျှင် ဆားပုလင်းမင်းအောင်၏ နင်ဂျာလူယုံတစ်ဦး ရောက်လာလေ၏။

ကိုမင်းအောင်က တည်ငြိမ်သော အမူအရာဖြင့် ...

"ရထားသမားကို ခေါ်လိုက်ပေတော့"

ဟု ပြောလိုက်ရာ နင်ဂျာလူငယ်လေးသည် အနီးမှ လျှပ်ပါးစွာ ထွက်ခွာသွားလေ၏။

ဆားပုလင်းမင်းအောင်က ကျွန်ုပ်တို့ဘက်သို့လှည့်၍ –



www.burmeseclassic.com

www.burmeseclassic.com



"အိုင်ပီတို့ လက်နက်တွေ အသင့်ပြင်ပြီး မနီးမဝေးသွား
စောင့်နေပါ၊ တရားခံကို ကျုပ်တစ်ယောက်တည်း ရင်ဆိုင်
မယ်"

ဟု ပြောလေ၏။ ကျုပ်နှင့် ဦးပေါ်ဦးသည် ကုတ်
အင်္ကျီထဲရှိ သေနတ်ကို ဆုပ်ကိုင်၍ ဆားပုလင်းမင်းအောင်၏
မနီးမဝေးမှ စောင့်နေလေ၏။

ခဏကြာလျှင် ရထားလုံးတစ်စီးသည် စဥ့်အိုးတန်း
ဆိပ်ကမ်းသို့ မောင်းလာ၏။

ရထားလုံးသမားသည် အညိုရောင် ဘောင်းဘီ
ချည်ကြမ်းအင်္ကျီကို ဝတ်ဆင်ထားပြီး မြက်ဦးထုပ်တစ်လုံးကို
ငိုက်ငိုက် ဆောင်းထား၏။

ဆားပုလင်းမင်းအောင်သည် ခေါင်းကိုငုံ့၍
သေတ္တာများကို မနိုင့်တနိုင်ဟန်ဖြင့် ဆွဲမ,နေပြီး ရထားလုံးသမား
ကို သေတ္တာမ,ပေးရန် အကူအညီတောင်းလေ၏။

ထိုအခါ မြက်ဦးထုပ်ဆောင်းထားသောလူသည်
ရထားလုံးပေါ်မှ လွှားခနဲ ခုန်ဆင်းလာပြီး ဆားပုလင်းမင်းအောင်





၏ လက်ထဲရှိ သေတ္တာကို မ,ယူလိုက်လေ၏။ ထိုအခါ ဆား
ပုလင်းမင်းအောင်က ရထားလုံးသမားကို ကုတ်အင်္ကျီထဲမှ သေ
နတ်ကိုထုတ်၍ ချိန်လိုက်ပြီး တရုတ်ဘာသာဖြင့် ...

"တာမွေ ဖိုးစိန်လမ်းနဲ့ ရှိုင်ရယ်ဟိုတယ်လူသတ်မှုတွေ
အတွက် တရုတ်အမျိုးသား ဝမ်ယုကို မြန်မာနိုင်ငံစုံထောက်
အဖွဲ့က ဖမ်းဆီးလိုက်ပါပြီ၊ ကျုပ်နာမည် ဆားပုလင်းမင်း
အောင်ပါ"

ဟု ပြောလိုက်ရာ တရားခံတရုတ်အမျိုးသားသည်
မမျှော်လင့်ဘဲ အဖမ်းခံလိုက်ရသဖြင့် အံ့သြသွားလေ၏။

ထို့ကြောင့် ဝမ်ယုက တရုတ်ဘာသာဖြင့်ပင် ...

"ဟင် ... ခင်ဗျားက မြန်မာပြည်စုံထောက်အဖွဲ့က နာမည်
ကျော် ဆားပုလင်းမင်းအောင် ဆိုတာလား၊ နာမည်ကျော်
သလောက်လည်း တော်ပါတယ်ဗျာ၊ ကျုပ်တို့ တစ်ကြိမ်
တွေ့ဖူးသေးတယ်နော်၊ ခင်ဗျားဆီမှာ ကျုပ်ရဲ့လက်စွပ်က
လေး လာယူတုန်းကလေ"

ဟု ပြောလေရာ ဆားပုလင်းမင်းအောင်က ...



www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆွေရဲ့ ရုပ်ဖျက်ပညာ အတော်ကောင်းပါတယ်၊ ချီးမွမ်းပါတယ်ဗျာ"

ဟု ပြောလေ၏။ ထိုအခိုက်မှာပင် တရုတ်အမျိုးသား ဝမ်ယုက ဆားပုလင်းမင်းအောင်ကိုကြည့်၍ ...

"နာမည်ကျော် ဆားပုလင်းမင်းအောင်က နှလုံးရည်နဲ့ပြည့်စုံပါပေတယ်၊ ဒါပေမဲ့ လက်ရုံးရည်လည်း ပြည့်စုံရဲ့လား ဆိုတာ ကျုပ် သိချင်စမ်းတယ်"

ဟု ပြောလိုက်ရာ ဆားပုလင်းမင်းအောင်သည် သက်ပြင်းချလိုက်လေ၏။ မြို့လယ်ကောင်၌ တိုက်ပွဲတစ်ပွဲ ဆင်ရဦးပေမည်။

ဝမ်ယုသည် သူ၏လက်ထဲ၌ ကိုင်ထားသော သေနတ်ကို ဆားပုလင်းမင်းအောင် ရှိရာသို့ လျှင်မြန်စွာ ပစ်ပေါက်လိုက်၏။ ဆားပုလင်းမင်းအောင်သည် ဝမ်ယုကို သေနတ်ဖြင့် မချိန်နိုင်တော့ဘဲ အနောက်သို့ ခုန်ဆုတ်လိုက်ရ၏။

ထိုအခါ ဝမ်ယုသည် ကိုယ်ခံပညာကောင်းမွန်သူပီပီ ဆားပုလင်းမင်းအောင်ထံသို့ လျှင်မြန်သောအဟုန်ဖြင့် ခုန်လွှားပြီး ခြေဖြင့်ကန်ကျောက်လေ၏။





ဆားပုလင်းမင်းအောင်သည် ဝမ်ယု၏ခြေကန်ချက်ကို ကိုယ်ကိုနောက်သို့လှန်ချပြီး ခက်ခက်ခဲခဲ ရှောင်တိမ်းလိုက်ရ၏။

ကျွန်ုပ်တို့သည် ဆားပုလင်းမင်းအောင်နှင့် ဝမ်ယုတိုက်ခိုက်နေပုံကိုကြည့်၍ အထိတ်တလန့် ဖြစ်သွားပြီး ဦးပေါ်ဦးကြီးက ...

"ဟိုမှာ ချာကုန်ပြီဗျို့၊ ကျုပ်တို့သေနတ်နဲ့ ဝင်ပစ်မှဖြစ်မယ်"

ဟု အော်ဟစ်ပြောဆိုလေရာ ကျွန်ုပ်က ဦးပေါ်ဦးကို တား၍ ...

"ဟေ့လူကြီး၊ မြို့လယ်ကောင်မှာ ပစ်လားခတ်လားလုပ်လို့ မရဘူး၊ အပြစ်မဲ့တဲ့သူတွေ ထိကုန်မယ်၊ ကျုပ်တို့စောင့်ကြည့်ရမယ်၊ ဆားပုလင်းမင်းအောင်က ဝမ်ယုကို ကောင်းကောင်း ထိန်းနိုင်မှာပါ"

ဟု ပြောလေ၏။ ထိုအချိန်၌ ဆားပုလင်းမင်းအောင်နှင့် ဝမ်ယုတို့၏ တိုက်ပွဲကို လူအများ ဝိုင်းအုံ၍ ကြည့်ရှုနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ငင်းတို့နှစ်ယောက်စလုံး ကိုယ်ခံပညာကောင်းမွန်သူများဖြစ်၍ တိုက်ပွဲသည် အလွန်ကြည့်ကောင်းပြီး မြန်မာလူမျိုးတို့အတွက် ပွဲကြီးပွဲကောင်း ဖြစ်နေလေ၏။

ဝမ်ယုသည် ဆားပုလင်းမင်းအောင်ကို တိုက်ခိုက်ရင်း တဖြည်းဖြည်း မယုံနိုင်အောင် ဖြစ်လာ၏။ သူသည် တရုတ်ရိုးရာကွန်ဖူးပညာကို အဆင့်မြင့်မြင့် တတ်ကျွမ်းထားသူဖြစ်သဖြင့် ဆားပုလင်းမင်းအောင်ကဲ့သို့ စုံထောက်တစ်ဦးကို ကောင်းမွန်စွာ ယှဉ်ပြိုင်နိုင်မည်ဟု ယုံကြည်၏။

သို့သော် လက်တွေ့ရင်ဆိုင်လိုက်နိုင်သောအခါ ဆားပုလင်းမင်းအောင်၏ တိုက်ကွက်များကို သူ အလူးအလဲ ရင်ဆိုင်နေရ၏။

သူတို့နှစ်ယောက်၏တိုက်ပွဲသည် အလွန်ပြင်းထန်သော်လည်း ပညာရှင်များဖြစ်သဖြင့် လူသာမန်များ ရန်ဖြစ်သကဲ့သို့ ဝရုန်းသုန်းကား မဖြစ်ကြချေ။

တစ်ချိန်တွင် ဝမ်ယုသည် ဆားပုလင်းမင်းအောင်၏ ခြေကန်ချက်မိပြီး မြင်းတစ်ကောင် အကန်ခံရသကဲ့သို့ နောက်သို့ လန်ကျသွားလေ၏။





ဆားပုလင်းမင်းအောင်သည် ဝမ်ယု၏အနီးသို့ ပြန်လျှောက်၍ ရောက်လာပြီး လက်ထိတ်ကို ချောက်ခနဲ ခတ်လိုက်လေ၏။ ထိုသို့ လက်ထိတ်ခတ်ပြီး ဆားပုလင်းမင်းအောင်က ...

"မိတ်ဆွေ ကျေနပ်ပါရဲ့နော်"

ဟု ပြောဆိုလေ၏။

ဝမ်ယုက ကျေနပ်စွာ ပြုံးလိုက်ရင်း ...

"သိပ်ပြီး ကျေနပ်ပါတယ် ဆားပုလင်းမင်းအောင်၊ ခင်ဗျား ဟာ နာမည်ကျော်သလောက် တော်တဲ့ စုံထောက်တစ်ဦးပါ၊ ခင်ဗျားလို စုံထောက်တစ်ဦးရဲ့လက်ထဲမှာ အဖမ်းခံရတာ ကျုပ် ဂုဏ်ယူလို့မဆုံးပါဘူး"

ဟု ပြောရင်း ဆားပုလင်းမင်းအောင်၏ ဖမ်းဆီးခြင်းကို ကျေနပ်စွာ လက်ခံလေ၏။ ကျွန်ုပ်တို့လူစု၏ လူဆိုးဖမ်းခြင်းကို ဝိုင်းဝန်းကြည့်ရှုနေသူများအနက် တရုတ်စကားကို နားလည်သော တရုတ်ဘိန်းစားတစ်ယောက်လည်း ပါရှိလေရာ ထိုတရုတ်ဘိန်းစားက ...

"လူဆိုးဖမ်းတဲ့ လူစွမ်းကောင်းက ဆားပုလင်းမင်းအောင်၊ ဆားပုလင်းမင်းအောင်"



www.burmeseclassic.com

www.burmeseclassic.com



ဟု အော်ဟစ်လိုက်ရာ ဝိုင်းဝန်းကြည့်ရှုနေသော လူအုပ်ကြီးက ဆားပုလင်းမင်းအောင်၊ ဆားပုလင်းမင်းအောင်ဟု ဝိုင်းဝန်းအော်ဟစ်ပြီး အားပေးကြလေ၏။

ဆားပုလင်းမင်းအောင်သည် မိမိကို ဝိုင်းအုံနှုတ်ဆက်နေသော လူအုပ်ကြီးထဲမှ ရုန်းထွက်လိုက်ပြီး လူအုပ်ကြီးကို လက်ပြနှုတ်ဆက်ကာ ဖိုဒ်ကားစုပ်ကလေးထဲသို့ ဝင်လိုက်လေ၏။

ထို့နောက်တွင်မှ ကျွန်ုပ်တို့စုံထောက်ကျော်များသည် တရားခံ တရုတ်အမျိုးသား ဝမ်ယုကို အင်းစိန်စီအိုင်ဒီသို့ ခေါ်ဆောင်သွားလေ၏။

စီအိုင်ဒီ၌ စုံထောက်ကိုစိန်မြင့်တို့ လူစုသည် ကျွန်ုပ်တို့ကို လှောင်ပြောင်သရော်ရန် စောင့်မျှော်နေလေရာ ကျွန်ုပ်တို့က တရားခံဖမ်းလာသည်ဆိုသဖြင့် မျက်စိမျက်နှာပျက်ပြီး တချိုးတည်း လစ်ပြေးလေ၏။

ထို့နောက်တွင် တရားခံဝမ်ယုအား စီအိုင်ဒီ၌ စစ်ချက်များ ရယူရန် စီမံကြလေ၏။





တရားခံသည် တရုတ်အမျိုးသားတစ်ယောက်ဖြစ်ပြီး တရုတ်ဘာသာစကားကို ကျွမ်းကျင်သော ဆားပုလင်းမင်းအောင်က စစ်ချက်များရယူရန် စီမံကြ၏။

ကျွန်ုပ်တို့သည် တရားခံစစ်သူ၏ စကားကို နားမလည်သော်လည်း ဆားပုလင်းမင်းအောင် ရေးသားထားသော စစ်ချက်များကို ဖတ်ရှုပြီး ၎င်း၏နောက်ကြောင်းကို အလွန်စိတ်ဝင်စားနေမိ၏။

တရားခံ၏စွန့်လွှတ်စွန့်စားဝံ့သော သတ္တိကို ချီးမွမ်းမိလေ၏။

ကျွန်ုပ်သည် ဆားပုလင်းမင်းအောင် ရေးသားထားသော စစ်ချက်များကို ဖတ်ချင်လွန်းလှသဖြင့် နေ့စဉ်စောင့်ဖတ်လေ၏။ ကျွန်ုပ်နှင့်အတူ အလွန်စာဖတ်ပျင်းသော ဦးပေါ်ဦးကြီးပင်လျှင် စစ်ချက်များကို တစ်ရွက်ပြီးတစ်ရွက် စောင့်ဖတ်ကာ ...

"စိတ်ဝင်စားဖို့ ကောင်းလိုက်တာဗျာ၊ အသည်းထိတ်ဖို့လည်း ကောင်းတယ်၊ ရင်ဖိုဖို့လည်းကောင်းတယ်၊ ဆွေးဝမ်းကြည်နူးဖို့လည်း ကောင်းတယ်၊ အိုဗျာ ... သူ့ရဲ့စိတ်က



www.burmeseclassic.com

www.burmeseclassic.com



တွေကို ဖတ်ရတာ ရသမျိုးစုံ ခံစားရတယ်၊ ခင်များ တစ်နေ့ ပင်စင်ယူလို့ စာရေးဆရာလုပ်ရင် ဒီအမှုအကြောင်းကို ဝတ္ထုရေးဖြစ်အောင်ရေးဗျာ၊ ဒီလောက် စိတ်ဝင်စားဖို့ကောင်းတဲ့ ဝတ္ထုမျိုးကို အများပြည်သူတွေ ဖတ်ရှုခံစားသင့်တယ်ဗျ၊ ဒီလိုမှုခင်းမျိုးဟာ မြန်မာနိုင်ငံ စုံထောက်အဖွဲ့မှာ ရှာမှရှားတဲ့ ဖြစ်ရပ်ဗျ"

ဟု ပြောလေ၏။ ကျွန်ုပ်လည်း ဦးပေါဦး၏နည်းတူပင် တစ်နေ့နေ့ တစ်ချိန်ချိန် ထိုအကြောင်းများကို ရေးသားမှတ်တမ်းတင်ပြီး အများပြည်သူများ ဖတ်ရှုနိုင်ရန် ဝတ္ထုအဖြစ် ရေးသားရန် စိတ်ပိုင်းဖြတ်ထားပြီးဖြစ်၏။

ယခု ဆားပုလင်းမင်းအောင်နှင့်ကြာဖြူပန်းကလေး ဝတ္ထုကို ဖတ်ရှုဖွယ်ကောင်းအောင် ရေးသားပြီး ပရိသတ်လက်သို့ အပ်လိုက်လေပြီ။

♦ ❋ ♦





ထိုအမှုကြီးနှင့် ပတ်သက်၍ စစ်ချက်များ ရယူပြီးသောအခါ ဆားပုလင်းမင်းအောင်အား ကျွန်ုပ်တို့စုံထောက်များ သိလိုရာများကို မေးမြန်းကြလေ၏။ ကျွန်ုပ်တို့ စုံထောက်ကျော်များသည် ဘုံဘေရက်စတောရင့်သို့ သွားရောက်စားသောက်ကြ၏။

စားသောက်ဖွယ်ရာများကို မှာယူပြီးသောအခါ ကျွန်ုပ်က ...

"ဆိုပါဦး ကိုမင်းအောင်၊ တရားခံကို ဘယ်လိုသဲလွန်စ ကောက်တယ်ဆိုတာ ရှင်းပါဦး"

ဟု မေးမြန်းလေရာ ဆားပုလင်းမင်းအောင်က အသားကင်တစ်ဖတ်ကိုဝါး၍ ...

"ဒီအမှုဟာ သိပ်ဆန်းပြားတဲ့အမှု မဟုတ်ဘူးဗျ၊ အမှုနဲ့ ပတ်သက်တဲ့ သဲလွန်စတွေကို ကျုပ် ရိုးရိုးလေးပဲ ကောက်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ခဲ့တယ်၊ ဒါပေမဲ့ မထင်မှတ်တဲ့ အကြောင်းအရာလေး
တစ်ခုကြောင့် တရားခံကို လွယ်လွယ်နဲ့ မဖမ်းနိုင်ခဲ့တာပဲ၊
လူသတ်မှုဖြစ်ပွားရာ အိမ်ပတ်ဝန်းကျင်ကိုကြည့်တော့ လွန်
ခဲ့တဲ့ညက မိုးရွာထားတဲ့အတွက် မြင်းရထားဘီးရာတွေကို
ထင်ထင်ရှားရှား တွေ့ရတယ်၊ မြင်းရဲ့ရှေ့ခွာနှစ်ဖက်က
သံခွာအသစ်ဖြစ်ပြီး နောက်ခွာက သံခွာအဟောင်း ဖြစ်နေ
တယ်၊ မြင်းရထားနံဘေးမှာ ရှူးဖိနပ်အကောင်းစား ခြေ
ရာနဲ့ ကင်းဘတ်ဖိနပ်ခြေရာကို တွေ့ရတယ်၊ သေသူဟာ
ရှူးဖိနပ်အကောင်းစားနဲ့ သေဆုံးနေတယ်ဆိုတော့ တရားခံ
က ကင်းဘတ်ဖိနပ် စီးတယ်ဆိုတာ ထင်ရှားတယ်၊ သူတို့
နှစ်ယောက် တိုက်ခိုက်သတ်ပုတ်သွားတဲ့ ခြေရာလက်ရာ
ကိုလည်း တွေ့ရတယ်၊ နောက်ပြီးတော့ လူသတ်မှုဖြစ်ပွား
ရာ အိမ်တံခါးအနီးမှာ လက်ထပ်လက်စွပ်တစ်ကွင်းကို
ကောက်ရတဲ့အတွက် မိန်းမမှုနဲ့ ပတ်သက်ပြီး လက်စားချေ
တယ်လို့ ကောက်ချက်ချတယ်၊ အဲဒီညက ကင်းဘတ်ဖိနပ်
ခြေရာကို ဒုတိယအကြိမ် ပြန်တွေ့ရတယ်၊ ဒါကိုကြည့်





ခြင်းအားဖြင့် တရားခံဟာ သေသူရှိတဲ့အိမ်ကို အန္တရာယ်ရှိ
မှန်းသိရက်နဲ့ နောက်တစ်ခေါက် ပြန်လာခဲ့မှန်းသိတယ်၊
တရားခံဟာ လက်ထပ်လက်စွပ်လေး ကျကျန်ခဲ့လို့ ပြန်
ယူခဲ့တာပဲ၊ လက်စွပ်ပြန်ယူရင်း တာမွေဂါတ်က ပုလိပ်
မောင်ခင်နဲ့တွေ့လို့ အရက်သမားယောင် ဆောင်လိုက်သေး
တယ်”

ဟု ပြောလေရာ စုံထောက် ဦးပေါ်ဦးက နှာခေါင်း
ရှုံ့၍ ...

“ပုလိပ်တွေ တော်တော်ညံ့သေးတယ်၊ အဲဒီညက တရားခံ
ကို ဖမ်းမိနိုင်ရဲ့သားနဲ့ဗျာ”

ဟု ပြောလေ၏။ ဆားပုလင်းမင်းအောင်က သက်
ပြင်းချ၍ ...

“မောင်ခင် ကံကောင်းသွားတာဗျ၊ တရားခံကို သွားဖမ်းရင်
မောင်ခင် ရင်ခွဲရုံ ရောက်သွားလိမ့်မယ်၊ လွန်ခဲ့တဲ့ရက်က
သူနဲ့ ယှဉ်ပြိုင်တိုက်ခိုက်ရတာ အိုင်ပီတို့ အမြင်ပဲ”

ဟု ပြောလေရာ ကျွန်ုပ်က ...



www.burmeseclassic.com

www.burmeseclassic.com



"တရားခံဟာ မြင်းရထားမောင်းတယ်ဆိုတာ ကိုမင်းအောင် ဘယ်လိုသိသလဲ"

ဟု မေးမြန်းလေ၏။

ဆားပုလင်းမင်းအောင်က ဝှန်ပလေးယားမှတ်ဆိတ် စီးကရက်ကို ဖွာရှိုက်ရင်း ...

"သေသူနဲ့ တရားခံဟာ အိမ်ပျက်ကြီးကို ထွက်သွားတဲ့ အချိန်မှာ မြင်းရထားမှာ လူစောင့်မရှိဘဲ ထားခဲ့တာ တွေ့ရတယ်၊ ဒါကိုကြည့်ခြင်းဖြင့် တရားခံက မြင်းလည်း မောင်းသမားဆိုတာ ပေါ်လွင်စေတယ်ဗျ"

ဟု ပြောလေရာ စုံထောက်ဦးပေါ်ဦးက မျက်မှောင် ကြုတ်၍ ...

"မြင်းရထားမှာ လူစောင့်မရှိဘူးဆိုတာ ဘယ်လိုအကဲဖြတ် တာလဲ"

ဟု မေးမြန်းလေ၏။ ထိုအခါ ဆားပုလင်းမင်းအောင် က ...





"မြင်းဟာ သခင်မရှိတဲ့အတွက် လမ်းဘေးကိုဆင်းပြီး မြက်ကလေးတွေကို လှမ်းဟပ်နေတဲ့ သဲလွန်စကိုတွေ့ရ တယ်၊ ရထားရဲ့ဘီးဟာ လမ်းပေါ်ကနေချော်ပြီး အောက်ကို ကျနေတယ်ဗျ၊ တကယ်လို့ ရထားလုံးပေါ်မှာ မြင်းရဲ့သခင် ရှိရင် မြင်း ဒီလိုဘယ်လုပ်လို့ ရမှာလဲ၊ နောက်ပြီးတော့ အခုလို လူသတ်မှုတွေ ကျူးလွန်ဖို့အတွက် မြင်းရထား မောင်းသမားဘဝက အကောင်းဆုံးပဲဗျ၊ လူတစ်ယောက်နဲ့ တစ်ယောက် ခြေရာခံလိုက်ဖို့အတွက် မြင်းရထားက အသင့် တော်ဆုံးပါပဲဗျာ"

ဟုပြောလေ၏။

(မှတ်ချက်။ ထိုခေတ်က ရန်ကုန်မြို့၌ Taxi ကားများထက် မြင်းရထားက ပိုမိုများပြားလေ၏။ ဟရေးသူ)

ဆားပုလင်းမင်းအောင်က ဆက်လက်၍ ...

"ဖိုးစိန်လမ်းက တိုက်ပျက်ကြီးမှာ လုပ်ကြံခံရတဲ့ ကျင်ယုံ ဆီမှာ ယူနန်ပြည်နယ်က ထည့်လိုက်တဲ့ စာနစ်စောင်ကို တွေ့ရတယ် စာထဲမှာ တရုတ်လိုရေးထားတာက ကျင်ယုံ



www.burmeseclassic.com

www.burmeseclassic.com



နှင့်ကုလုံ နောက်ကို့ ဝမ်ယုက ကလဲ့စားချေဖို့ လိုက်နေပြီဆိုတဲ့ အစီပွာယ်ရတယ်၊ ဒီစာကို ထောက်ရှုခြင်းခြင်း ကျင်ယုံ သေဆုံးပြီးတဲ့နောက်မှာ ကုလုံ ဆိုတဲ့ပုဂ္ဂိုလ်လည်း တိုက်ခိုက်ခံရနိုင်တယ်လို့ သုံးသပ်မိတယ်၊ ဒါပေမဲ့ ကျွန်တော် နည်းနည်းနောက်ကျသွားတယ်ဗျာ၊ ကုလုံရဲ့အသက်ကို မကယ်နိုင်လိုက်ဘူး၊ နောက်ပြီးတော့ တရားခံဟာ ရထားလုံးမောင်းသမား ဖြစ်မယ်လို့ သံသယရှိတဲ့အတွက် ကျုပ်ရဲ့နင်ဂျာလေးတွေကို ရထားလုံးသမားတွေအကြောင်း စုံစမ်းခိုင်းခဲ့တယ်၊ ဒါပေမဲ့ ကျုပ်တို့ ကံဆိုးချင်တော့ တရားခံက သူ့ရဲ့ရထားလုံးကို အနားပေးပြီး အမှုအခြေအနေကို စောင့်ကြည့်နေတယ်၊ ဒါကြောင့် ကျုပ်ရဲ့နင်ဂျာလေးတွေဟာ တရားခံရဲ့သတင်းကို လွယ်လွယ်ကူကူ မစုံစမ်းနိုင်ခဲ့ဘူး၊ တရားခံဟာ အဖမ်းခံရမယ့်နေ့ ရောက်တော့မှ စဉ့်အိုးတန်းဆိပ်ကမ်းနားမှာ မြည်းလှည်းရောက်လာပြီး ဂိတ်ထိုးနေခဲ့တာပဲ”

ဟု ပြောလေရာ စုံထောက်ဦးပေါ်ဦးကြီးက ...





“ကျုပ်တို့ကလည်း ဒီနေ့ရောက်တော့မှ ဆိုက်ဆိုက်မြိုက်မြိုက် ဖမ်းမိတာပဲပေါ့၊ ဝမ်ယုဆိုတဲ့လူက သိုင်းသမားပီပီ ကိုမင်းအောင်ကို အလွယ်တကူ အဖမ်းမခံဘဲ ပြန်ပြီးခုခံတယ်နော်၊ အဲဒီတုန်းက ကျုပ်တို့ဟာ လက်ထဲမှာ ခြောက်လုံးပြူးကိုယ်စီနဲ့ ပစ်ရနိုးနိုး ရပ်ကြည့်ရနိုးနိုး ဖြစ်နေကြတယ်၊ အနီးပတ်ဝန်းကျင်က လူတွေကတော့ လက်ဝှေ့ပွဲပွဲကြီးပွဲကောင်းကြည့်ရသလို အားပေးနေကြတာဗျ၊ နောက်ဆုံး သူတို့အားပေးတဲ့သူဟာ ဆားပုလင်းမင်းအောင်ဖြစ်မှန်းသိရော ဆားပုလင်းမင်းအောင်၊ ဆားပုလင်းမင်းအောင်နဲ့ ဝက်ဝက်ကွဲအောင် အားပေးလိုက်ကြတာများ လူတွေများလွန်းတော့ ကျုပ်တို့တောင် မနည်းတိုးထွက်ရတယ်၊ ဟဲဟဲ ... ကိုမင်းအောင်ကတော့ဗျာ ရုပ်ရှင်မင်းသားတွေထက်တောင် စန်းပွင့်သေးတယ်”

ဟု ချီးမွမ်းလေရာ ဆားပုလင်းမင်းအောင်သည် ...အား သူ့တစ်ပါး ချီးမွမ်းတိုင်း ဝမ်းမြောက်တတ်သူ မဟုတ်...ဖြင့် ငြိမ်သက်စွာပင် နားထောင်နေလေ၏။ ပြီးနောက် ဆားပု...လင်းမင်းအောင်က ...



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့အလုပ်က သက်စွန့်ဆံဖျား အလုပ်ဗျ၊ သေမင်းနဲ့ အချိန်မရွေး မိတ်ဆွေဖြစ်သွားနိုင်တယ်၊ ဒီလိုဘဝမျိုးနဲ့ နေထိုင်ရတဲ့ဘဝမှာ ကျုပ်တို့ကို သူတစ်ပါး ချီးမွမ်းပြီး ထင်ပေါ်ကျော်ကြားတာ မလိုချင်ပါဘူးဗျာ၊ ကျုပ်တို့အလုပ်က . လျှို့ဝှက်လေ ကောင်းလေပဲ"

ဟု ပြောလေ၏။ ထိုအခါ စုံထောက်ဦးပေါ်ဦးက ရယ်မော၍ ...

"ဟား ဟား ဟား ... ကိုမင်းအောင်ရဲ့ စိတ်ဓာတ်ကတော့ ကိုစိန်မြင့်တို့ ကိုတင်လှတို့နဲ့ ကွာပါ့ကွာ၊ ဒီလူတွေဆိုရင် အသားလွတ် နာမည်ကြီးချင်လွန်းလို့ အရည်အချင်းမရှိဘဲ နာမည်မကြီး,ကြီးအောင် လုပ်နေကြတယ်"

ဟု ပြောဆိုလေရာ ဆားပုလင်းမင်းအောင်သည် မည်သည့်စကားကိုမျှ မဆိုတော့ပဲ ငြိမ်သက်စွာဖြင့် တစ်စုံတစ်ခုကို လေးလေးနက်နက် တွေးတောနေလေတော့၏။

◆ ✻ ◆





ဆီးနှင်းများ ထူထပ်စွာ ကျရောက်နေသော ယူနန်ပြည်နယ်၏ တောင်တန်းများပေါ်တွင် အဘိုးအိုတစ်ဦးသည် အထုပ်ကြီးတစ်ထုပ်ကိုထမ်း၍ တရွေ့ရွေ့ သွားလာနေလေ၏။ ဆီးနှင်းများ မိုးပေါက်ကဲ့သို့ ကျနေသဖြင့် ရာသီဥတုသည် အလွန်အေးမြနေလေ၏။

အဘိုးအိုသည် တောင်ပေါ်သို့ တရွေ့ရွေ့တက်သွားပြီး နှင်းမိုးများခိုရန် ကျောက်စွယ်ကျောက်တန်းတစ်ခုအောက်သို့ ဝင်လိုက်၏။ ပြီးနောက် ကိုယ်ပေါ်တွင် ထမ်းလာသောအထုပ်ကို မြေပေါ်သို့ အသာအယာ ချလိုက်လေ၏။

ထိုအခါ အထုပ်ထဲမှ ကလေးငယ်တစ်ဦး ခေါင်းပြူထွက်လာပြီး ...

"ဆာလိုက်တာ ဘိုးဘိုးရယ်၊ စားစရာ ဘာမှမရှိတော့ဘူးလား။ နည်းနည်းကျွေးပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဟု တောင်းဆိုလေ၏။ အဘိုးအိုသည် ကလေးငယ်၏ ဆာလောင်မွတ်သိပ်ပုံကိုကြည့်၍ လွန်စွာ စိတ်မကောင်းဖြစ်သွားလေ၏။

အဘိုးအို၌ ကလေးငယ်အတွက် ချန်ထားသော နောက်ဆုံးရိက္ခာ ဓားလွီးမုန့်လေးတစ်တုံးသာ ကျန်တော့၏။

အဘိုးအိုသည် လမ်းခရီး၌ အကူအညီ ရလိုရငြား မျှော်လင့်ချက်ဖြင့် ခရီးဆက်နေခြင်းဖြစ်၏။

အဘိုးအိုကိုယ်တိုင်ပင် အစာမစားသည်မှာ ရက်များစွာ ကြာခဲ့လေပြီ။

အဘိုးအိုသည် မြေးကလေးအတွက်သာ ရည်စူးပြီး မိမိအင်္ဂတေခံကာ ခရီးကိုဆက်နေခြင်းဖြစ်၏။

မိမိ၌ ယူဆောင်လာသော ရိက္ခာများကို ကလေးငယ်အတွက် တစ်ရက်ပြီးတစ်ရက် ချွေတာပြီး ကျွေးခဲ့၏။

ယခု ဓားလွီးမုန့်လေးတစ်ခုသာ ကျန်တော့၏။ ကလေးငယ်ကလည်း ဆာလောင်လွန်း၍ နောက်ဆုံးရိက္ခာ ဓားလွီးမုန့်လေးကို တောင်းနေချေပြီ။





အဘိုးအိုသည် ကလေးငယ်၏ အားငယ်နွမ်းလျသော မျက်နှာလေးကိုကြည့်၍ အံကိုကြိတ်ကာ နောက်ဆုံးရိက္ခာ ဓားလွီးမုန့်လေးကိုကျွေးရန် ဆုံးဖြတ်လိုက်၏။ အဘိုးအိုသည် သေချာစွာ သိမ်းထားသော ဓားလွီးမုန့်လေးကို ကလေးငယ်အား တစ်ဖဲ့ချင်း ကျွေး၍ ရေကိုတိုက်လိုက်လေ၏။

သားငယ်လေးသည် ဓားလွီးမုန့်ကို အငမ်းမရစား၍ ရေကို အငမ်းမရ သောက်လေ၏။ အဘိုးအိုသည် ကလေးငယ် ဆာလောင်နေပုံကိုကြည့်၍ နောက်ဆုံး ကလေးငယ်အတွက် ကျွေးစရာ မရှိတော့လျှင် မိမိ၏ လက်မောင်းသွေးကိုပင်ဖောက်၍ ကျွေးမွေးရန် ဆုံးဖြတ်ထား၏။

ကလေးငယ်သည် ဓားလွီးမုန့် စားလိုက်ရသဖြင့် အနည်းငယ် အဆာပြေသွားပြီး လေကွယ်ရာအရပ်၌ ခွေခွေလေး လဲလိုက်လေ၏။ ကလေးငယ် အလွန်ပင်ပန်းနေကြောင်း အဘိုးအို ရိပ်မိလိုက်၏။

မိမိကိုယ်တိုင်လည်း မြေပေါ်သို့ လဲကျမေ့မြောလု မတတ် ပင်ပန်းနွမ်းနယ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုသည် ကလေးငယ်ကို ကျွေးမွေးရင်း အနီး၌မှီ၍ အနားယူလိုက်၏။

ထိုသို့ အနားယူရင်း ပင်ပန်းနွမ်းနယ်လွန်းလှသဖြင့် ကလေးငယ်နှင့်အတူ အိပ်ပျော်သွားလေ၏။ ထိုစဉ်မှာပင် မြန်မာပြည်ဘက်မှ လက်ဖက်ခြောက်များ ရောင်းချပြီး ပြန်လာသော ကုန်သည်တစ်စု၏ လားတန်းကြီးသည် အဘိုးအိုတို့မြေအဘိုးရှိသော တောင်ကြီးသို့ တရွေ့ရွေ့ တက်လာ၏။

လားတန်းကြီးကို အုပ်ချုပ်ရသော အကြီးအကဲသည် နှင်းမုန်တိုင်း ပြင်းထန်လှသဖြင့် တောင်ပေါ်ရှိ လေကွယ်ရာအရပ်၌ နားခိုရန် အမိန့်ထုတ်ပြန်လိုက်လေ၏။

လက်ဖက်ခြောက်ကုန်သည်များ၏ ခရီးသည် အလျင်လိုစရာ အကြောင်းမရှိတော့ချေ။ မိမိတို့ထံတွင် ပါရှိသော လက်ဖက်ခြောက်များကို ကုန်စင်အောင်ရောင်းချပြီး မြန်မာပြည်ဘက်မှ အဖိုးတန်ကျောက်စိမ်း၊ မဂျစ်ဥ၊ ခမ်းတောက်မြစ် စသည်တို့ကို ဝယ်ယူလာပြီဖြစ်၏။ လားတန်းကြီးနှင့် လိုက်ပါလာသော လက်ဖက်ခြောက်ကုန်သည်များသည် တောင်ပေါ်ရှိ လေကွယ်ရာကျောက်





ဆောင်ကြီး၏အောက်၌ အိပ်ပျော်နေသော အဘိုးအိုနှင့် မြေးကလေးကို မြင်သောအခါ အလွန်အံ့ဩသွားလေ၏။

ဤမျှ ရာသီဥတု ဆိုးဝါးပြင်းထန်သောအခါ၌ လူမမယ်ကလေးငယ်နှင့် အဘိုးအိုသည် တောင်ပေါ်သို့ ရောက်ရှိနေခြင်းမှာ အံ့ဩဖွယ်ကောင်းလွန်းလှ၏။ ကုန်သည်များ၏ ခေါင်းဆောင်သည် အဘိုးအိုနှင့် ကလေးငယ်ကို သက်ရှိထင်ရှား ရှိပါလေစွဟုတွေးကာ လားကုန်သည်များကို စမ်းသပ်ခိုင်းလိုက်၏။ ထိုအခါ အဘိုးအိုနှင့် ကလေးငယ်သည် သိပ်ပျော်နေကြောင်း သိရ၏။ ခဏကြာလျှင် အဘိုးအိုသည် ဆူညံသော လူအုပ်ကြီး၏ အသံကြောင့် အိပ်ရာမှ နိုးလာ၏။

ထိုအခါ လက်ဖက်ခြောက်ကုန်သည်များကို မမျှော်လင့်ဘဲ မြင်လိုက်ရသဖြင့် "ငါမသေတော့ဘူး"ဟု ကြုံးဝါးကာ မေ့မြောသွားလေတော့၏။

ထိုအခါ လက်ဖက်ကုန်သည်များသည် အဘိုးအိုကို ဝိုင်းဝန်းပြုစုပြီး ပြန်လည်သတိရအောင် ကြိုးပမ်းလေ၏။ အိပ်ရာမှနိုးလာသော ကလေးမလေးကို အစားအသောက်များ ကျွေးမွေးရ၏။



www.burmeseclassic.com

www.burmeseclassic.com



အဘိုးအို ပြန်လည်၍ သတိရလာသောအခါ လက်ဖက်ခြောက်ကုန်သည်များက ဖြစ်ကြောင်းကုန်စင်ကို မေးမြန်းလေ၏။ ထိုအခါ အဘိုးအိုက ၎င်းတို့၏ အဖြစ်ဆိုးကို ပြန်လည်ပြောဆိုလေ၏။ အဘိုးအို၏အမည်မှာ ကူဖုန်းဟူ၍ ဖြစ်၏။

အဘိုးအိုသည် ဤအရပ်မှ မိုင်ပေါင်းများစွာဝေးသော အရပ်မှ လာခဲ့ကြောင်း၊ ၎င်းတို့ရွာကလေးကို ဓားပြများဝင်ရောက်ဖျက်ဆီးပြီး တစ်ရွာလုံး မီးတင်ရှို့ခဲ့ကြောင်း၊ ထို့ကြောင့် မြေးအဘိုးနှစ်ယောက်တည်း လွတ်ရာကျွတ်ရာ ပြေးခဲ့ရကြောင်း ပြော၏။

လက်ဖက်ခြောက်ကုန်သည်များသည် မြေးအဘိုးနှစ်ယောက်၏ဘဝကို များစွာ ကရုဏာသက်ကြလေ၏။ ထို့ကြောင့် ၎င်းတို့ရွာသို့ လိုက်ခဲ့ရန် ဖိတ်ခေါ်ပြီး နှင်းမုန်တိုင်းစဲသည်နှင့် လက်ဖက်ခြောက်လားတန်းကြီး ခရီးဆက်ခဲ့လေ၏။

လက်ဖက်ခြောက်ကုန်သည်များ၏ ခေါင်းဆောင်သည် ထိုရွာ၏အကြီးအမှူးပင်ဖြစ်၏။ ရွာကလေးသည် တောင်ခြေတစ်စု၏အနီး၌ ရှိလေ၏။ အဘိုးအိုသည် ရွာသို့ရောက်ပြီး ရက်အနည်းငယ်ကြာသောအခါ သူ၏ကျန်းမာရေး ပြန်လည်ကောင်းမွန်လာ၏။





ထို့ကြောင့် ရွာသားများကပေးသော မြေနေရာ၌ ၎င်းတို့မြေးအဘိုး နေထိုင်ရန် အိမ်ကို ကိုယ်တိုင်ဆောက်လေ၏။ အိမ်ဆောက်ပြီးသောအခါ ခိုင်ခံ့သော ခြံစည်းရိုးကိုလည်း ပြုလုပ်လေ၏။

အဘိုးအို ကူဖုန်းသည် ကျန်းမာရေး အလွန်ကောင်းမွန်ပြီး လူငယ်များကဲ့သို့ အပင်ပန်းခံနိုင်လေ၏။ ထို့ကြောင့် စိုက်ပျိုးရေးအလုပ်များကို ကိုယ်တိုင် အားကြိုးမာန်တက် ပြုလုပ်၏။

BURMESE CLASSIC .com

အဘိုးအိုသည် ယခင်က မုဆိုးအလုပ်ကို လုပ်၍ သက်မွေးဝမ်းကျောင်းဖူး၏။ ထို့ကြောင့် ရွာကလေး၌ နေထိုင်သောအခါ မုဆိုးအလုပ်ကိုပင် ပြန်လည်လုပ်ကိုင်ပြီး ကြိုးစားပမ်းစား ရှာဖွေလေရာ မကြာမီ စီးပွားဥစ္စာ တိုးတက်လာ၏။

ထိုအခါ ရွာ၏အကြီးအကဲသည် ကူဖုန်း၏ ဇွဲလုံ့လဝီရိယကို ချီးမွမ်း၍ ၎င်းတို့ရွာသားများကိုလည်း အဘိုးအိုကို စံနမူနာယူ၍ ကြိုးပမ်းရန် ဆုံးမလေ၏။

၎င်းတို့နေထိုင်သော ရွာကြီးသည် ယခင်က ရွာငယ်လေးသုံးရွာကို ပေါင်းစပ်ထားခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ယခင်ရွာငယ်လေးများနှင့် နေထိုင်စဉ်က တောင်ကြီး၏တစ်ဖက်ရှိ လွင်ပြင်ကျယ်ကြီး၌ နေထိုင်၏။

သို့သော် လွင်ပြင်ကျယ်ကြီး၌ သဘာဝခုခံကာကွယ်မှုမရရှိသဖြင့် တောပုန်းဓားပြများ၏ ကျူးကျော်ရန်စခြင်းကို မကြာခဏ ခံရ၏။ နောက်ဆုံးတွင် ရွာလေးသုံးရွာ စုပေါင်း၍ တောင်ကြီး၏တစ်ဖက် သဘာဝအတားအဆီးများရှိရာသို့ ရွှေ့ပြောင်းလာခြင်းဖြစ်၏။

၎င်းတို့နေထိုင်သောရွာ၏ အဓိကထွက်ကုန်မှာ လက်ဖက်ပင်ဖြစ်၏။ လက်ဖက်ထွက်သော ရာသီ၌ မြန်မာပြည်ဘက်သို့ လားတန်းရှည်ကြီးနှင့် လက်ဖက်ရောင်း ထွက်ကြ၏။ လက်ဖက်ရောင်း၍ ရရှိသောငွေများနှင့် မြန်မာပြည်ဘက်ရှိ ကုန်များကို ပြန်လည်ဝယ်ယူပြီး တရုတ်ပြည်ထဲသို့ ပြန်လည်ရောင်းချ၏။

ဤသို့ဖြင့် ၎င်းတို့ရွာကြီးသည် တဖြည်းဖြည်း စီးပွားဖြစ်ထွန်းလာပြီး တစ်ရွာလုံး ငွေကြေးချောင်လည်လာကာ ကျန်းမာပျော်ရွှင်စွာ နေနိုင်လေတော့၏။

♦ ✻ ♦





အဘိုးအို ကူဖုန်း၏အသက်မှာ ရွာကြီးသို့ ရောက်စဉ် (၆၅)နှစ်ရှိပြီဖြစ်၏။ အဘိုးအိုသည် တစ်ဦးတည်းသော မြေးမလေးကို ဂန္ဓမာဟု နာမည်ပေးထား၏။ အဘိုးအိုကူဖုန်းသည် ဂန္ဓမာလေး အရွယ်ရောက်လာသောအခါ လွန်စွာချောမောလှပသဖြင့် တစ်ရွာလုံးရှိ ကာလသားများ၏ ပါးစပ်ဖျား၌ ဂန္ဓမာလေး၏ အမည်သတင်းသည် ထင်ရှားလေ၏။

သို့သော် ဂန္ဓမာလေး၏ အဘိုးသည် တောလိုက်မုဆိုးတစ်ဦးဖြစ်သဖြင့် ဂန္ဓမာအား ပိုးပန်းရုံကလွဲပြီး မည်သူမျှ ထိကပါး ရိကပါး မလုပ်ခဲ့ချေ။

ဂန္ဓမာတို့ နေထိုင်သောရွာ၏ အကြီးအကဲသည် နှစ်ကာလ ကြာသောအခါ တဖြည်းဖြည်း သူ၏အမူအကျင့်များ ပြောင်းလဲလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ယခင်ရွာကြီးသုံးရွာ မစုပေါင်းမီက ဓားပြများ၏ တိုက်ခိုက်မှုကြောင့် သူတို့ရွာများ ပျက်လုမတတ် ဖြစ်ခဲ့၏။ ထို့ကြောင့် ဤအရပ်သို့ ပြောင်းရွှေ့ပြီး ရွာကြီးအဖြစ်သို့ ရောက်သောအခါ ရွာ၏ကာကွယ်ရေးတို့ကို အလေးထား၍ ဆောင်ရွက်ကြ၏။

ရွာ၌ လက်နက်များ ဝယ်ယူစုဆောင်းပြီး တိုက်ရည်ခိုက်ရည်ရှိသူများကိုလည်း တပည့်တပန်းများအဖြစ် မွေးမြူထားလေ၏။

ရွာအကြီးအကဲ၏ တပည့်တပန်းများသည် အနယ်နယ် အရပ်ရပ်မှ လူဆိုးလူသွမ်းများလည်းပါ၏။ ထိုလူများသည် ရွာထဲတွင် လှည့်လည်ရင်း ၎င်းတို့၏ ရိုင်းပျမှုကြောင့် ရွာသူရွာသားများနှင့် ခိုက်ရန်ဖြစ်ပွားကြ၏။

ထိုသို့ ခိုက်ရန်ဖြစ်ပွားသည့်အခါ ရွာအကြီးအကဲသည် ရွာသူရွာသားများဘက်က မလိုက်ဘဲ သူ၏တပည့်များဘက်က လိုက်တာများလေ၏။

ထိုအခါ အကြီးအကဲကို မကျေနပ်သော ရွာသားတချို့ရှိလာ၏။ သို့သော် ထိုရွာသားများသည် ရွာအကြီးအကဲ





တပည့်များ၏ ရိုက်နှက်ညှဉ်းပန်းခြင်းကို ခံရ၏။ နှိပ်စက်ခြင်းကိုလည်း ကြုံရ၏။

တစ်ခါတစ်ရံ အသက်အန္တရာယ်ကိုပင် ရန်ရှာတတ်လာ၏။

ထို့ကြောင့် အကြီးအကဲတပည့် လူဆိုးလူမိုက်များနှင့် ဖက်ပြိုင်၍ ရန်မဖြစ်တော့ချေ။

ထိုအခါ ရွာအကြီးအကဲ၏သြဇာ တဖြည်းဖြည်း တက်လာပြီး ယခင်ကကဲ့သို့ ရွာသူရွာသားများအကျိုးကို မဆောင်ရွက်တော့ပဲ မိမိကိုယ်ကျိုးအတွက်သာ ဆောင်ရွက်တော့၏။

ဤသို့ဖြင့် ယခင်က စည်းလုံးညီညွတ်ခဲ့သော ရွာကြီးသည် ရွာသူရွာသားများကတစ်ဖက်၊ ရွာအကြီးအကဲကတစ်ဖက်နှင့် စည်းလုံးမှု ပြိုပျက်လာ၏။

ရွာအကြီးအကဲသည် သူ၏တပည့်တပန်း လူဆိုးလူမိုက်များ၏ မြှောက်ပင့်ပေးမှုကြောင့် တစ်ရွာလုံးကို မိမိ၏လက်အောက်ငယ်သားများဟု ထင်မြင်လာပြီး ရိုင်းပျစွာ ဆက်ဆံလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ရွာသူရွာသားများသည် အကြီးအကဲ၏ ဖောက်ပြန်မှုကြောင့် ခေါင်းဆောင်သစ်ရှာရန် ကြံကြ၏။ သို့သော် အကြီးအကဲ၏တပည့် လူဆိုးလူမိုက်များကိုကြောက်၍ မည်သူမျှ ခေါင်းဆောင်မလုပ်ဝံ့ချေ။

♦ ✻ ♦





ရွာအကြီးအကဲ၌ လွန်စွာဆိုးသွမ်းသော သားနှစ်ယောက် ရှိလေ၏။

သားကြီး၏အမည်မှာ ကျင်ယုံ ဖြစ်ပြီး သားငယ်အမည်မှာ ကုလုံဖြစ်၏။

အကြီးအကဲ၏ သားနှစ်ယောက်သည် ယခင်ကဘဝကို မေ့နေပြီး ဖခင်၏အရှိန်အဝါကိုသုံး၍ လောင်းကစားခြင်း၊ အရက်သောက်ခြင်း၊ မိန်းမပျိုများကို ဖျက်ဆီးခြင်း စသည့် မကောင်းမှုဒုစရိုက် အမျိုးမျိုး၌ ပျော်မွေ့နေလေတော့၏။

၎င်းတို့သည် ဖခင်၏ဩဇာအရှိန်အဝါကြောင့် မာန်မာန် ထောင်လွှားပြီး တစ်ဦးလျှင် မိန်းမသုံးယောက်စီ ယူထားကြ၏။

၎င်းတို့သည် မိန်းမကိုယ်စီ ယူထားသော်လည်း ခြိမငြိမ်နိုင်သေးပဲ မိန်းမချော မိန်းမလှများတွေ့လျှင် ခြေတော်တင်ဆဲ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ကျင်ယုံနှင့် ကုလုံ ညီအစ်ကိုနှစ်ယောက် ဆိုးမိုက်နေသော်လည်း တစ်ရွာလုံး တားမယ့်သူမရှိ ဖြစ်နေ၏။

ကျင်ယုံတို့ညီအစ်ကိုသည် တစ်ရွာလုံး၌ အချောဆုံး ဖြစ်သော ဂန္ဓမာ၏ အချစ်ပန်းကိုလည်း ခြွေယူလိုကြ၏။

ဂန္ဓမာသည် လူဆိုးလူမိုက်များ အားကိုးနှင့် ရမ်းကားနေသော ကျင်ယုံနှင့် ကုလုံကို ရွံရှာလွန်းသဖြင့် ၎င်းတို့ကို အဖက်မလုပ်ဘဲ နေလေ၏။

ကျင်ယုံတို့ညီအစ်ကိုသည် တော်တန်ရုံမိန်းမဆိုလျှင် ၎င်းတို့၏လူဆိုးလူမိုက်များ အားကိုးနှင့် သိမ်းပိုက်လိုက်ပြီ ဖြစ်သော်လည်း အဘိုးကြီး ကူဖုန်းသည် တောလိုက်မုဆိုး ဖြစ်သဖြင့် အနိုင်မကျင့်ရဲပဲ ဖြစ်နေလေ၏။

၎င်းတို့ညီအစ်ကိုသည် ဂန္ဓမာပန်းလေးကို သူ့ထက်ငါ အပြိုင်အဆိုင် ပိုးပန်းရင်း တစ်ယောက်ခြေလှမ်းကို တစ်ယောက် စောင့်ကြည့်နေကြ၏။

◆❋◆





တရုတ်လူမျိုးတို့၏ လမုန့်ပွဲတော်အခါသို့ ရောက်သော် တစ်ရွာလုံး လမုန့်များလုပ်ကြလေ၏။ ဂန္ဓမာသည် လမုန့်ပွဲတော်အတွက် ရွာထဲရှိ သူငယ်ချင်းများနှင့်အတူ ပြင်ဆင်လေ၏။

အဘိုးကြီး ကူဖုန်းသည် အိမ်တံခါးရှေ့၌ စားပွဲခင်းထိုက်ပြီး ဂန္ဓမာတို့ မိန်းမသားများက စားပွဲပေါ်သို့ လမုန့်များ၊ သစ်သီးများ၊ စပါးအညှောက်ပေါက်များ၊ လက်ဖက်ခြောက်များကို တင်၍ အမွှေးတိုင် ဖယောင်းတိုင်များထွန်းကာ လမင်းကို ပူဇော်သ၏။

ထိုသို့ ပူဇော်ပြီးသောအခါ လမုန့်များ သစ်သီးများကို အိမ်သူအိမ်သားများ စားသောက်နိုင်ရန် အဘိုးကြီး ကူဖုန်းသည် လမင်းထဲ၌ ဆုတောင်းရင်း မြေးမလေးဘက်သို့ လှည့်ကာ...



www.burmeseclassic.com

www.burmeseclassic.com



"အကြီးအကဲအိမ်ကို လမုန့်ပို့ပေးရဦးမယ်"

ဟု ပြောလိုက်ရာ ဂန္ဓမာက ခေါင်းညိတ်၍ ...

"သမီး သိပါတယ် ဘိုးဘိုး၊ သူငယ်ချင်းတွေနဲ့ သွားပို့လိုက်မယ်"

ဟု ပြောလေ၏။ အဘိုးအို ကူဖုန်းသည် ရှီးရာဆုတောင်းစရာများ ရှိသေးသဖြင့် သမီးဖြစ်သူကို လမုန့်ပို့ရန် ထွက်လိုက်လေ၏။

ဂန္ဓမာသည် ရွာထဲရှိ သူငယ်ချင်း မိန်းမပျိုနှစ်ဦးနှင့်အတူ အကြီးအကဲ၏ ကြီးကျယ်ခမ်းနားသော ခြံအိမ်ကြီးဆီသို့ လမုန့်ပို့ရန် သွားလေ၏။

စံအိမ်၏တံခါးဝသို့ ရောက်သောအခါ အစောင့်များက လမုန့်များကို ယူထားလိုက်ပြီး ...

"လမုန့်ပို့ရုံလောက်နဲ့ အကြီးအကဲနဲ့ တွေ့စရာမလိုဘူး"

ဆိုကာ ဂန္ဓမာတို့ကို ပြန်လွှတ်လိုက်လေ၏။

ဂန္ဓမာတို့သည် အကြီးအကဲ၏ အဆင့်အတန်းခွဲခြားပုံကို မကျေမချမ်းဖြစ်ပြီး ပြန်ခဲ့လေ၏။ ရွာသူမိန်းကလေးတစ်ဦးက ...





"ဒီလူကြီးဟာ ငါတို့ရွာသားအချင်းချင်းဆို သိပ်နှိမ်တယ်၊ မြို့ပေါ်က ကုန်သည်ကြီးတွေ ဆိုရင်တော့ သူကိုယ်တိုင် ပျာပျာသလဲ ဆီးကြိုတယ်"

ဟု ပြောဆိုလေ၏။ ဂန္ဓမာနှင့် မိန်းကလေးများသည် အကြီးအကဲအိမ်မှ ပြန်လာပြီး ရွာလယ်ရှိ ဝါးရွက်စိမ်းအရက်ဆိုင် ...မှ ဖြတ်ရလေ၏။

ဝါးရွက်စိမ်းအရက်ဆိုင်၌ စားသောက်ဖွယ်ရာမျိုးစုံ ...ပြီး တစ်နယ်တစ်ကျေးမှ လာရောက်သူများလည်း တည်းခိုနိုင် ...။ ဂန္ဓမာတို့ မိန်းကလေးတစ်စု ဝါးရွက်စိမ်းအရက်ဆိုင်ရှေ့သို့ ...က်သောအခါ ဆိုင်ထဲမှ အရက်သမားတစ်စု ထွက်လာပြီး ...မာကို မြင်သောအခါ မျက်လုံးများ ပြူးကျယ်သွားပြီး ...

"ဟိုက် ... အချောအလှလေး ဂန္ဓမာပါလား၊ ဝါးရွက်စိမ်းဆိုင်ရှေ့ကိုရောက်မှ ဆိုင်ထဲကို ဝင်ခဲ့ပါဦး၊ ကျုပ်တို့သခင်လေး ကျင်ယုံ ရှိတယ်"

ဟု ပြောဆိုကာ ဂန္ဓမာ၏ရှေ့မှ ပိတ်ရပ်လိုက်၏။ ...သည် ကျင်ယုံ၏ တပည့်တစ်ဦးဖြစ်ပြီး အရက်မူးလျှ...



www.burmeseclassic.com

www.burmeseclassic.com



အလွန်သွေးဆိုးတတ်သူဖြစ်၏။ ဂန္ဓမာသည် တောလိုက်မုဆိုး၏ မြေးပီပီ သတ္တိကောင်းသူဖြစ်ပြီး ...

"ဟဲ့ကောင် ... ငါ့ရှေ့ကဖယ်စမ်း၊ ပါးကျိုးသွားချင်လား"

ဟု ကြိမ်းမောင်းလိုက်ရာ အရက်သမားများက တဟားဟားရယ်မော၍ ...

"မဖယ်ဘူးဟေ့၊ ဝါးရွက်စိမ်းအရက်ဆိုင်ထဲကိုဝင်ပြီး သခင်လေးနဲ့အတူ အရက်သောက်ပြီးမှ ပြန်ရမယ်"

ဟု ပြောလေ၏။ ထိုအချိန်၌ ၎င်းတို့၏သခင် ကျင်ယုံသည် ဝါးရွက်စိမ်းအရက်ဆိုင်၏ အပေါ်ထပ်၌ တစ်နယ်တစ်ကျေးမှ လာရောက်သော ဇိမ်မယ်တစ်ဦးနှင့် ပျော်ပါးနေလေ၏။ ဂန္ဓမာသည် သူ့မရှေ့မှ ကာဆီးထားသော အရက်သမားကို စိတ်မထိန်းနိုင်တော့ဘဲ ပါးကို ဖြန်းခနဲ ရိုက်ချလိုက်လေ၏။

အရက်သမားသည် ဂန္ဓမာ၏ ရိုက်ချက်ကြောင့် မျက်နှာမည်းခနဲ ဖြစ်သွားပြီး ...

"ကောင်မ ... နင် ငါ့ကိုရိုက်တယ်၊ မိုက်ရိုင်းတဲ့ကောင်မ သေပေတော့"





ဟုဆိုကာ ဂန္ဓမာ၏ပါးကိုရိုက်ရန် ချိန်ရွယ်လိုက်၏။

ထိုအခိုက်မှာပင် ၎င်းတို့အနီးသို့ မီးပုံးအလင်းရောင် ကျရောက်လာပြီး "ရပ်လိုက်စမ်း"ဟူသော အသံကို ကြားရ၏။ ထိုအသံကြောင့် အရက်သမားများ လှည့်ကြည့်လိုက်သောအခါ အညိုရောင်ဝတ်စုံ ဝတ်ဆင်ထားသော မျက်နှာစိမ်းတစ်ဦးကို တွေ့ရလေ၏။

ထိုမျက်နှာစိမ်း၏ကျောဝယ် ဓားတစ်လက်ကို သိုင်းလွယ်ထား၏။ မျက်နှာစိမ်းသည် ဝါးရွက်စိမ်းအရက်ဆိုင်ထဲမှ ထွက်လာခြင်းဖြစ်၏။ မျက်နှာစိမ်းက တည်ကြည်သော အမူအရာဖြင့် ...

"မင်းတို့လုပ်ရပ်ကို ငါ အားလုံးမြင်တယ်၊ မိန်းကလေးတွေ လမုန့်ပွဲတော်မှာ သွားလာနေတာကို မူးမူးရူးရူးနဲ့ နှောင့်ယှက်နေတယ်၊ နောက်ပြီးတော့ မင်းတို့ကပဲ ရိုက်နှက်ဖို့ကြံနေတယ်၊ ငါ့ရှေ့မှာ မတရားလုပ်တာ မမြင်ချင်ဘူး"

ဟု ပြောလိုက်ရာ အမူးသမားများသည် ဤမြို့မိမိတို့သည် အကြီးအကဲ၏ လက်အောက်ငယ်သားများ ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိမိတို့ရွာသို့ လာရောက်ကျူးကျော်သော မျက်နှာစိမ်း၏စကားကို မနာခံရန် ဆုံးဖြတ်လိုက်ပြီး ...

"ဟေ့ကောင် ... မင်းက ဘာကောင်မို့ ငါတို့ကိစ္စမှာ ဝင်ရှုပ်တာလဲ၊ ဒီရွာမှာ ငါတို့ ဘာကောင်တွေလဲဆိုတာ မသိဘူးလား၊ မင်း အသက်နဲ့ကိုယ် အိုးစားကွဲချင်လို့လား"

ဟု ပြန်လည်ခြိမ်းခြောက်လေရာ အညိုရောင်ဝတ်စုံဝတ်ဆင်သူက လက်ထဲတွင် ကိုင်ထားသော မီးပုံးကို တံခါးဝ၌ ချိတ်ဆွဲလိုက်ပြီး ...

"ငါဟာ မတရားတာမြင်ရင် ဘယ်တော့မှ နယ်မြေမရွေးဘူးကွ"

ဟု ပြောလိုက်လေ၏။

အရက်သမားများသည် အများနှင့်တစ်ယောက် ဖြစ်သဖြင့် မိမိတို့နိုင်မည်ဟု ယူဆကာ ဝိုင်းဝန်းတိုက်ခိုက်ကြလေ၏။ မျက်နှာစိမ်းသည် အရက်သမားအုပ်စုထဲသို့ဝင်၍ လေမုန်တိုင်းတိုက်သကဲ့သို့ တိုက်ခိုက်လိုက်ရာ အရက်သမားတစ်ယောက်ပြီး တစ်ယောက် မြေပေါ်သို့ ပြိုလဲကျသွားလေ၏။





ဂန္ဓမာတို့ မိန်းမသားတစ်စုသည် မျက်နှာစိမ်း၏ တိုက်ခိုက်ပုံကို အထိတ်တလန့် ကြည့်ရှုနေမိ၏။ မျက်နှာစိမ်းလူသည် အရက်သမားများ လဲကျသွားသောအခါ တံခါးဝ၌ ချိတ်ဆွဲထားသော မီးပုံးကို ပြန်ယူလိုက်ပြီး ဂန္ဓမာကို မျက်လုံးချင်းဆုံအောင်ကြည့်ကာ ...

"မင်းတို့အိမ်ကို ကျုပ်လိုက်ပို့ပေးမယ်"

ဟု ပြောလေ၏။ ဂန္ဓမာက မျက်နှာစိမ်းကိုကြည့်၍ ...

"အခုလို ကူညီတာ ကျေးဇူးတင်ပါတယ်ရှင်၊ အိမ်ကိုလိုက်ပြီး လည်ပါဦး၊ လမုန့်ပွဲတော်မှာ ကျွေးချင်လို့ပါ"

ဟု ပြောကာ မျက်နှာစိမ်းအား အိမ်သို့ခေါ်ဆောင်လာလေ၏။

အိမ်သို့ရောက်လျှင် အဘိုးအို ကူဖုန်းသည် အရက်သမားများ၏လုပ်ရပ်ကို ကြားသောအခါ ...

"ဒီကောင်တွေ ရွာအကြီးအကဲ အားကိုးနဲ့ အလွန်မိုက်ရိုင်းနေပါလား၊ ဒီရွာဟာ ကျုပ်တို့မြေးအဘိုးအတွက် ကျေးဇူးရှိပါတယ်၊ ဒါပေမဲ့ ဒီရွာမှာ မနေသင့်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ မျက်နှာစိမ်းလူအား ကျေးဇူးတင်ကြောင်း ပြောဆိုပြီး ထိုလူ၏ နောက်ကြောင်းရာဇဝင်ကို မေးမြန်း၏။

ထိုအခါ မျက်နှာစိမ်းလူငယ်က သူ၏အမည်မှာ ဝမ်ယု ဖြစ်ကြောင်း၊ အနီးအနားမြို့ပေါ်၌ ပန်းချီဆရာအဖြစ် အသက်မွေးကြောင်း၊ လက်ရေးလှရေးသော သင်တန်းကို ဖွင့်လှစ်ထားကြောင်း ပြောလေ၏။

ဝမ်ယု ဆိုသော လူငယ်၏စကားကြောင့် အဘိုးအိုကူဖုန်းက ...

"မောင်ရင်ရဲ့အလုပ်အကိုင်က အနုပညာသမားတစ်ယောက် ဖြစ်နေပမယ့် ကိုယ်ခံပညာကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်နေတယ်နော်"

ဟု အံ့ဩဟန်ဖြင့် ပြောဆိုလေရာ ဝမ်ယုက ...

"ကျွန်တော့်ရဲ့အဘိုးက သိုင်းသင်တန်းကျောင်း ဖွင့်ထားတဲ့ ဆရာကြီးတစ်ယောက်ပါ၊ ကျွန်တော်က အဘိုးရဲ့အမွေရခဲ့တယ်လို့ ဆိုနိုင်ပါတယ်"

ဟု ပြောလေရာ အဘိုးအိုက ...





"မောင်ရင် ဒီရွာကို ဘာကြောင့် ရောက်လာသလဲ"

ဟု မေးမြန်းလေ၏။ ဝယ်ယုဆိုသော လူငယ်က ...

"ဒီရွာပန်းဝန်းကျင်က အလှတွေကို ပန်းချီဆွဲဖို့ ရည်ရွယ်ပြီး ရောက်လာတာပါ၊ အခုတော့ ပန်းချီမဆွဲရပဲ ရန်ပွဲတွေပဲ ဖြစ်ရပြီ"

ဟု ပြောလေ၏။ အဘိုးကြီး ကူဖုန်းက သက်ပြင်းချ၍ ...

"မောင်ရင့်ကို ကျုပ် အကောင်းဆုံးအကြံတစ်ခု ပေးချင်တယ်၊ မောင်ရင် ဒီရွာက အမြန်ဆုံးထွက်သွားရင် ကောင်းမယ်၊ အကြီးအကဲရဲ့လူတွေနဲ့ ရန်ပွဲဖြစ်ပွားပြီဆိုရင် မောင်ရင့်မှာ ရန်သူတွေ ပတ်လည်ဝိုင်းနေသလို ဖြစ်လိမ့်မယ်၊ သူတို့မှာ လက်အောက်ငယ်သားတွေပေါတဲ့အပြင် ကောက်ကျစ်ယုတ်မာတယ်၊ မောင်ရင့်ကို အန္တရာယ်ပြုမှာ စိုးရိမ်တယ်"

ဟု ပြောလေရာ ဝမ်းယု ဆိုသော လူငယ်က ခေါင်းခါယမ်း၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဒီကောင်တွေကို လုံးဝမကြောက်ဘူး၊ သူတို့ အကြောင်းတွေကို ကျွန်တော် ကြားဖူးတာကြာပြီ၊ မိန်းက လေးတွေကို ဖျက်ဆီးပေါင်းလည်း မနည်းတော့ဘူး၊ ဒီညီ အစ်ကိုကြောင့် မိန်းကလေးတွေ ဒူးနဲ့မျက်ရည်သုတ်ပေါင်း များလှပြီ၊ သူတို့နဲ့ ထိပ်တိုက်တွေ့ပြီး ရင်ဆိုင်ဖြေရှင်း လိုက်ချင်တယ်"

ဟု ပြောလေ၏။ ဝမ်ယု၏စကားကြောင့် အဘိုးအို ကူဖုန်းက ကမန်းကတန်း လက်ကာပြ၍ ...

"သူတို့နဲ့ ရင်ဆိုင်ဖို့ ဘယ်တော့မှ မကြိုးစားနဲ့၊ ဒီကောင် တွေက လူစစ်စစ်ကနေ မိစ္ဆာဖြစ်နေတာကွ၊ ရွာက အမြန် ဆုံးပြန်ဖို့ ကျုပ် မေတ္တာရပ်ခံချင်တယ်"

ဟု ပြောလေ၏။ ဝမ်ယုဆိုသော လူငယ်သည် မိန်းမပျိုများ တည်ခင်းသော လမုန့်များကိုစား၍ အဘိုးအို၏အိမ် မှ ပြန်ခဲ့လေ၏။

ဝမ်ယုသည် ဂန္ဓမာကို မြင်မြင်ချင်း နှစ်သက်သလို ဖြစ်ပြီး မကြာခဏ မြင်ချင်တွေ့ချင်စိတ်များ ဖြစ်ပေါ်နေ၏။





ဝမ်ယုသည် ရဲဝံ့သော ယောက်ျားတစ်ယောက်ပီပီ အန္တရာယ်ပတ်လည်ဝိုင်းနေသော ရွာသို့လာပြီး ဂန္ဓမာအား တွေ့ ဆုံလေ၏။

အဘိုးအို ကူမုန်းသည် ခေါင်းမာလှသော ဝမ်ယုကို မတားဆီးတော့ဘဲ မကြာမီ ကျရောက်လာမည့် အန္တရာယ်ဆိုးကို စောင့်မျှော်နေလေ၏။ သို့သော် အကြီးအကဲ၏ တပည့်များသည် ဝမ်ယုအား မြို့မှလွှတ်လိုက်သော စုံထောက်တစ်ဦးဟု ထင်ကာ ဆက်လက်၍ ရန်ရှာခြင်း မရှိတော့ချေ။

ထို့နောက်တွင်မူ ဝမ်ယုနှင့် ဂန္ဓမာပန်းလေးသည် မကြာခဏ တွေ့ဆုံနေရာမှ တစ်ဦးနှင့်တစ်ဦး သံယောဇဉ်ကြိုး ရစ်ပတ်နှောင်တွယ်လေတော့၏။

မကြာမီ ၎င်းတို့ ချစ်သူများ ဖြစ်သွားကြောင်း တစ်ရွာလုံး သိသွားလေတော့၏။

သတင်းသည် ကျင်ယုံနှင့် ကုလုံထံသို့ ရောက်ရှိသွား သောအခါ မီးမီးလောင်သကဲ့သို့ ဖြစ်သွားလေ၏။ ကျင်ယုံသည် မကျေနပ်စိတ်ကြောင့် ဆွေ့ဆွေ့ခုန်နေပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"တောက် … တစ်ရွာသားက ဒီရွာမှာလာပြီး လူပါးဝသွားတယ်၊ ဂန္ဓမာပန်းကလေး … ငါတို့ကတော့ နင့်ကို မခြေရက်ပဲ အလှကြည့်ထားခဲ့တယ်၊ ဒါပေမဲ့ နင့်ရဲ့အလှက တစ်ရွာသားအတွက် ဖြစ်သွားတာလား"

ဟု ပြောဆိုလေရာ ကုလုံက …

"ရွာဇဝင်ရိုင်းလိုက်တာကွာ၊ ဒီရွာမှာ ငါတို့နှစ်ယောက်ကို ကျော်ပြီး ဘယ်သူအသက်ရှူဝံ့လို့လဲ၊ ဒီကောင့်ကို မြို့က လွှတ်လိုက်တဲ့ စုံထောက်ထင်လို့ ဘေးမဲ့ပေးထားတာ၊ ငါတို့ဆွတ်ခူးမယ့်ပန်းကို ဘယ်သူမှ မခူးစေရဘူး"

ဟု ကြုံးဝါးလေ၏။ ထို့နောက် လူယုတ်မာညီအစ်ကိုသည် ဂန္ဓမာကို ပိုင်ဆိုင်ခွင့်ရရန် နည်းအမျိုးမျိုး ကြံစည်လေတော့၏။

တစ်နေ့တွင် ဝမ်ယုနှင့် ဂန္ဓမာသည် ရွာပြင်ရေကန်ကလေး၌ထိုင်ကာ ရေကန်ထဲရှိ ကြာပွင့်လေးများကိုကြည့်၍ ဝမ်ယုက ကဗျာလေးတစ်ပုဒ်ကို စပ်ပြလေ၏။





ဂန္ဓမာသည် ဝမ်ယု စပ်ပြသော ကဗျာလေးကို သဘောကျလွန်းသဖြင့် အဝတ်စပေါ်၌ လက်ရေးလှဖြင့် ရေးသားပေးရန် ပြောဆိုလေ၏။ ထိုအခိုက်မှာပင် ကျင်ယုံနှင့် ကုလုံတို့ညီအစ်ကိုသည် မြင်းကိုယ်စီနှင့် ရွာပြင်ရေကန်သို့ ရောက်လာလေ၏။

ကျင်ယုံသည် ဝမ်ယုကိုမြင်သောအခါ မကျေမချမ်းဖြစ်နေသောစိတ်ကို ထိန်း၍ …

"ဘယ်လိုလဲ ဂန္ဓမာ၊ ကျုပ်တို့ညီအစ်ကိုရဲ့ မေတ္တာပန်းကမ်းလှမ်းတာကို မေ့နေပြီလား"

ဟု မေးမြန်းလေရာ ဂန္ဓမာက အံကိုကြိတ်၍ …

"မမေ့ပါဘူး၊ ရှင်တို့ညီအစ်ကိုရဲ့ စိတ်ဓာတ်တွေကို ကျွန်မမုန်းလွန်းလို့ အကြိမ်ပေါင်း မရေတွက်နိုင်အောင် ငြင်းခဲ့ပြီးပြီ၊ ဒီမှာ ရှင်တို့အတွက် မိန်းမသိပ်ရှားနေလား၊ ဒီရွာမှာ ကျွန်မကလွဲပြီး နောက်ပိုးစရာမိန်းမ မရှိတော့ဘူးလား"

ဟု လေသံဟဟဖြင့် ပြောလိုက်ရာ ကုလုံသည် မကျေမချမ်း ဖြစ်သွားပြီး …



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် နင့်ဘေးမှာ ထိုင်နေတဲ့ကောင်က ဘယ်သူလဲ၊ နင်နဲ့ ဘာတော်သလဲ"

ဟု မေးမြန်းလေ၏။ ဝမ်ယုသည် ထိုသူများ၏စကားကို ဝင်ရောက်ပြောဆိုခြင်း မရှိဘဲ ငြိမ်သက်စွာ ထိုင်ကြည့်နေလေ၏။

ဂန္ဓမာက ရင်ကိုကော့၍ ...

"သူ့နာမည် ဝမ်ယုလို့ ခေါ်တယ်၊ အနုပညာသမား၊ ပန်းချီဆရာတစ်ယောက်ပဲ၊ သူ့ကို ကျွန်မ မြတ်နိုးလွန်းလို့ ချစ်သူအဖြစ် လက်ခံလိုက်ပြီ"

ဟု ပြောလိုက်လေ၏။ ကျင်ယုံတို့ညီအစ်ကိုသည် ဂန္ဓမာ၏စကားကြောင့် ဒေါသမီးတောက်သွားပြီး ကျင်ယုံက ...

"ဒီမှာ ဂန္ဓမာ၊ ငါတို့ကတော့ နင့်ကို မချုံးရက် မချွေရက်လို့ အလုကြည့်ထားခဲ့တယ်၊ နင်ကတော့ တစ်ရွာသားကို အထင်ကြီးပြီး ဒီကောင့်မေတ္တာကို လက်ခံလိုက်တယ်၊ ဒီလိုလုပ်လို့ ဘယ်ရမလဲ"

ဟု ပြောလေရာ ကုလုံကလည်း ဝင်ရောက်၍ ...





"ဒီရွာမှာ ငါတို့ ဘယ်လောက်အရေးပါတယ်ဆိုတာ နင်သိတယ်နော်၊ နောက်ပြီး ဒီရွာရဲ့ကျေးဇူးက နင်တို့မြေးအဘိုးနှစ်ယောက်စလုံးမှာရှိတယ်၊ တစ်ရွာလုံး နင်တို့မြေးအဘိုးနေဖို့ ထိုင်ဖို့ လုပ်ကိုင်စားသောက်ဖို့ မြေတွေယာတွေ ထုတ်ပေးခဲ့တယ်၊ ဒီမြေ ဒီရေသောက်ပြီး နင်ကြီးပြင်းလာခဲ့တာ မဟုတ်လား၊ ဘာဖြစ်လို့ ငါတို့ရွာကို သစ္စာဖောက်ဖျက်မယ့်စကား ပြောတာလဲ"

ဟု ပြောလေ၏။ ဂန္ဓမာက အံကိုကြိတ်၍ ...

"ရွာရဲ့ကျေးဇူးကို ငါတို့ ကောင်းကောင်းသိတယ်၊ ဒါကြောင့် ရွာသူရွာသားတွေကို ဘယ်တော့မှ မစော်ကားဘူး၊ တတ်နိုင်သလောက် ပေးကမ်းထောက်ပံ့ခဲ့တာပဲ၊ တစ်ရွာလုံးကလူတွေဟာ ငါတို့မြေးအဘိုးရဲ့ မေတ္တာစေတနာကို သိတယ်၊ တစ်ရွာလုံးကလူတွေဟာ ငါ့ကိုချစ်တယ်ဆိုရင် မယားသုံးယောက်စီရှိတဲ့ နင့်တို့နှစ်ယောက်ရဲ့ မယားငယ်အဖြစ်ခံမှာ မဟုတ်ဘူး၊ နင်တို့ အရှက်မရှိဘူးလား၊ ငါ့ရှေ့ကထွက်သွားစမ်း"



www.burmeseclassic.com

www.burmeseclassic.com



ဟု မောင်းနှင်ထုတ်လေ၏။ ကျင်ယုံသည် ဒေါသဖြစ်လွန်း၍ အံကိုကြိတ်ကာ ...

"နင်တို့မြေးအဘိုးကို ငါ့အဖေကိုယ်တိုင် အသက်ကယ်လာခဲ့ရတယ်၊ နင်ဟာ ကျေးဇူးတရားကို မေ့လျော့တတ်တဲ့ မိန်းမပဲ၊ ဘာပဲဖြစ်ဖြစ် နင်ဟာ ငါတို့ရွာရဲ့ ပြင်ပကလူနဲ့ လုံးဝမယူရဘူး"

ဟု ပြောလေရာ ၎င်းတို့စကားကို တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်နေသော ဝမ်ယုကဝင်၍ ...

"မိန်းကလေးရဲ့ သဘောထားကို မင်းတို့ဝင်ပြီး စွက်ဖက်စရာ မလိုဘူး၊ မင်းတို့ ပြန်ပါ၊ မကြာမီ ဂန္ဓမာဟာ ငါ့ရဲ့ ဇနီးမယား ဖြစ်တော့မယ်"

ဟု ပြောဆိုလေ၏။

ဝမ်ယု၏စကားကြောင့် ကျင်ယုံက နှုတ်ခမ်းကိုမဲ့လိုက်ပြီး ...

"မင်းက ကိုယ့်ကိုယ်ကိုယ် တော်တော်ပိုင်နိုင်နေပါလား၊ မင်း သိထားဖို့က ဒီရွာမှာ ငါတို့ညီအစ်ကိုလုပ်ရင် မဖြစ်နိုင်တာ တစ်ခုမှမရှိဘူးကွ"





ဟု ပြောလေ၏။ ကျင်ယုံ၏စကားကြောင့် ဝမ်ယု ရယ်မော၍ ...

"မင်းတို့ တော်တော်အပြောကြီးတဲ့ သူတွေပဲ၊ ဒီတစ်ခါတော့ မင်းတို့ရဲ့ရာဇဝင် ရှိုင်းမှာသေချာတယ်၊ ဂန္ဓမာကို ငါ မရ,ရအောင် ယူမယ်ကွာ"

ဟု ပြောလိုက်လေ၏။ ကျင်ယုံနှင့် ကုလုံသည် ဝမ်ယု၏ သိုင်းပညာစွမ်းကို ကြားဖူးနား၀ရှိသဖြင့် မိုက်ရူးရဲမလုပ်ဘဲ ကျင်ယုံက တဟားဟားရယ်မော၍ ...

"ဟား ဟား ဟား ... မင်းနဲ့ ငါတို့ညီအစ်ကို ဘယ်သူစွမ်းသလဲဆိုတာ မိုးနတ်မင်းကြီးကို သက်သေထားပြီး စောင့်ကြည့်ကြတာပေါ့"

ဟု ဆိုကာ မြင်းကိုယ်စီဖြင့် ရေကန်အနီးမှ ပြန်လည်ထွက်ခွာလာလေ၏။

◆ ✻ ◆



www.burmeseclassic.com

www.burmeseclassic.com



ကျင်ယုံတို့ညီအစ်ကိုသည် ဝမ်ယု၏အစွမ်းကို

သဖြင့် ဤပွဲ၌ မိမိတို့နှစ်ယောက်တည်း မယှဉ်နိုင်မှန်းသိ၍ ဖခင် ဖြစ်သူကို စစ်ကူတောင်းရန် ကြံစည်၏။

ထိုအချိန်၌ ရွာအကြီးအကဲသည် ရှေးကကဲ့သို့ ရွာ သူ့ရွာသားများအပေါ် ရင်ဝယ်သားကဲ့သို့ သဘောမထားပဲ သူ့ လက်အောက်ငယ်သားများသဖွယ် သဘောထားနေချိန်ဖြစ်၏

ထို့ကြောင့် ဂန္ဓမာ၏ အပြုအမူကို ဖခင်ဖြစ်သူ ရွာ အကြီးအကဲအား တိုင်ကြား၍ မခံချင်အောင် မြှောက်ပင့်ပေး ၏။ ကျင်ယုံက လက်သီးဆုပ်၍ ...

"ဂန္ဓမာတို့မြေးအဘိုးဟာ ကျေးဇူးကန်းလွန်းပါတယ် အဖေ ရာ၊ တကယ်ဆို သူတို့မြေးအဘိုးအပေါ်မှာ ကျုပ်တို့ရွာ





အကြွေးတွေ ဆပ်လို့မကုန်အောင်ရှိတယ်၊ တစ်ရွာသားကို ဖူးစာဖက် မလုပ်သင့်ဘူး၊ သူ့ရဲ့လုပ်ရပ်ဟာ ဒီရွာမှာ အဖေ ဘာသြဇာမှမရှိတဲ့ အကြီးအကဲတစ်ယောက်လို ဖြစ် သွားတယ်"

ဟု မြှောက်ပင့်ပေးလေရာ ကုလုံကလည်း ဝင်ရောက် ၍ ...

"ဟုတ်တယ် အဖေ၊ အဘိုးကြီး ကူဖုန်းကိုယ်တိုင် ရွာရဲ့ ကျေးဇူးကို နားမလည်တာပါ၊ သူဟာ တောလိုက်မုဆိုး လုပ်ပြီး အရှာအဖွေကောင်းသူဆိုတော့ ရွာရဲ့ကျေးဇူးကို အသိအမှတ်မပြုတော့ဘူး၊ ဂန္ဓမာဟာ အဘိုးရဲ့မြှောက် ပင့်ပေးမှုကြောင့် ဝမ်ယု ဆိုတဲ့ တစ်ရွာသားကို လက်ခံ လိုက်တာပဲ၊ ဂန္ဓမာဟာ အဖေ့မျက်နှာကို မထောက်တော့ ဘူး၊ ရွာမှာ အဖေရဲ့ သြဇာအာဏာတွေ ကျဆင်းနေပြီ လား"

ဟု ပြောလိုက်ပြန်ရာ ရွာအကြီးအကဲသည် စားပွဲ ခုံကို ဒေါသတကြီး ထု၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရဲ့ဩဇာတွေ ဘယ်တော့မှ မကျဘူးကွ၊ အဘိုးကြီး ကူဖုန်း ဒီလိုလူပါးဝလို့ ဘယ်ရမလဲ၊ သူ့တစ်ကိုယ်ထိုး ငါ့ရဲ့ကျေးဇူးတွေချည်းပဲ၊ ဒီမှာ ဂန္ဓမာဟာ တစ်ရွာသားနဲ့ လုံးဝမယူစေရဘူး၊ မင်းတို့နှစ်ယောက်ထဲက တစ်ယောက် ယောက်ကိုပဲ ယူရမယ်၊ မင်းတို့ အသင့်ပြင်ထားကြပါ"

ဟု ပြောလေ၏။ ထိုအချိန်၌ ဝမ်ယူနှင့် ကျင်ယုံတို့ ညီအစ်ကို အချင်းများခြင်းကို အဘိုးအိုကူဖုန်း သိရှိသွားလေ၏။ ကူဖုန်းက သက်ပြင်းချ၍ ...

"ကံကြမ္မာဆိုတာ ရှောင်လွှဲလို့ မရပါလား၊ နောက်ဆုံး တော့ ကျုပ်ထင်ထားတဲ့ အခြေအနေကို ရောက်သွားပြီ၊ ငါတို့မိသားစု ဒီရွာမှာ ဆက်နေလို့ မဖြစ်တော့ဘူး၊ မိုက် ရူးရဲလုပ်ပြီး ဆက်နေရင် သွေးချောင်းစီးတိုက်ပွဲတွေ ဖြစ် လိမ့်မယ်၊ ရွာအကြီးအကဲဟာ ဒီအချိန်မှာ လက်နက်လူသူ အင်အား တောင့်တင်းပြီး သက်ဦးဆံပိုင်ဘုရင်လို ဩဇာ ကြီးနေတယ်၊ သူ့မှာ ငွေကြေး အင်အားတောင့်တော့ သူ





လုပ်သမျှ ဘာမဆို တင့်တယ်သလို ဖြစ်နေပြီ၊ ငါတို့မိသားစု ကို ကံကြမ္မာဆိုးတွေ ပေးတော့မယ်၊ ဒါကြောင့် လူလေး ဝမ်ယု မင်းအမြန်ဆုံး ဂန္ဓမာကို လက်ထပ်ဖို့လုပ်ပါ၊ ဂန္ဓမာကို လက်ထပ်ပြီးရင် ဒီရွာကဝေးရာကို ခေါ်သွားပါ၊ ကျုပ်ကတော့ အသက်ကြီးပါပြီ၊ ဒီထက်ဝေးတဲ့နေရာကို လည်း မလိုက်နိုင်တော့ဘူး၊ ကျုပ် ဒီရွာမှာပဲ ခေါင်းချဖို့ ဆုံးဖြတ်ထားပြီးပြီ"

ဟု ပြောလိုက်ရာ ဝမ်ယုက ခေါင်းညိတ်၍

"ကောင်းပါပြီ ဘိုးဘိုး၊ ကျွန်တော် မြို့ကိုတက်ပြီး ဂန္ဓမာ နဲ့ မင်္ဂလာဆောင်ရင်နေဖို့ အိမ်တစ်လုံးကို အမြန်ဆောက် လိုက်မယ်၊ အိမ်ဆောက်ပြီးတာနဲ့ ဂန္ဓမာကို လာခေါ်ပါ့မယ်"

ဟု ပြောလိုက်လေ၏။

ထို့နောက်တွင်မူ ဝမ်ယုသည် ၎င်းနေထိုင်ရာမြို့သို့ ပြန်ခဲ့လေ၏။ မြို့ရှိ ဦးလေးဖြစ်သူ၏ သိုင်းသင်တန်းကျောင်းဖွင့် ရာ မြေနေရာ၌ အိမ်တစ်လုံးဆောက်လုပ်ရန် ပြင်ဆင်၏။



www.burmeseclassic.com

www.burmeseclassic.com



ဝမ်ယုသည် မိမိ၏ချစ်သူ ဂန္ဓမာကို စိတ်ပူသဖြင့် လက်သမားဆရာတစ်စုကိုခေါ်ကာ အိမ်တစ်လုံးကို အမြန်ဆုံး ဆောက်ခိုင်းလေ၏။

အိမ်အတွက် လိုအပ်သော သစ်များကိုလည်း ဝယ်ယူ ပေးလေ၏။

လက်သမားများသည် မြို့ပေါ်ရှိ အကျော်အမော် လက်သမားများ ဖြစ်သဖြင့် ဝမ်ယု လိုချင်သောအိမ်ကို အကောင်း ဆုံးနှင့် အမြန် ဆုံးဖြစ်အောင် ဆောက်လုပ်လာကြ၏။

ဝမ်ယု၏အိမ် ရုပ်လုံးပေါ်သောအခါ အိမ်နီးချင်းများ သည် ခြံဝင်းထဲသို့ လာရောက်၍ ဝမ်ယု မင်္ဂလာဆောင်မည့်အိမ် သည် အလွန်လှကြောင်း ချီးမွမ်းကြလေ၏။

ဝမ်ယုသည် ဂန္ဓမာနှင့်အတူ နေထိုင်ရန် အိမ်ဆောက် ရာ၌ သုံးလတိတိ ကြာညောင်းသွားလေ၏။ သူ၏အိမ်ကလေး ပြီးဆုံးသောအခါ လက်သမားများကို လုပ်ခများရှင်းပေးပြီး ဂန္ဓမာ ကို သွားရောက်ခေါ်ဆောင်ရန် အထုပ်အပိုး ပြင်လေ၏။





ထိုအခိုက်မှာပင် ဝမ်ယု၏ အိမ်ဝင်းအတွင်းသို့ ပုလိပ်များ ရောက်ရှိလာပြီး ...

“ဟောဒီအိမ်မှာ ခိုးရာပါ ကျောက်စိမ်းတွေ ရှိတယ်လို့ သတင်းရတယ်၊ ဒါကြောင့် ရှာဖွေခွင့်ပြုပါ”

ဟု ပြောလိုက်ရာ ဝမ်ယုသည် ပုလိပ်များ၏စကား ကြောင့် အလွန်အံ့သြသွားပြီး ...

“ဘာ ... ဤအိမ်မှာ ခိုးရာပါ ကျောက်စိမ်းတွေ ရှိတယ် ဟုတ်လား၊ မဖြစ်နိုင်တာဗျာ၊ ကျုပ်အိမ်က မနေ့ကမှ ဆောက်ပြီးတာဗျ၊ လူတောင်မနေရသေးဘူး”

ဟု ပြောလေရာ ပုလိပ်များက ပျောက်ဆုံးသွားသော ကျောက်စိမ်းပိုင်ရှင်မှာ မြို့တော်ဝန်ဖြစ်သဖြင့် ထိုကျောက်စိမ်းများ ကို အမြန်ဆုံးပြန်တွေ့ရန် မိမိတို့မှာ တာဝန်ရှိကြောင်း ပုလိပ်များ က ပြောလေ၏။

ဝမ်ယုသည် မိမိ၏ချစ်သူ ဂန္ဓမာကို အမြန်ဆုံးသွား တွေ့ရန် အကြောင်းရှိသဖြင့် အံကိုကြိတ်လိုက်ပြီး ...

“ဒီလိုဆိုရင်လည်း ရှာဗျာ၊ ကျုပ် ခရီးထွက်ရဦးမယ်”



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ သူ၏အိမ်သစ်လေးကို ရှာဖွေရန် ပုလိပ်များကို ခွင့်ပြုလိုက်လေ၏။ ပုလိပ်များသည် ဝမ်ယု၏အိမ်ငယ်လေးကို တစ်အိမ်လုံး နှံ့နှံ့စပ်စပ် ရှာဖွေကြပြီ။ သင်းတို့လိုချင်သော ကျောက်စိမ်းတုံးကို မတွေ့ရချေ။

ဝမ်ယုက ပုလိပ်များကိုကြည့်၍ ...

"ကျုပ် အိမ်သစ်ဆောက်တာ မနာလိုတဲ့သူတွေက ခင်ဗျားတို့ကို ချောက်တွန်းလိုက်တာဗျ၊ ကျုပ်အိမ်မှာ ဘာကျောက်စိမ်းမှ တွေ့မှာမဟုတ်ဘူး"

ဟု ပြောလေ၏။ ထိုအခိုက်မှာပင် အိမ်ငယ်လေး၌ စေ့စေ့စပ်စပ် ရှာဖွေနေသော ပုလိပ်များသည် အိမ်ရှေ့၌ စိုက်ထားသော ပန်းအိုးကို မွှေနှောက်ရှာဖွေပြန်၏။

ထိုသို့ရှာဖွေပြီး ပုလိပ်သားတစ်ဦးက ...

"ဒီမှာတွေ့ပြီဗျို့၊ ပန်းအိုးမြေသားတွေ ကြားထဲမှာ၊ ကျောက်စိမ်းတုံးကိုတွေ့ပြီ"

ဟု ဆိုလိုက်ရာ ဝမ်ယုသည် မိမိမျက်လုံးကိုပင် မိမိ မယုံနိုင်ပဲ ခေါင်းခါယမ်း၍ ...





"ဟင် ... ကျုပ် စိုက်ထားတဲ့ ပန်းအိုးထဲကို ဘယ်သူက လာပြီး ကျောက်စိမ်းတုံး ထည့်ထားရတာလဲ၊ ဟော့လူတွေ ဒီကျောက်စိမ်းတုံးကို ကျုပ် လုံးဝမသိဘူး၊ ဒါဟာ သူတစ်ပါး လာထည့်ထားတာ ဖြစ်မယ်"

ဟု ပြောလေ၏။ ထိုအခါ ပုလိပ်များ၏အကြီးအကဲက ...

"ဘာပဲဖြစ်ဖြစ် ခင်ဗျားရဲ့အိမ်က ပန်းအိုးထဲမှာ မြို့တော်ဝန်ရဲ့ ကျောက်စိမ်းတုံးကို တွေ့တယ်ဆိုတော့၊ ခင်ဗျားမှာ အပြစ်ရှိနေပြီ၊ ကျုပ်တို့နဲ့ လိုက်ခဲ့ပေတော့"

ဟု ဆိုကာ ဝမ်ယုအား ဖမ်းဆီးရန် ပြင်ဆင်လေရာ ဝမ်ယုသည် ရွာ၌ မိမိနှင့်လက်ထပ်မည့် ဂန္ဓမာလေးအတွက် အလွန်စိုးရိမ်သွားလေ၏။ ထို့ကြောင့် ပုလိပ်များကို မိမိ၌အပြစ်မရှိကြောင်း၊ တစ်စုံတစ်ယောက်က လုပ်ကြံခြင်းဖြစ်မည်ထင်ကြောင်း အကြိမ်ကြိမ် ပြောဆိုသော်လည်း ပုလိပ်များသည် ဝမ်ယုကိုဖမ်းဆီးသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပုလိပ်ဌာနသို့ ဝမ်ယု ရောက်ရှိသွားသောအခါ ဦးလေးဖြစ်သူ သိုင်းဆရာကြီး ရောက်လာပြီး ...

"ဘယ်လိုဖြစ်တာလဲကွာ၊ လူတွေက မင်း အိမ်သစ်ဆောက်တာကို မြို့တော်ဝန်ရဲ့ ကျောက်စိမ်းတုံးကိစ္စနဲ့ ပတ်သက်တယ်လို့ ထင်နေကြပြီ"

ဟု ပြောလေရာ ဝမ်ယုက လက်ကာမြ၍ ...

"ကျုပ် ဘာမှမသိဘူး ဦးလေး၊ မြို့တော်ဝန်ရဲ့ ကျောက်စိမ်းတုံးကို ကျုပ် မြင်တောင် မမြင်ဖူးပါဘူး၊ ဦးလေး ကျုပ်ကို တစ်ခုကူညီပါဗျာ၊ ကျုပ်ချစ်သူရှိတဲ့ရွာကို လိုက်သွားပြီး သူ့ကို မြို့ကို ခေါ်လာပေးပါ"

ဟု တောင်းပန်လိုက်လေ၏။

ထိုအခါ ဦးလေးဖြစ်သူ သိုင်းဆရာကြီးက ဝမ်ယုကို စိတ်မကောင်းဟန်ဖြင့်ကြည့်၍ ...

"မဖြစ်နိုင်ဘူးကွာ၊ မြို့တော်ဝန်ရဲ့ကျောက်စိမ်းတုံးနဲ့ပတ်သက်ပြီး မင်းရင်ဆိုင်ရမှာ အန္တရာယ်သိပ်များတယ်၊ မင်းရဲ့ချစ်သူကို မြို့ခေါ်ပြီး ဒုက္ခပေးသလိုဖြစ်မယ်၊ မင်း သေ





သေချာချာ စဉ်းစားပါကွာ၊ အခုလောလောဆယ် မင်းဘဝမှာ အရေးအကြီးဆုံးက ကျောက်စိမ်းတုံးကို မင်းမခိုးဘူးဆိုတာ သက်သေပြဖို့ပဲ"

ဟု ပြောလိုက်ရာ ဝမ်ယုသည် မိမိ၏အမှုအခြေအနေကို သတိပြုမိသွားပြီး လွန်စွာစိတ်ဓာတ်ကျသွားလေ၏။

ရွာ၌ကျန်နေရစ်သော ချစ်သူ ဂန္ဓမာအတွက်လည်း များစွာ စိုးရိမ်ပူပန်မိ၏။

ကျင်ယုံနှင့် ကုလုံသည် ရွာအကြီးအကဲ၏ ဩဇာအာဏာကိုသုံး၍ ဂန္ဓမာကို သိမ်းပိုက်လိုက်လျှင် မိမိတို့ချစ်သူနှစ်ဦး သေကွဲ,ကွဲရလိမ့်မည်။

ဂန္ဓမာကို လူယုတ်မာများ၏လက်က လွတ်အောင်သွားရောက်ခေါ်ဆောင်လျှင်လည်း မြို့တော်ဝန်၏ကျောက်စိမ်းတုံးပြဿနာက ရှိသေး၏။ မြို့တော်ဝန်သည် ထိုကျောက်စိမ်းတုံးကို ဘုရားထုလုပ် ပူဇော်ပြီး ဘုရားကျောင်း၌ လှူဒါန်းရန် ကြံစည်ထားသဖြင့် ကျောက်စိမ်းတုံးကို ခိုးယူသူမှာ ပိုမိုအပြစ်ကြီးလေးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအမှုကို ဦးဆောင်စစ်ဆေးသော စုံထောက်အရာရှိ လီသည် အရည်အချင်းရှိသူတစ်ဦးဖြစ်၏။ ထိုသူသည် ဝမ်ယုကို တစ်ကြိမ်စစ်မေးပြီးသည်နှင့် တည်ကြည်သော လေသံဖြင့် ...

"ဒီအမှုမှာ ခင်ဗျားစားစာခံဖြစ်သွားတယ်ဆိုတာ၊ ကျုပ်ရိပ် မိသွားပြီ၊ ခင်ဗျားကို စားစာခံဖြစ်အောင် ခုတုံးလုပ်သွား တာ ဘယ်သူလဲဆိုတာ စုံစမ်းရမယ်"

ဟုပြောလိုက်ရာ ဝမ်ယုက အံကိုကြိတ်၍ ...

"ကျွန်တော် လက်သမားဆရာနဲ့အဖွဲ့ကို မသင်္ကာဘူးဗျာ"

ဟု ပြောလိုက်လေ၏။ ထိုအခါ စုံထောက်လီ သက်ပြင်းချ၍ ...

"ဒီအမှုမှာ လက်သမားအဖွဲ့ဟာ သံသယဖြစ်စရာအကောင်း ဆုံးလို့ လူတိုင်းက ယူဆကြတယ်၊ ဒါပေမဲ့ သူတို့အား ဟာ ရိုးသားအေးဆေးတဲ့ လက်သမားတွေဗျ၊ သူတို့ မိဘအစဉ်အဆက် လက်သမားလုပ်စားလာတဲ့ မျိုးရိုးတွေ ဒီအမှုမှာ လက်သမားတွေလည်း မဖြစ်နိုင်ဘူး"

ဟု ပြောလေရာ ဝမ်ယုက ...





"ဒါဆိုရင် ကျုပ်အိမ်က အလှဆင်ပန်းအိုးထဲကို မြို့တော်ဝန်ရဲ့ကျောက်စိမ်းတုံးက ဘာဖြစ်လို့ ရောက်နေရတာလဲ၊ နောက်ဆုံးမှာ ကျုပ်ပဲ စားစာခံဖြစ်ပြီး ထောင်ထဲဝင်ရတော့မှာလား"

ဟု ပြောလိုက်လေ၏။ စုံထောက်လီက ...

"တရားကို နတ်စောင့်ပါတယ်ဗျာ၊ ကျောက်စိမ်းတုံးဟာ ခင်ဗျားနဲ့မဆိုင်ဘူး၊ လက်သမားအဖွဲ့နဲ့လည်း မပတ်သက်ဘူးဆိုရင် တစ်ယောက်ယောက်နဲ့ပတ်သက်မှာပဲ၊ သူဟာ ကျောက်စိမ်းတုံးကို ခိုးယူပြီး အများမမျှော်လင့်တဲ့ နေရာမှာ ခဏဖွက်ထားတာဗျ၊ အချိန်တန်ရင် ကျောက်စိမ်းတုံးကို ပြန်ယူဖို့ ပြင်ဆင်ထားတယ်၊ ဒီအချိန်မှာ ကျောက်စိမ်းတုံးရဲ့ လျှို့ဝှက်ချက်ကို သိတဲ့လူတစ်ယောက်က ပုလိပ်အဖွဲ့ကို သတင်းပေးလိုက်တာပဲ"

ဟု ပြောပြ၏။ ထိုအခါ ဝမ်ယုက ...

"ပုလိပ်အဖွဲ့ကို ဘယ်လိုသတင်းပေးတာလဲ"

ဟု မေးမြန်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com



စုံထောက်လီက ...

"ပုလိပ်အဖွဲ့ကို စာတစ်စောင် ပေးပို့လိုက်တာဗျ၊ ဒီစာဟာ အရေးကြီးဆုံး သဲလွန်စ်ပဲ"

ဟု ပြောလေ၏။ ဤသို့ဖြင့် ဝမ်ယုသည် အပြစ်မရှိပဲ ရက်ပေါင်းများစွာ အဖမ်းခံနေရလေ၏။

တစ်နေ့သ၌ ဝမ်ယုသည် စုံထောက်လီ၏စကားများကို ကြားယောင်လာပြီး တာဝန်ရှိသူများအား စုံထောက်လီကို တွေ့ချင်ကြောင်း ပြောလေ၏။ ထိုအခါ ပုလိပ်များက အမှုနှင့်ပတ်သက်ပြီး ဝမ်ယုက ဝန်ခံချက်ပေးတော့မည်ဟု ယူဆပြီး စုံထောက်လီကို သွားရောက်ခေါ်ဆောင်လာလေ၏။

စုံထောက်လီ ရောက်ရှိလာသောအခါ ဝမ်ယုက ...

"ကျုပ်က လက်ရေးလှရေးတဲ့ သင်တန်းကျောင်း ဖွင့်ထားတဲ့ ဆရာတစ်ယောက်ပဲ၊ ခင်ဗျားကို ပေးလိုက်တဲ့စာကို ကျုပ်ကြည့်ချင်တယ်"

ဟု ပြောလိုက်ရာ စုံထောက်လီသည် ခေါင်းတဆတ်ဆတ် ညိတ်၍ ...





"ခင်ဗျား သိပ်တော်တယ်၊ ကျုပ် ဒါကို ဘာလို့သတိမထားမိတာပါလိမ့်"

ဟုဆိုကာ ပုလိပ်အဖွဲ့ကို ရေးပို့လိုက်သောစာအား ဝမ်ယုထံသို့ ယူဆောင်လာလေ၏။

ဝမ်ယုသည် စက္ကူဖြူပေါ်၌ စုတ်တံဖြင့် ရေးခြစ်ထားသောစာကိုကြည့်၍ မျက်နှာ ဝင်းလက်သွားပြီး ...

"ကျုပ် ဒီလက်ရေးကို ကောင်းကောင်းကြီး ရင်းနှီးပါတယ်၊ ကျုပ် လက်ရေးပိုင်ရှင်ကို စဉ်းစားပေးမယ်၊ ကျုပ်နဲ့အတူ ဒီစာရွက်ကို တစ်ညလောက် ပေးထားပါ"

ဟု တောင်းဆိုလိုက်လေရာ စုံထောက်လီသည် အတန်ကြာစဉ်းစား၍ ...

"ကောင်းပါပြီ၊ ကျုပ် ဒီစာရွက်ကို ထားခဲ့မယ်၊ သက်သေခံပစ္စည်းဖြစ်တဲ့အတွက်၊ မပျက်စီးအောင် ခင်ဗျား ဂရုစိုက်ပေးပါ"

ဟု မှာကြားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဝမ်ယုသည် စုတ်တံဖြင့် ရေးသားထားသော တရုတ်စာလုံး၏ အရေးအသား အဆွဲအ◌ောင်များကို လွန်စွာရင်းနှီးနေသဖြင့် တစ်ညလုံးမအိပ်ပဲ အဖြေရှာလေ၏။

သို့သော် နံနက်မိုးသောက် အရုဏ်ရောက်သောအခါ ခေါင်းထဲတွင် မူးနောက်လာပြီး အဖြေရှာမရဘဲ ဖြစ်နေလေ၏။ မကြာမီ စုံထောက်လီ ရောက်လာပြီး အားတက်သရောဖြင့် သဲလွန်စရ,မရ မေးမြန်းလေ၏။

ဝမ်ယုက ခေါင်းခါယမ်း၍ ...

"ကျုပ် ဒီစာရေးတဲ့သူကို ရင်းရင်းနှီးနှီးသိတယ်၊ ဒါပေမဲ့ အဖြေရှာမရဘူး၊ ကျုပ်တို့လူမျိုးတွေရဲ့စာပေဟာ အရုပ်စာကနေ ဆင်းသက်လာပြီးတော့ စုတ်ချက်တွေနဲ့ ဖွဲ့စည်းထားတဲ့အတွက် စုတ်တံနဲ့ရေးပြီး ဖိသင့်တဲ့နေရာမှာဖိ၊ ဖော့သင့်တဲ့နေရာမှာဖော့၊ ပြားသင့်တဲ့နေရာပြား၊ သွယ်သင့်တဲ့နေရာမှာသွယ်မှ ပန်းချီကားတစ်ချပ်လို ရှုနိုင်စဖွယ်ကောင်းတယ်ဗျ၊ စုတ်တံကိုင်တဲ့နေရာမှာလည်း လက်မ, လက်ညှိုး, လက်ခလယ်ကို အသုံးပြုပြီး ရေးရတယ်။ ရှေး





ခေတ်က တရုတ်နန်းတွင်းအရာရှိ စာမေးပွဲတွေမှာဆိုရင် စုတ်တံကိုင်ပြီး လက်ရေးလှရေးတာကို ဖြေကြားရတယ်၊ ဒါကြောင့် လက်ရေးလှသင်တန်းကို ကျုပ်ဖွင့်ထားတာပေါ့၊ ကျုပ်ဟာ ယူနန်ပြည်နယ်ထဲက လက်ရေးလှပြိုင်ပွဲတွေမှာ ဝင်ပြိုင်ခဲ့ဖူးတယ်၊ ပုလိပ်ဌာနကို ရေးပို့လိုက်တဲ့လူဟာ စုတ်တံနဲ့ လက်ရေးလှရေးတဲ့နေရာမှာ ကျွမ်းကျင်တဲ့သူပဲ၊ ဘယ်သူလဲဆိုတာ ကျုပ် စဉ်းစားရခက်နေတယ်"

ဟု ပြောရင်း စုံထောက်လီကိုကြည့်၍ ...

"ကျုပ်ကို တစ်ခုကူညီပေးပါဦး၊ ကျုပ်တို့မြို့စွန်က ဘုရားကျောင်းမှာ ဆုတောင်းစာတွေ ရေးထားတာရှိတယ်၊ ဘုရားကျောင်းစောင့်ကြီးဆီမှာ ဆုတောင်းစာတွေ ခဏယူပေးပါ"

ဟု ပြောလေရာ စုံထောက်လီသည် ဝမ်ယုကို သံသယဖြစ်ဟန်ဖြင့် ...

"ဘုရားကျောင်းက ဆုတောင်းစာတွေကိုကြည့်ရုံနဲ့ တရားခံကို ခင်ဗျား သိနိုင်ပါ့မလား"

ဟု ပြောလေ၏။ ဝမ်ယုက သက်ပြင်းချ၍ ...



www.burmeseclassic.com

www.burmeseclassic.com



“ကျုပ်တို့လုပ်နိုင်တာ ဒီတစ်နည်းပဲရှိတယ်၊ ကျုပ်တစ်သက်လုံး မတရားအမှုဆင်ခံရပြီး ထောင်ထဲမှာ အချိန်မကုန်နိုင်ဘူး”

ဟု ပြောလရော စုံထောက်လီက သက်ပြင်းချ၍–

“တစ်ရက် နှစ်ရက် စောင့်ပါ၊ ကျုပ်ကြိုးစားကြည့်မယ်”

“မစောင့်ပါရစေနဲ့ဗျာ၊ ကျုပ်အတွက် အချိန်က အရမ်းအရေးကြီးနေလို့ပါ”

စုံထောက်လီသည် စိတ်အားထက်သန်နေသော ဝမ်ယုကို မငြင်းဆန်တော့ပဲ။ မြို့စွန်ရှိ ဘုရားကျောင်းသို့သွားလေ၏။

ထိုနောက် ကျောင်းစောင့်ကြီးနှင့်တွေ့ကာ ဆုတောင်းစာများကို ငှားရမ်းခဲ့လေ၏။

ဝမ်ယုသည် မိမိရှေ့သို့ ရောက်လာသော ဆုတောင်းစာများကို လှုပ်ရှားစွာဖြင့် ကြည့်ရှုလေ၏။

ဤဆုတောင်းစာများထဲ၌ မိမိကိုယ်တိုင် ရေးထားသော စာများလည်းပါ၏။





ဝမ်ယုသည် ဆုတောင်းစာများကို တစ်ရွက်ပြီးတစ်ရွက် ကြည့်၏။

တစ်နေရာသို့ ရောက်သောအခါ သူ၏မျက်လုံးများ အရောင်တဖျပ်ဖျပ် တောက်ပသွားပြီး ...

“ကျုပ်သိပြီ၊ သိပြီ၊ ဒီစာကိုရေးတဲ့သူက ကျုပ်ရဲ့ရန်သူ ‘လိုဝေ’ပဲ”

ဟု ပြောလိုက်ရာ စုံထောက်လီသည် လွန်စွာစိတ်လှုပ်ရှားသွားပြီး ...

“သေချာလို့လားဗျာ”

ဟု မေးမြန်းလေ၏။

ဝမ်ယုက ...

“သေချာတာပေါ့ဗျာ၊ ဒီကောင်ဟာ ကျုပ်ဦးလေးရဲ့သိုင်းသင်တန်းကျောင်းက စည်းကမ်းမလိုက်နာလို့ အထုတ်ခံလိုက်ရတဲ့ကောင်ဗျ၊ နောက်ပြီးတော့ ဒီကောင်ဟာ ကျုပ်နဲ့ လက်ရေးလုပြိုင်ဘက်ပဲ၊ ယူနန်ပြည်နယ်ရဲ့ လက်ရေးလှ



www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ပွဲတိုင်းမှာ ဒီကောင်ဟာ ကျုပ်ကို ရှုံးနိမ့်ဖူးတယ်၊ ကျုပ်ဦးလေးရဲ့ သင်တန်းကျောင်းမှာ အလျူငွေတွေကိုခိုးတဲ့အတွက် ကျုပ်ကိုယ်တိုင် လက်ရဖမ်းပြီး နှင်ထုတ်လိုက်တယ်၊ ဒီကောင်ဟာ ဦးလေးသမီးကို ပိုးပန်းနေတဲ့သူဆိုတော့ ကျုပ်ကြောင့် အရှက်ရတယ်ဆိုပြီး ကျုပ်ကို ရန်ငြိုးထားတယ်၊ နောက်တော့ လက်ရေးလှပြိုင်ပွဲတွေမှာ ကျုပ်ရဲ့ပြိုင်ဘက်အနေနဲ့ အမြဲရှုံးနိမ့်ခဲ့ဖူးတယ်၊ ကျုပ်အတိကျဆုံး ပြောနိုင်တာက ပုလိပ်ဌာနကို စာရေးလိုက်တာဒီကောင်ပဲ၊ လိုဝေကို စုံစမ်းကြည့်ရင် မြို့တော်ဝန်ရဲ့ကျောက်စိမ်းတုံး ပျောက်တဲ့ကိစ္စ ပေါ်မှာပဲ”

ဟု ပြောလိုက်ရာ စုံထောက်လီသည် ဝမ်ယု၏အနီးမှ စိတ်အားထက်သန်စွာဖြင့် ထွက်သွားလေ၏။

တစ်ပန်ခန့်ကြသောအခါ မြို့တော်ဝန်၏ ကျောက်စိမ်းတုံးကို ခိုးယူသော တရားအစစ်အမှန်ကို ပုလိပ်အဖွဲ့က ဖမ်းဆီးရမိလေ၏။





ထိုသူမှာ ဝမ်ယု ထင်မှတ်သလို “လိုဝေ”ပင်ဖြစ်၏။ လိုဝေသည် မြို့တော်ဝန်၏ ဘုရားခန်း၌ ဆုတောင်းစာများကို လက်ရေးလှဖြင့် ရေးသားခဲ့ဖူး၏။

ထိုသို့ရေးသားရင်း ဘုရားခန်းထဲ၌ရှိသော ကျောက်စိမ်းတုံးကြီးကို ခိုးယူရန် အကြံဖြစ်သွားပြီး ကျောက်စိမ်းတုံးနှင့် အတုနှင့်အစစ်ကို လဲထားလိုက်၏။

ကျောက်စိမ်းတုံးကို အတုနှင့်အစစ်လဲပြီး တစ်နှစ်ခန့်ကြာမှပင် မြို့တော်ဝန်က ပျောက်ဆုံးကြောင်း သိသည်ဆို၏။

လိုဝေသည် မြို့တော်ဝန်၏ ကျောက်စိမ်းတုံးကို အလွယ်တကူ ခိုးယူပြီးနောက် ထိုကျောက်စိမ်းတုံးသည် ဘုရားထုရန် ရည်ရွယ်ထားသဖြင့် ထုခွဲရောင်းချရန် အလွန်ခက်ခဲနေလေ၏။

နောက်ဆုံး၌ ကြံရာမရဖြစ်ပြီး ငင်းရန်ငြိုးထားသော ဝမ်ယုကို ဒုက္ခပေးရန် ရည်ရွယ်ချက်ဖြင့် ပန်းအိုးထဲ၌ လာရောက်ဖွက်ထားခြင်းဖြစ်၏။

လိုဝေသည် ဝမ်ယု၏ပန်းအိုးထဲသို့ ကျောက်စိမ်းတုံးထည့်ရန် လက်သမားအဖွဲ့မှ လူငယ်တစ်ဦးကို အကူအညီတောင်းခဲ့သည်ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



လက်သမားအဖွဲ့မှ လူငယ်ကလည်း ၎င်း၏လုပ်ရပ်ကို ဝန်ခံလေ၏။ ထိုအခါမှပင် ဝမ်ယုကို အမှုမှ အပြီးအပြတ် လွှတ်ပေးလိုက်လေ၏။

ဝမ်ယုသည် မတရားချုပ်နှောင်ခံရခြင်းမှ လွတ်မြောက်သည်နှင့် ဂန္ဓမာရှိရာသို့ အမြန်ဆုံးသွားရန်ပြင်လေသည်။

♦ ✻ ♦





ဤနေရာ၌ ဝမ်ယု မြို့သို့ထွက်သွားပြီး ရွာ၌ကျန်ခဲ့သော ဂန္ဓမာတို့ မြေးအဘိုးအကြောင်းကို တင်ပြပေးပါဦးမည်။

မြေးအဘိုးနှစ်ယောက်သည် ဝမ်ယု ပြန်လာမည့်နေ့ကို ဆင့်မျှော်နေစဉ် အဘိုးကြီးကူဖုန်း၏ နေအိမ်သို့ အကြီးအကဲ၏ ...များ ရောက်ရှိလာ၏။ ရွာအကြီးအကဲ၏ လက်ထောက်တစ်...က အဘိုးအို၏ရှေ့၌ရပ်၍ ...

"အကြီးအကဲက ခင်ဗျားကို တွေ့ချင်လို့ ဆင့်ခေါ်ခိုင်းလိုက်တယ်၊ ဒီနေ့ညနေ အရောက်လာပါ"

ဟု ပြောလေ၏။ အဘိုးအိုသည် မိမိမျှော်လင့်ထား...သော အန္တရာယ် ကျရောက်ပြီဟု သိလိုက်ပြီး ရင်ထဲတွင် လေး...သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရွာအကြီးအကဲ၏လူများ ထွက်ခွာသွားသောအခါ ဂန္ဓမာသည် အဘိုးအို၏ပခုံးကိုဖက်၍ ...

"အဘိုး... ညနေမသွားလို့ မရဘူးလား၊ အဘိုးမှာ အန္တရာယ်ရှိတယ်လို့ သမီးထင်တယ်၊ အကြီးအကဲရဲ့တပည့်တွေက လူဆိုးလူမိုက်တွေ လက်မရွံ့လူသတ်သမားတွေ"

ဟု ပြောလေရာ အဘိုးအိုက မြေးမလေး၏ခေါင်းကို ပုတ်၍ ...

"သူတို့က လူသတ်သမားတွေ၊ အဘိုးက တောနက်ကြီးထဲမှာ ကြမ်းပေ့ဆိုတဲ့ သတ္တဝါကြီးတွေကို ပစ်ခတ်ဖမ်းဆီးလာတဲ့လူ၊ အဘိုးငယ်ငယ်တုန်းကဆိုရင် သေနတ်မီးကူးတဲ့အတွက် ကျားနဲ့တောင် ပုဆိန်တစ်လက်နဲ့ နပန်းလုံးခဲ့ရတယ်"

ဟု ပြောလေ၏။ ဂန္ဓမာက အဘိုး၏ပခုံးကိုဖက်၍...

"အဲဒီတုန်းက အဘိုးအသက် ငယ်ငယ်လေးပါ၊ နောက်ပြီးတော့ အများနဲ့တစ်ယောက် ရင်ဆိုင်ရမှာ၊ အဘိုးအတွက် သမီးစိုးရိမ်တယ်"





ဟု ပြောလေရာ အဘိုးအိုသည် ခေါင်းခါယမ်း၍...

"ဒီအချိန်မှာ စိုးရိမ်စရာ မလိုသေးဘူး၊ သူတို့အဘိုးကိုခေါ်ပြီး အရင်ဆုံး အကျပ်ကိုင်လိမ့်မယ်၊ ညနေကျရင် အဘိုး မသွားလို့မရဘူး၊ သွားဖြစ်အောင် သွားရမယ်"

ဟု ပြောကာ အဘိုးအို ကျုဖုန်းသည် ညနေစောင်းလျှင် သေနတ်တစ်လက် သိုင်းလွယ်၍ အကြီးအကဲ၏ စံအိမ်သို့ ထွက်ခဲ့လေ၏။ ရွာအကြီးအကဲ၏စံအိမ်ကြီးသည် ရွာမြောက်ပိုင်း၌ တောင်ကုန်းမြင့်ကြီးပေါ်တွင်ရှိ၏။ အကြီးအကဲ၏စံအိမ်အနောက်၌ သစ်တောကြီးသာ ရှိတော့၏။

အဘိုးအိုသည် အကြီးအကဲ၏ အိမ်တံခါးဝရှိ သံကွင်းကြီးနှစ်ကွင်းကို တဒိုင်းဒိုင်း လှုပ်ခါလိုက်ရာ အစောင့်များက တံခါးဖွင့်ပေးပြီး အကြီးအကဲရှိရာသို့ ခေါ်ဆောင်သွားလေ၏။

အကြီးအကဲသည် စံအိမ်ကြီး၏အလယ်ရှိ လွန်စွာကြီးမားသော ကုလားထိုင်ကြီး၌ ထိုင်နေ၏။ ၎င်း၏အနီး၌လူဆိုးတပည့်များ ဝိုင်းရံခစားနေ၏။ ရွာအကြီးအကဲသည် အဘိုးအို အရှေ့သို့ ရောက်သောအခါ အကြီးအကဲက အဘိုးအိုကိုကြည့်၍...



www.burmeseclassic.com

www.burmeseclassic.com



"နှင်းတောထဲမှာ ခင်ဗျားတို့မြေးအဘိုး ဒုက္ခပင်လယ်ဝေ နေစဉ်တုန်းက ကျုပ်တို့ ကယ်တင်ခဲ့တာကို အမှတ်ရသေးရဲ့လား"

ဟု မေးမြန်းလိုက်ရာ အဘိုးအိုက သက်ပြင်းချ၍...

"ကျုပ် မမေ့ပါဘူး၊ ဒါကြောင့်လည်း ဒီရွာကို ကိုယ့်ရွာလို သဘောထားပြီး ရွာသူရွာသားတွေကို ကိုယ့်ကျေးရှင်တွေ၊ ကိုယ့်ဆွေမျိုးတွေလို သဘောထားပါတယ်၊ ဒီကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး"

ဟု ပြောလိုက်ရာ အကြီးအကဲက အဘိုးအို၏အဖြေကို အလိုမကျဟန်ဖြင့် ...

"အဲဒီတုန်းက ခင်ဗျားတို့မြေးအဘိုးရဲ့အသက်ကို ကယ်ခဲ့တာ ရွာသူရွာသားတွေ မဟုတ်ဘူး၊ ကျုပ်ပဲ၊ ကျုပ်ရဲ့အမိန့် တစ်စုံတစ်ရာမရဘဲ ခင်ဗျားကို ဘယ်ရွာသားမှ အကူအညီ မပေးခဲ့ဘူး၊ ခင်ဗျားတို့ကို ကျုပ်ကိုယ်တိုင် နှင်းမုန်တိုင်းကြားက ကယ်တင်လာခဲ့တယ်၊ ရွာကိုရောက်တော့လည်း မြေယာတွေကို ခွဲဝေပေးခဲ့တယ်၊ စားနပ်ရိက္ခာတွေလည်း





ထောက်ပံ့ပေးခဲ့တယ်၊ ရွာသားတွေဟာ ကျုပ်ရဲ့အမိန့် အာဏာကြောင့်သာ ခင်ဗျားကို အကူအညီပေးခဲ့တာပဲ"

ဟု ပြောလိုက်ရာ အဘိုးအိုသည် သက်ပြင်းချ၍...

"အကြီးအကဲကိုလည်း ကျုပ် ကျေးဇူးတင်ပါတယ်၊ ကျေးဇူးတရားကိုလည်း ဘယ်တော့မှ မမေ့ပါဘူး"

ဟု ပြောလေ၏။ ထိုအခါ အကြီးအကဲက မုတ်ဆိတ်မွေးများကို လက်ဖြင့်သပ်၍ ...

"ကျေးဇူးတရားကို မမေ့ဘူးလို့သာဆိုတယ်၊ ခင်ဗျားတို့ရဲ့ အပြုအမူတွေက ဒီရွာအပေါ်မှာ သစ္စာဖောက်တဲ့အပြုအမူတွေ ကျူးလွန်နေပါလား"

ဟု ပြောလေရာ အဘိုးအိုက မျက်မှောင်ကြုတ်၍...

"ကျုပ်တို့ ရွာကိုသစ္စာဖောက်တဲ့ အပြုအမူတွေ တစ်ခုမှ မလုပ်ပါဘူး"

ဟု ငြင်းဆန်လိုက်၏။ အကြီးအကဲက နှုတ်ခမ်းကို မဲ့လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ရွာကိုသစ္စာဖောက်တဲ့ အပြုအမူတွေ လုံးဝမလုပ်ဘူး၊ ဟုတ်လား၊ ခင်ဗျားရဲ့မြေး ဂန္ဓမာကတော့ ရွာကိုသစ္စာဖောက်တဲ့ အပြုအမူတွေ ကျူးလွန်နေတယ်၊ တစ်ရွာသားနဲ့ ချစ်ကြိုက်နေတယ်၊ ကျုပ်တို့ရွာသားတွေကိုတော့ မတူမတန်သလို သဘောထားပြီး အဖက်မလုပ်ဘူး ဖြစ်နေတယ်၊ အမှန်ဆိုရင် ဂန္ဓမာဟာ ဒီရွာကို ကျေးဇူးသစ္စာစောင့်သိတယ်ဆိုရင် ဒီရွာသားကိုပဲ အိမ်ထောင်ဖက်ရွေးရမယ်၊ တစ်ရွာသားကို အိမ်ထောင်ဖက်ရွေးတာ ကျုပ် လုံးဝသဘောမကျဘူး"

ဟု ပြောလေရာ အဘိုးအိုက အံကိုကြိတ်၍ ...

"ဒီရွာသူတွေဟာ ဒီရွာသားကိုပဲ အိမ်ထောင်ဖက်ရွေးရမယ်လို့ အကြီးအကဲ အမိန့်ထုတ်ပြန်ထားတာ မရှိပါဘူး၊ အခြားရွာသူတွေလည်း သူတို့ဖူးစာဖက်ကို အဆင်ပြေသလို ရွေးချယ်နေကြတာပဲ၊ ကျုပ်မြေးမလေး ဂန္ဓမာအလှည့်ကျမှ ဒီရွာသားကိုပဲ ယူရမယ်ဆိုတာ တရားမျှတမှုရှိပါသလား အကြီးအကဲ စဉ်းစားကြည့်ပါ"





ဟု ပြန်လည်ပြောဆိုလိုက်ရာ၊ အကြီးအကဲ၏မျက်နှာ မည်းခနဲ ဖြစ်သွားလေ၏။ ဤရွာ၌ တစ်သွေးတစ်သံ တစ်မိန့် ဖြစ်နေသော အကြီးအကဲကို နှုတ်လှန်ထိုးဝံ့သူ မရှိချေ။

ယခု အဘိုးအိုက အချက်ကျကျ ပြန်လည်ပြောဆိုလိုက်သောအခါ အကြီးအကဲသာမက ၎င်း၏အနီး၌ရှိသော တပည့်တပန်းများပင် မျက်နှာပျက်သွားကြ၏။ အကြီးအကဲသည် ဤရွာ၌ မိမိကို နှုတ်လှန်ထိုးဝံ့သူ မရှိသဖြင့် ဒေါသူပုန်ထသွားပြီး ...

"စဉ်းစားစရာ မလိုဘူး၊ ဂန္ဓမာဟာ ဒီရွာရဲ့ကျေးဇူးရှိတယ်၊ ဒီရွာရဲ့ကျေးဇူးရှိတဲ့လူဟာ ဒီရွာသားကိုပဲ အိမ်ထောင်ဖက်ရွေးရမယ်၊ သူ့ရဲ့အိမ်ထောင်ဖက်တွေကလည်း အခြားသူတွေ မဟုတ်ဘူး၊ ကျုပ်သားနှစ်ယောက်ထဲက တစ်ယောက်ပဲ၊ ကျုပ်သားနှစ်ယောက်စလုံး မယားသုံးယောက်စီရှိကြတယ်၊ မယားသုံးယောက်ကနေ လေးယောက်ဖြစ်လည်း ကိစ္စမရှိဘူး၊ သူတို့မှာ မယားတွေကို ရှာဖွေကျွေးမွေးနိုင်တဲ့ ခနအင်အား ရှိတယ်၊ ဒီတော့ ခင်ဗျားရဲ့မြေး ဂန္ဓမာဟာ ကျုပ်သားနှစ်ယောက်ထဲက တစ်ယောက်ယောက်ကိုယူရ



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ဘယ်သူ့ကို ယူရမလဲဆိုတာကတော့ ဂန္ဓမာကိုယ်တိုင် ရွေးချယ်ခွင့်ရှိတယ်၊ တစ်ရွာသားနဲ့ လက်ထပ်တာကိုတော့ ကျုပ်သဘောမတူဘူး၊ ခင်ဗျားတို့မြေအဘိုးဟာ ရွာရဲ့ကျေးဇူးရှိတယ်၊ ဒီနည်းနဲ့ ရွာရဲ့ကျေးဇူးကိုဆပ်ပါ"

ဟု အမိန့်ပေးလိုက်ရာ အဘိုးအိုသည် ရွာအကြီးအကဲ စကားကို မတုံ့ပြန်ဘဲ ငြိမ်သက်စွာ နားထောင်နေလေ၏။

ရွာအကြီးအကဲကို အတိုက်အခံလုပ်ရန် အချိန်စောသေးသည်ဟု ယူဆ၏။ ရွာအကြီးအကဲက အဘိုးအိုကူဖုန်း ငြိမ်သက်နေပုံကိုကြည့်ရင်း ...

"ဒီရွာမှာ ကျုပ်အမိန့်ဆိုရင် ဘယ်ရွာသားမှ မလိုက်နာဘဲ မနေဝံ့ဘူး၊ တစ်ရွာလုံးအပေါ် ကျုပ်ဩဇာညောင်းတယ်၊ ခင်ဗျားတို့မြေအဘိုးဟာ တစ်ရပ်တစ်ရွာသားတွေ ဖြစ်တဲ့အတွက် အထူးအခွင့်အရေးတစ်ခု ပေးမယ်၊ ဒီအခွင့်အရေးကတော့ ခင်ဗျားတို့မြေအဘိုးအတွက် အချိန်ရက်ပေါင်း (၃၀)တိတိ ပေးမယ်၊ ရက်ပေါင်း(၃၀)ပြည့်လို့မှ ကျုပ်ရဲ့ အမိန့်ကို ခင်ဗျားတို့မြေအဘိုး မလိုက်နာဘူးဆိုရင် ဒီကိစ္စ





မှာ ကျုပ်အလွှန် မရှိတော့ဘူး၊ ကျုပ်ကိုဆန့်ကျင်တဲ့ရွာသားတွေ ဘာဖြစ်သွားသလဲဆိုတာ ခင်ဗျား နားလည်မှာပါ"

ဟု ခြိမ်းခြောက်လိုက်ရာ အဘိုးအိုသည် အံကိုကြိတ်၍ ...

"ကျုပ်မြေးမလေးမှာ ရွေးချယ်ပိုင်ခွင့် မရှိတော့ဘူးလား"

ဟု မေးမြန်းလိုက်ရာ ရွာအကြီးအကဲက ခေါင်းခါယမ်း၍ ...

"ရွေးချယ်ခွင့် မရှိဘူး၊ ဒါဟာ ကျုပ်အမိန့်ပဲ၊ ကျုပ်အမိန့်ဟာ တစ်ရွာလုံးကို ကိုယ်စားပြုတယ်၊ ခင်ဗျားတို့မလိုက်နာဘူး ဆိုရင်တော့ တစ်ရွာလုံးရဲ့ရန်သူ ဖြစ်သွားမယ်၊ အဲဒီအချိန်ကျရင် ကျုပ်ကို အဆိုးမဆိုနဲ့၊ ကျုပ်ဘာမှကူညီလို့မရဘူး"

ဟု ပြောပြန်၏။

နောက်ဆုံး၌ အဘိုးအိုသည် ခေါင်းငိုက်စိုက်ချ၍ အကြီးအကဲအိမ်မှ ထွက်ခဲ့လေ၏။ အကြီးအကဲသည် အဘိုးအို၏ နောက်ကျောကိုကြည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ကစပြီး ရက်ပေါင်း(၃၀)တိတိနော်"

ဟု အော်ဟစ်ပြောဆိုလေ၏။

အဘိုးအို အိမ်သို့ရောက်သောအခါ မျက်နှာမကောင်းသဖြင့် ဂန္ဓမာက ...

"ဘာတွေဖြစ်လာသလဲ ဘိုးဘိုးရယ်၊ ဂန္ဓမာ့ကို ပြောပါဦး"

ဟု မေးမြန်းလိုက်လေ၏။

ထိုအခါ အဘိုးအိုက အကြီးအကဲ၏စံအိမ်၌ ဖြစ်ပေါ်ခဲ့သော အကြောင်းများကို အတိုချုံး၍ ပြောပြ၏။ ဂန္ဓမာသည် ထိုအကြောင်းများကို ကြားသောအခါ ...

"ဟင် ... ဒါဆိုရင် လူယုတ်မာနှစ်ယောက်ကို သမီးက ရက်(၃၀)ပြည့်တာနဲ့ ယူရတော့မယ်ပေါ့၊ လူယုတ်မာတွေကို မယူချင်ဘူး၊ ကယ်ပါဦး ဘိုးဘိုးရယ်"

ဟု တောင်းပန်လေ၏။ ထိုအခါ အဘိုးအိုကျဖန်းက ...

"ဒီလောက်လည်း ပူမနေပါနဲ့ သမီးရယ်၊ ဝမ်ယု အချိန်မီ ရောက်လာမှာပါ၊ ဝမ်ယု ရောက်လာရင် သမီးကို ဝမ်ယုနောက်ကို အဘိုးကိုယ်တိုင် ထည့်လိုက်မယ်"





ဟု ပြောလေ၏။ အဘိုးအိုကစကားကြောင့် ဂန္ဓမာက ...

"သမီး ထွက်သွားရင် လူယုတ်မာတွေက အဘိုးကို ရန်ရှာမှာပေါ့"

ဟု ပြောလေ၏။ ထိုအခါ အဘိုးအိုက ရယ်မော၍ ...

"အဘိုး အသက်ကြီးပါပြီ သမီးရယ်၊ သေရမှာမကြောက်ပါဘူး၊ သူတို့နဲ့ သူသေကိုယ်သေ တိုက်ပစ်လိုက်မယ်၊ သူတို့ကြောင့် အဘိုးကျဆုံးရင် ကျဆုံးမယ်၊ ဒါပေမဲ့ အဘိုးတစ်ယောက်အတွက်နဲ့ သူတို့အသက်တွေ အများကြီးပေးရမယ်"

ဟု ကြွေးဝါးလိုက်လေ၏။ ထိုအခါ ဂန္ဓမာသည် စိတ်ထိခိုက်လွန်းသဖြင့် တရှုံ့ရှုံ့ ငိုကြွေးနေလေ၏။

အဘိုးအိုက မြေးမလေး၏ ပခုံးကိုဖက်၍ ...

"မငိုပါနဲ့ ငါ့မြေးရယ်၊ အချိန်တစ်လတိတိ ကျန်ပါသေးတယ်၊ ဝမ်ယု ပြန်လာရင် ဒီအရပ်က ထွက်ပြေးလို့ရပါပြီ"

ဟု ပြောလိုက်ရာ ဂန္ဓမာက ...



www.burmeseclassic.com

www.burmeseclassic.com



"သမီးတို့ လွယ်လွယ်ပြောလို့ ရမယ်မထင်ဘူး၊ သူတို့က သမီးတို့ကို အလွတ်ပေးမှာ မဟုတ်ဘူး"

ဟု ပြောလေ၏။ အဘိုးအိုက အဝေးဆီသို့ငေးကြည့်၍ ...

"ဝမ်ယုက အစွမ်းရှိတဲ့ လူတစ်ယောက်ပါ၊ ဝမ်ယုရောက်လာရင် အခြေအနေတွေ ပြောင်းလဲသွားနိုင်တယ်၊ အဘိုးတို့ရွာမှာ မနက်ဖြန် မြို့ကိုသွားမယ့် ခရီးသည်တစ်စုရှိတယ်၊ သူတို့ဆီကိုသွားပြီး ဝမ်ယုအတွက် စာတစ်စောင်ပေးလိုက်မယ်၊ ဝမ်ယု စာရရင် ရွာကို အမြန်ဆုံးရောက်လာမှာပဲ"

ဟု အားပေးစကား ပြောလိုက်ရာ ဂန္ဓမာသည် ဝမ်ယု၏ ရဲစွမ်းသတ္တိရှိပုံကို သတိရသဖြင့် အနည်းငယ် စိတ်အေးသွားလေ၏။

အဘိုးအိုသည် နောက်တစ်နေ့သို့ရောက်လျှင် ဝမ်ယုအတွက် စာတစ်စောင်ရေး၍ ကုန်သည်များထံသို့ ရောက်ခဲ့လေ၏။





ကုန်သည်များသည် အဘိုးအို၏စာကို လက်ခံယူ၍ ဝမ်ယုထံသို့ ပို့ပေးမည်ဖြစ်ကြောင်း ပြောလေ၏။ အဘိုးအိုသည် စိတ်သက်သာရာရပြီး အိမ်သို့ပြန်ခဲ့လေ၏။

အဘိုးအို အိမ်သို့ရောက်ပြီး ခဏကြာသည် သူ၏အိမ်သို့ အကြီးအကဲ၏ သားနှစ်ယောက်ဖြစ်သော ကျင်ယုံနှင့် ကုလုံသည် ဆောင့်ကြွားကြွား အမူအရာနှင့် ရောက်ရှိလာကြ၏။

အဘိုးအိုသည် ကျင်ယုံနှင့် ကုလုံကိုကြည့်၍ ...

"မင်းတို့ ဘာကိစ္စလာကြတာလဲ"

ဟု မေးမြန်းလေရာ ကျင်ယုံက ...

"ကျုပ်တို့ဟာ မကြာမီမှာ ခင်ဗျားမြေးရဲ့ လင်ယောက်ျားတွေ ဖြစ်ရတော့မယ်၊ ဒါကြောင့် ကျုပ်တို့နှစ်ယောက်ထဲက တစ်ယောက်ယောက်ကို ရွေးချယ်နိုင်ဖို့ ရောက်လာတာပါ၊ ရောက်လာပေးတာပါ"

ဟု ပြောလိုက်ရာ အဘိုးအိုသည် ကျင်ယုံတို့၏ ရိုင်းပျသောစကားကြောင့် မျက်နှာတင်းမာသွားပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်တွေ၊ ဘာပဲဖြစ်ဖြစ် ဒီအချိန်မှာ မင်းတို့ဟာ ငါ့သမီးနဲ့ ဘာမှမတော်ဘူး၊ ဒီအိမ်ကို လာစရာအကြောင်း မရှိဘူး"

ဟု ငြင်းဆိုလိုက်ရာ ကျင်ယုံက မျက်မှောင်ကြုတ်၍ ...

"ဒီမှာအဘိုးကြီး၊ ခင်ဗျားက ကျုပ်အဖေရဲ့ဆန္ဒကို ဆန့်ကျင်တဲ့ သဘောလား၊ အဖေ သိသွားရင် ခင်ဗျားတို့တစ်မျိုးလုံး ဒုက္ခရောက်ကုန်မယ်နော်"

ဟု ခြိမ်းခြောက်လိုက်ရာ တောလိုက်သမား အဘိုးအိုသည် စိတ်ထဲတွင် ထောင်းခနဲ ဖြစ်သွားပြီး ...

"ဒီမှာ မင်းတို့က ငါ့ကို သေမှာကြောက်တဲ့ အဘိုးကြီးများ ထင်နေသလား၊ တောထဲမှာ ကျားနဲ့နပန်းလုံးလာတဲ့ကောင်ကွ၊ မင်းတို့ ငါ့စကားနားမထောင်ရင် ငါ့ကိုအပြစ်မဆိုနဲ့နော်"

အဘိုးအိုကူဖုန်းသည် ပြောရင်း နံရံ၌ချိတ်ထားသော ပြောင်းရှည်သေနတ်ကို ဆွဲယူလိုက်၏။





ကျင်ယုံနှင့် ကုလုံသည် အခြေအနေ မကောင်းမှန်း သိသဖြင့် အိမ်ထဲမှ ဆင်းသွားပြီး ကုလုံက ...

"အဘိုးကြီး ... ခင်ဗျား အသက်ကြီးပြီ၊ ထမင်းဝအောင်သာ စားထားပေတော့"

ဟုပြောကာ အိမ်မှထွက်ခွာသွားလေ၏။ အဘိုးအိုသည် အံကိုကြိတ်၍ ကျန်ရစ်ခဲ့ရှာ၏။ အကြီးအကဲ၏ သားနှစ်ယောက်သည် လူဆိုးလူမိုက်များ အားကိုးနှင့် မိုက်ရိုင်းလွန်းလှ၏။

ရွာအကြီးအကဲ ကိုယ်တိုင် ရွာသူရွာသားများကို သူ၏လက်အောက်ငယ်သားများပမာ ဆက်ဆံနေ၏။

ဤရွာမျိုး၌ အမိုက်ခံ၍ ဆက်ပြီးနေစရာ အကြောင်း မရှိတော့။

မြေးဖြစ်သူကိုလည်း ကျင်ယုံနှင့် ကုလုံ၏စတုတ္ထ မြောက်မယား အဖြစ်မခံနိုင်။ ဝမ်ယု ရောက်လာလျှင် ဤရွာနှင့်ဝေးရာသို့ ပြေးရန်သာ ဆုံးဖြတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ရွာ၌ မိမိနှစ်ပေါင်းများစွာ ပျိုးထောင်လာခဲ့သော လက်ဖက်ခင်းနှင့် တောင်ယာများ ကျန်ရစ်ခဲ့၏။

ထိုအရာများကို စွန့်ခွာ၍ တစ်ရပ်တစ်မြေသို့ စွန့်ခွာရတော့မည်။

ရွာအကြီးအကဲသည် ဓားပြများ၏ရန်ကို ကာကွယ်ရန် အကြောင်းပြပြီး လူဆိုးလူမိုက်များစွာကို မွေးမြူထား၏။

အကြီးအကဲကို ဆန့်ကျင်သူများသည် လူ့လောကထဲမှ ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ်သွားရ၏။

အဘိုးအိုသည် တောလိုက်မုဆိုးတစ်ယောက်ဖြစ်သဖြင့် အတိအလင်းထွက်၍ ရင်ဆိုင်တိုက်ခိုက်ရမည်ကို ကြောက်ရွံ့ခြင်းမရှိ။ မည်သည့်အရပ်က လာမှန်းမသိသည့် ရန်သူကို တိတ်တဆိတ် လုပ်ကြံမှာ စိုးရွံ့၏။

သို့သော် အဘိုးအိုသည် မိမိ၏တုန်လှုပ်ချောက်ချားခြင်းကို ဂန္ဓမာမသိအောင် ဟန်ဆောင်ထား၏။ အကြီးအကဲ၏သားနှစ်ယောက်ကို နေအိမ်မှ မောင်းထုတ်သဖြင့် အကြီးအကဲထံမှ ပြင်းထန်သော ရာဇသံများ ထွက်ပေါ်လာနိုင်၏။





အဘိုးအို ထင်မှတ်ထားသည့်အတိုင်း လူမဆန်သော ရာဇသံတစ်ရပ် ထွက်ပေါ်လာ၏။ ထိုရာဇသံမှာ နောက်နေ့နံနက် အိပ်ရာနိုးလျှင် အဘိုးအို၏ခြင်ထောင်၌ တွယ်ချိတ်နှင့် စာတစ်စောင်ကို မြင်ရ၏။ စာမှာ (၂၉–ရက်သာ ကျန်တော့သည်)ဟူ၍ ဖြစ်၏။

အဘိုးအိုသည် မိမိအိပ်ရာမဝင်မီ အိမ်တံခါးချက်များကို သေချာစွာပိတ်ထားလျက်နှင့် အိမ်ထဲသို့ စာရောက်နေခြင်းကို နားမလည်နိုင်အောင် ဖြစ်မိ၏။

အဘိုးအိုသည် (၂၉–ရက်သာ ကျန်တော့သည်)ဆိုသော စာရွက်ကို ဂန္ဓမာမြင်လျှင် ကြောက်ရွံ့မှာစိုး၍ စုတ်ဖြဲပစ်လိုက်လေ၏။

ရန်သူသည် မိမိအိမ်ထဲသို့ အလွယ်တကူ ဝင်ရောက်နိုင်မှန်း ခြိမ်းခြောက်လိုက်ခြင်းဖြစ်၏။

အကြီးအကဲ၏ လက်မရွံ့လူမိုက်များက ခြင်ထောင်၌ စာကိုမကပ်ဘဲ မိမိ၏ရင်ဝကို ဓားဖြင့်စိုက်၍ သတ်ဖြတ်သွားနိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုသည် ရန်သူ၏အစွမ်းကိုတွေးပြီး ရင်ထဲတွင် လေးလံသွားလေ၏။

◆ ✻ ◆





နောက်နေ့များတွင်လည်း ရန်သူ၏ ခြိမ်းခြောက်မှုများကို ကြုံတွေ့ရပြန်၏။

မြေးအဘိုးနှစ်ယောက် နံနက်စာစားရန် ထမင်းစားပွဲကို ယူလိုက်သောအခါ ထမင်းစားပွဲ၌ မင်နီဖြင့် ရေးသားထားသော (၂၈)ဟူသည့် ဂဏန်းကို မြင်တွေ့ရလေ၏။

ဂန္ဓမာသည် လည်ဝယ်သော မိန်းကလေးတစ်ယောက် ဖြစ်သဖြင့် ၂၈-ဂဏန်း၏အဓိပ္ပာယ်ကိုသိပြီး ထိတ်လန့်ဘုန်လှုပ်သွားလေ၏။ ဂန္ဓမာက စားပွဲ၌ ရေးထားသောစာကို ထိတ်လန့်စွာကြည့်၍ ...

"သူတို့ အိမ်ထဲဝင်ပြီး (၂၈)ရက်ပဲ ကျန်တော့တယ်လို့ သတိပေးသွားတာပဲ၊ သမီး ကြောက်တယ် အဘိုး၊ သူတို့ ဘယ်လိုအိမ်ထဲဝင်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ရေရွတ်လေ၏။ အဘိုးအိုသည် ထိတ်လန့်နေသော မြေးမလေး၏ ခေါင်းကိုပွတ်၍ ...

“အဘိုးလည်း ဒါကိုပဲ စဉ်းစားနေတာ သမီးရဲ့၊ ဒီကောင်တွေက သူခိုးဓားပြတွေလေ၊ ဒါကြောင့် ခိုးကြောင်ခိုးဝှက် အလုပ်ကို သိပ်လုပ်တတ်တယ်၊ ဒါပေမဲ့ သူတို့ကြောက်စရာ မလိုပါဘူး၊ သူတို့ပေးထားတဲ့ ရက်ပေါင်း(၃၀)မပြည့်သေးပဲနဲ့ အဘိုးတို့ကို လက်ဖျားနဲ့တောင် မထိပါဘူး”

ဟု ပြောလေရာ ဂန္ဓမာက ထိတ်လန့်ဟန်ဖြင့် ...

“ရက်ပေါင်း(၃၀)ပြည့်ရင် ဘယ်လိုလုပ်မလဲ အဘိုး၊ သမီးကြောက်တယ်”

ဟု ပြောလေ၏။

အဘိုးအိုက သက်ပြင်းချ၍ ...

“ဝမ်ယု မြို့မှာအိမ်ဆောက်နေတာ ပြီးကာနီးပါပြီ၊ ရွာကိုပြန်လာတော့မှာပါ၊ ဝမ်ယုကို ကုန်သည်တွေကတစ်ဆင့် စာပေးလိုက်တယ်၊ ဝမ်ယု အမြန်ဆုံး လာမှာပါ”

ဟု နှစ်သိမ့်လိုက်လေ၏။





နောက်နေ့မှစ၍ အဘိုးအိုကူဖုန်းသည် သေနတ်တစ်လက်ကို ကျည်အပြည့်ထိုး၍ မိမိအိမ်ထဲသို့ ကျူးကျော်ဝင်လာမည့်လူကို စောင့်လေ၏။

သို့သော် တစ်ညလုံး မည်သည့်အရိပ်အယောင်ကိုမျှ မမြင်ရဘဲ မိုးလင်းသွားလေ၏။ နောက်နေ့နံနက် မိုးလင်းသောအခါ အဘိုးအိုသည် ခြံထဲသို့လှည့်ပြီး ရှာဖွေလေရာ ခြံတံခါးဝ၌ အနီရောင်ဖြင့် (၂၇)ဂဏန်းကို ရေးမှတ်သွားကြောင်း တွေ့ရ၏။

အဘိုးအိုကူဖုန်းသည် ထိုနေ့ညမှစ၍ မိမိအိမ်ကို ကျူးကျော်ဝင်ရောက်သူများကို တိုက်ခိုက်ရန် စောင့်ကျပ်နေခဲ့၏။ သို့သော် ကျူးကျော်သူ၏ အရိပ်အယောင်ကို မမြင်ရပဲ နေ့စဉ် မိမိအိမ်၏ ထင်ရှားသောနေရာများ၌ ဂဏန်းများကို တစ်ရက်ပြီး တစ်ရက်လျော့၍ ရေးသားထားကြောင်း တွေ့ရ၏။

နောက်ဆုံး၌ အဘိုးအိုသည် အိပ်ပျက်မခံတော့ပဲ ရန်သူများကို ချောင်းမြောင်းသည့် အလုပ်များကို စိတ်လျှော့လိုက်လေ၏။

ရက်များ တစ်ရက်ပြီးတစ်ရက် ကျော်လွန်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုနှင့် မြေးအဘိုးသည် ဝမ်ယု ရောက်လာမည့်နေ့ကို မျှော်နေလေ၏။

အဘိုးအို ပေးလိုက်သောစာ ဝမ်ယုလက်သို့ရောက်လျှင် ရွာကို အမြန်ဆုံးရောက်လာမှာ သေချာ၏။ သို့သော် ရွာအကြီးအကဲ၏ ရာဇသံပေးသောရက် နီးကပ်လာသည့်အထိ ဝမ်ယု ရောက်မလာသေးချေ။

ဂန္ဓမာသည် ဝမ်းနည်းလွန်းသဖြင့် အချိန်တိုင်း ငိုကြွေးနေလေတော့၏။

အဘိုးအိုသည် ဂန္ဓမာကို နှစ်သိမ့်နေသော်လည်း မိမိကိုယ်တိုင် ဝမ်ယုအတွက် မျှော်လင့်ချက် မရှိတော့ချေ။

ရွာအကြီးအကဲပေးသော ရက်ပေါင်း(၃၀)မှ (၁၀) ရက်သာ ကျန်တော့၏။

မြို့တက်ပြီး ဂန္ဓမာနှင့်အတူနေရန် အိမ်ဆောက်နေသည်ဆိုသော ဝမ်ယုထံမှ မည်သည့်အကြောင်းကိုမျှ မကြားရချေ။

ဝမ်ယုတစ်ယောက် ဂန္ဓမာအပေါ် သစ္စာဖောက်ဖျက်သွားပြီလား။





သို့တည်းမဟုတ် အန္တရာယ်များပြားလွန်းသော ပန်းလေးတစ်ပွင့်ကို ဆွတ်ခူးရန် သတ္တိကြောင်သွားလေမလား။

ဂန္ဓမာတို့ မြေးအဘိုးသည် နောက်ဆုံးမျှော်လင့်ချက်အဖြစ် ဝမ်ယု အလာလမ်းကို စောင့်ကြိုနေဆဲဖြစ်၏။

ဂန္ဓမာသည် ရွာထဲသို့ မြင်းများဝင်ရောက်လာပြီဆိုလျှင် ဝမ်ယုများ ဖြစ်လေမလားဟုဆိုကာ အပြေးအလွှား သွားကြည့်တတ်၏။

သို့သော် အကြီးအကဲ ချိန်းဆိုထားသည့်ရက်မှာ တစ်ရက်ပြီးတစ်ရက် ကုန်လွန်ခဲ့ပြီး ဝမ်ယု ရောက်မလာနိုင်ခဲ့ချေ။ အကြီးအကဲ၏လူများသည် အဘိုးအိုတို့မြေးအဘိုး ထွက်မပြေးနိုင်ရန် တောလမ်း၌ လက်နက်လူသူအင်အား တောင့်တင်းစွာဖြင့် အစောင့်များ ချထားလေ၏။

ထိုအစောင့်များအားလုံး သေစုံသတ်စုံသော လက်မရွံ့ လူဆိုးများဖြစ်သဖြင့် မြေးအဘိုးနှစ်ယောက်အတွက် အတောင်ပေါက်မှသာ လွတ်မြောက်နိုင်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ဂန္ဓမာသည် သူတို့အိမ်၏ ရေစည်ကြီးဒွိ (၂)ဂဏာန်းကို မြင်သည့်နေ့မှစ၍ ဝမ်းနည်းလွန်းသဖြင့် ရှိုက်ကြီးတငင် ငိုလေတော့၏။

ဝမ်ယု မလာတော့ဟု ယူဆပြီး အားပါးတရ ငိုကြွေးနေမိ၏။

နောက်တစ်နေ့မှစ၍ မိမိတို့ချစ်သူနှစ်ဦး ရှင်ကွဲကွဲကြလေတော့မည်။ မချစ်မနှစ်သက်သူ လူဆိုးလူသွမ်းများ၏ လက်၌ မိမိဘဝကို ထိုးအပ်ပြီး သူတို့ပြုသမျှ နရတော့မည်။

လူရမ်းကားများ၏ အနိုင်ကျင့် စော်ကားခြင်းကို ခံရတော့မည်။ ထိုအခါ မိမိ၏ဘဝသည် အရှင်လတ်လတ် ငရဲရောက်သကဲ့သို့ ခံစားရလေတော့မည်။

အဘိုးအို ကိုယ်တိုင် ဂန္ဓမာ ငိုရှိုက်နေခြင်းကို တားဆီးခြင်းငှာ မစွမ်းသာတော့ချေ။

အဘိုးအိုသည် တောလိုက်မုဆိုးပီပီ ဤမျှအခက်အခဲများစွာနှင့် ကြုံတွေ့နေသော်လည်း အကြီးအကဲ၏ဆန္ဒအတိုင်း မြေးဖြစ်သူကို လိုက်နာစေရန် စိတ်ကူးခြင်းမရှိချေ။





ကျင်ယုံနှင့် ကုလုံ ညီအစ်ကိုနှစ်ဦးကဲ့သို့ လူဆိုးလူညစ်များနှင့် ပေါင်းဖက်ရသည်ထက် သေရတာမှ မိုကောင်းသည်ဟု ယူဆ၏။

ထို့ကြောင့် လူဆိုးလူမိုက်များကို ကိုယ်စွမ်းရှိသမျှ ခုခံ၍ မိမိမသေမီ ၎င်းတို့အား ငရဲပြည်သို့ ရသမျှ ခေါ်ဆောင်သွားမည်ဟု စိတ်ပိုင်းဖြတ်ထား၏။

♦ ✻ ♦



www.burmeseclassic.com

www.burmeseclassic.com



ယနေ့ညသည် လမိုက်ည ဖြစ်သဖြင့် မှောင်မိုက်လွန်းလှ၏။

ယနေ့နံနက်က (၂)ဂဏန်းကို တွေ့မြင်ရသဖြင့် အဘိုးအိုသည် တစ်ညလုံး အိပ်၍မပျော်ချေ။ ယနေ့ည(၁)ဂဏန်းကို ကျိန်းသေလာရေးကြဦးမည်။

(၁)ဂဏန်း ရေးပြီးလျှင် မိမိတို့ကံကြမ္မာသည် မည်သို့ဖြစ်မည်မသိ။

အဘိုးအိုသည် မိမိ၏နောက်ဆုံးအချိန်ထိ ရန်သူများကို ငရဲသို့ခေါ်သွားရန် ဆုံးဖြတ်ထား၏။ မိမိအသက်အရွယ်သည် ဘဝ၏နောက်ဆုံးအချိန်သို့ ရောက်ရှိရလေပြီ။ သေမင်းနှင့်ရင်ဆိုင်ရမှာ မကြောက်တော့ချေ။ မြေးမလေးအတွက်သာ စိုးရိမ်သဖြင့် လှူစွမ်းကောင်း ဝမ်ယုကို မျှော်နေမိ၏။





ဝမ်ယုတစ်ယောက် မိမိတို့မြေးအဘိုးအပေါ် သစ္စာဖောက်သွားလေပြီလား။ အန္တရာယ်နှင့်ပင် ရင်ဆိုင်ကြုံတွေ့နေသလား။

ယနေ့ည(၁)ဂဏန်းပေါ်လာပြီးလျှင် ရွာအကြီးအကဲ၏ ရာဇသံပေးသော နေ့ရက်တို့ ကုန်ဆုံးသွားချေပြီ။

ဤနေ့သို့ရောက်လျှင် လူဆိုးလူမိုက်များသည် အုပ်စုလိုက်လာရောက်၍ မိမိကိုသတ်ဖြတ်ကာ မြေးမလေးကို ဆောင်ယူသွားလေမည်လား။

ဤသို့ဆိုလျှင် မြေးမလေးသည် မချစ်မနှစ်သက်သူများ၏ ရင်ခွင်၌ ဘဝငရဲကို ခံစားရတော့မည်။

ထိုအခိုက်မှာပင် တောလိုက်မုဆိုး အဘိုးအို၏နားထဲ၌ တစ်စုံတစ်ခုသော အသံကို ကြားလိုက်၏။

ထိုအသံသည် ခြံတံခါးဆီမှ လာသည်ထင်၏။ အဘိုးအိုသည် ထိုင်ရာမှ ဝုန်းခနဲထရပ်၍ ကျည်အပြည့်ထိုးထားသော သေနတ်ကို အသင့်ပြင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အကြီးအကဲ၏ လူများ မိမိအိမ်သို့ ချုတ်နှင်းဝင်ရောက်လာပုံရ၏။

အဘိုးအိုသည် မခံချင်စိတ်ဖြင့် အသက်ချင်းလဲရန် ဆုံးဖြတ်ထားပြီးဖြစ်၏။

မိမိ၌ တောတွင်းအတွေ့အကြုံ များစွာရှိ၏။ လူဆိုးလူသွမ်းများကို ရဲရဲဝံ့ဝံ့တိုက်ခိုက်ရင်း မိမိအသက် ဆုံးစေရမည်။

ထိုအခိုက်မှာပင် တံခါးဝဆီမှ အသံရပ်သွား၏။

အဘိုးအိုသည် သေနတ်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်၍ ခြံဝင်းထဲသို့ ထွက်ကြည့်လိုက်၏။

ခြံထဲ၌ လရောင်ကြောင့် တစ်စုံတစ်ယောက်မျှမရှိကြောင်း တွေ့ရ၏။

အနီးပတ်ဝန်းကျင်၌လည်း လူဆိုးလူမိုက်များအရိပ်အယောင်ကို မမြင်ရ၊ မည်သည့်အသံကိုမျှ မကြားရ။

ထိုစဉ်မှာပင် မြေပေါ်မှာ တရွေ့ရွေ့ လှုပ်ရှားနေသော အရာတစ်ခုကို မြင်လိုက်ရ၏။





ထိုအရာသည် တောလိုက်မုဆိုးမျက်လုံးနှင့် တွားသွားသတ္တဝါတစ်ဦးဟု ထင်မြင်မိ၏။

သို့သော် သေသေချာချာ ကြည့်လိုက်သောအခါ လူတစ်ယောက် ဖြစ်နေ၏။

ထိုလူသည် မိမိ၏အိမ်ရှိရာသို့ မြေပေါ်မှာ တွားတွားသွား၍ တရွေ့ရွေ့ တိုးကပ်လာ၏။

အဘိုးအိုသည် ထိုသူကို တိုက်ခိုက်ရန် ကြံစည်နေစဉ် ထိုသူသည် အိမ်ထဲသို့ ခုန်လွှား၍ ဝင်လိုက်ပြီး တံခါးကို ဆတ်ခနဲ ပိတ်လိုက်၏။

အဘိုးအိုသည် မှန်အိမ်အလင်းရောင်ဖြင့် ထိုသူကို ကြည့်လိုက်ရာ "ဝမ်ယု"ဖြစ်နေသဖြင့် အလွန်ဝမ်းသာသွားပြီး ...

"မင်း ရောက်လာပြီ၊ ဝမ်းသာလိုက်တာကွာ၊ ငါတို့မြေး အဘိုး တစ်ချိန်လုံး မင်းကိုမျှော်နေတာကွ"

ဟု ပြောလေရာ ဝမ်ယုက လေသံတိုးတိုးဖြင့် ...

"မြို့ပေါ်မှာ ပြဿနာတစ်ခုပေါ်နေလို့ ကျွန်တော် နောက်ကျနေတာအဘိုး၊ ကျုပ် ရွာကိုရောက်လာတဲ့အခါ လမ်းမှာ



www.burmeseclassic.com

www.burmeseclassic.com



အဘိုးတို့သတင်းကို ကြားတယ်၊ ဒါကြောင့် ဖြောင်ဖြောင်တင်းတင်း မဝင်ဘဲ အခုလို ခိုးဝှက်ပြီး ဝင်လာရတာပေါ့၊ ဒီကောင်တွေ မိုက်ရိုင်းလိုက်တာ အဘိုးရယ်၊ ဒါနဲ့ နေပါဦး၊ ကျုပ်ဗိုက်ထဲမှာ အတော်ဆာနေပြီ၊ စားစရာရှိရင် အရင်ကျွေးပါဦး၊ ကျုပ် ရန်သူရဲ့ အလစ်အငိုက်ကိုကြည့်ပြီး တောထဲမှာ တစ်နေကုန် ပုန်းအောင်းနေရတာဗျ၊ ဂန္ဓမာကို မြန်မြန်ခေါ်ပေးပါဦး၊ သူ စိတ်အားငယ်နေလောက်တယ်”

ဟု ပြောလိုက်ရာ အဘိုးအိုက ခေါင်းညိတ်၍ ...

“ငါ့မြေးလေး စိတ်အားငယ်နေတာတော့ အမှန်ပဲ မောင်ရေ၊ နေ့စဉ်နေ့တိုင်း မျက်ရည်နဲ့ မျက်ခွက်ပါပဲ၊ သူ့ခမျာ မင်းနဲ့ ရှင်ကွဲ,ကွဲရမယ်ထင်ပြီး ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ဖို့တောင် ကြံစည်ထားပုံရတယ်”

ဟု ပြောလေ၏။ ထိုအခိုက်မှာပင် ဂန္ဓမာသည် အိပ်ရာမှနိုးလာပြီး ချစ်သူဖြစ်သူကို မြင်သောအခါ ဝမ်းသာအားရ ပြေးဖက်၍ ...





“ညီမဆီ ရောက်လာတယ်နော်၊ ဝမ်းသာလိုက်တာ အစ်ကိုရယ်၊ အစ်ကို ညီမကို စွန့်ခွာထွက်ပြေးသွားပြီ ထင်နေတာ”

ဟု ပြောလေရာ ဝမ်ယုက ဂန္ဓမာ၏ပခုံးကို ယုယစွာပွေ့ဖက်၍ ...

“ညီမကို ဘယ်တော့မှ အစ်ကို စွန့်မပြေးဘူး၊ အစ်ကို မြို့ပေါ်မှာ ညီမနဲ့အတူနေမယ့် အိမ်လေးကိုဆောက်ပြီး မတရား အဖမ်းခံရလို့”

ဟု ဆိုကာ သူ၏နောက်ကြောင်းကို ပြန်လည်ပြောဆိုလေရာ ဂန္ဓမာတို့မြေးအဘိုးသည် တအံ့တသြ ဖြစ်သွားတော့၏။

ထို့နောက် အဘိုးအိုက ဝမ်ယု စားသောက်ရန် ပဲပေါက်စီများကို ထုတ်လေ၏။

ဝမ်ယုသည် အစားအစာ အနည်းငယ်ကို စားသောက်လိုက်သဖြင့် ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်သွားသယောင်ရှိ၏။ ဝမ်ယုက စားသောက်ပြီးနောက် ...

“ရွာအကြီးအကဲရဲ့ လက်မရွံ့လူမိုက်တွေ တောလမ်းနဲ့ ရေလမ်း နှစ်လမ်းစလုံးမှာ စောင့်နေကြတယ်၊ အဘိုးအိုရဲ့



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကလေးကိုလည်း လေးဖက်လေးတန်ကနေ အစောင့်တွေ ချထားတယ်၊ ဒါကြောင့် ကျုပ်က ညမှောင်မဲ့အချိန်ကိုစောင့်ပြီး တိတ်တဆိတ် ဝင်လာခဲ့တာပဲ"

ဟု ပြောလိုက်ရာ အဘိုးအိုက ...

"မောင်ရင့်သတ္တိကို ချီးကျူးပါတယ်၊ အခုလို အန္တရာယ်တွေ ပတ်လည်ဝိုင်းနေတဲ့ အချိန်မှာ ရဲရဲဝံ့ဝံ့ စွန့်စားတဲ့သူကိုမှ သူရဲကောင်းလို့ ခေါ်တယ်၊ တော်ရုံလူဆိုရင် အန္တရာယ်များတဲ့လမ်းမှာ မစွန့်စားရဲပဲ နောက်ကြောင်းပြန်ပြေးသွားမှာပဲ"

ဟု ပြောလိုက်ရာ ဝမ်ယုက ...

"ကျုပ်ချစ်သူရှိတဲ့နေရာကို အန္တရာယ်တွေ ဘယ်လောက်များများ ကျုပ် အသက်စွန့်ပြီး လာရမှာပေါ့ဗျာ"

ဟု ပြောလိုက်လေ၏။ ထိုစကားကို နားထောင်၍ ဂန္ဓမာသည် များစွာ ကြည်နူးဝမ်းမြောက်မိလေ၏။

ထိုကဲ့သို့ ၎င်းတို့လူစု ညမှောင်မှောင်ထဲ၌ စကားကောင်းနေစဉ် ရွာအကြီးအကဲ၏ လက်မရွံ့လူမိုက်တစ်ဦးသည်





နောက်ဆုံးနေ့ရက်ဖြစ်သော (၁)ဂဏန်းကို ရေးသားရန် ခြံစည်းရိုးသို့ ကပ်ခဲ့၏။

ထို့နောက် ခြံတိုင်တစ်နေရာ၌ မင်နီဖြင့်(၁)ဂဏန်းကို ရေးလိုက်၏။ ဤသို့ရေးသားပြီး နောက်ကြောင်းသို့ပြန်ရန် ပြင်လိုက်စဉ် အိမ်ထဲမှ စကားပြောသံသဲ့သဲ့ကို ကြားရသဖြင့် ခြံစည်းရိုးနားသို့ကပ်ပြီး နားစွင့်လေ၏။ ဝမ်ယုက ...

"ကျွန်တော်တို့ ဒီနေ့ညပဲ ထွက်ပြေးမှ ဖြစ်တော့မယ်"

ဟု ပြောလေ၏။

ထိုအခါ ဝမ်ယုတို့၏ စကားပြောသံများကို ကြားပြီး၊ ၎င်းတို့ လေးဖက်လေးတန် စောင့်ကြပ်နေသော အိမ်ထဲသို့ ဝမ်ယု ရောက်နေကြောင်း အံ့ဩဖွယ် တွေ့ရလေ၏။

ထိုသူသည် ထူးခြားသောသတင်းကို အကြီးအကဲ၏ လူများထံသို့ အမြန်ဆုံး သတင်းပို့ရန် တောလမ်းအတိုင်း ပြေးသွားခဲ့လေ၏။

အကြီးအကဲ၏ စံအိမ်ကြီး၌ လက်မရွံ့လူမိုက်များ စုဝေးရောက်ရှိနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ (၁)ဂဏန်းရေးလာသော လူဆိုးသည် အကြီးအကဲ၏ စံအိမ်ကြီးရှေ့၌ ခြံတံခါးသံကွင်းကို အသံမကြားအောင် ခေါက်ရန်ပြင်လိုက်၏။

ထိုအခိုက်မှာပင် ညဘက် အစာရှာထွက်လာသော မြွေတစ်ကောင်သည် ခြံတံခါးအနီး၌ ရှိနေပြီး ထိုသူ၏ခြေထောက်ကို ပေါက်လိုက်လေ၏။

ထိုသူသည် အားခနဲအော်၍ မြေပေါ်သို့ လဲကျသွားပြီး မျက်လုံးများပြာဝေလာလေ၏။ ထိုအခိုက်မှာပင် ရွာအကြီးအကဲ၏ခြံတံခါး ပွင့်သွားပြီး မီးပုံးကိုင်ထားသော အစောင့်များသည် မြေပေါ်သို့ လဲကျနေသူနှင့် မြွေဟောက်တစ်ကောင်ကို တွေ့လိုက်ရ၏။

အစောင့်များသည် မြွေဟောက်ကို ဝိုင်းဝန်းရိုက်သတ်လိုက်ပြီး မြွေကိုက်ခံရသူအား ဆေးကုရန် ကြည့်လိုက်ရာ ထိုသူသည် ကယောင်ကတမ်းဖြင့် ...

"ဝမ်ယု ရောက်နေပြီ ... ဝမ်ယု ရောက်နေပြီ"





ဟု သတင်းပေးလေ၏။ သို့သော် ထိုသူ မြွေကိုက်ခံရပြီး ကယောင်ကတမ်း ပြောနေသည်ထင်ကာ မည်သူမျှ နားမဝင်ကြချေ။

ဝမ်ယုတို့လူစုကို ကံကြမ္မာက မျက်နှာသာပေးလိုက်ခြင်းဖြစ်၏။

♦ ✻ ♦



www.burmeseclassic.com

www.burmeseclassic.com



ဝမ်ယုက ဂန္ဓမာ၏ပခုံးကိုဖက်၍ ...

"အစ်ကိုတို့မှာ အချိန်မရှိတော့ဘူး၊ မနက်ဖြန်ဆိုရင် ရွာအကြီးအကဲ ပေးထားတဲ့ရက်က စေ့သွားပြီ၊ ဒီနေ့မှမပြေးရင် နောက်ဆိုရင် မဖြစ်နိုင်တော့ဘူး၊ အစ်ကို ရွာထဲကို ဝင်တုန်းက တောလမ်းနဲ့ မြစ်ကြောင်းလမ်း နှစ်လမ်းစလုံးမှာ လူဆိုးလူမိုက်တွေ စောင့်ကြပ်နေတာ တွေ့တယ်၊ ဒါပေမဲ့ အစ်ကို တောလမ်းကနေ ဝင်လာတော့ လူဆိုးလူမိုက်တွေ မတွေ့လိုက်ဘူး၊ ဒါကြောင့် တောလမ်းကပဲ ပြန်သွားချင်တယ်"

ဝမ်ယု၏စကားကြောင့် အဘိုးအိုသည် မျက်မှောင်ကြုတ်၍ အတန်ကြာအောင် စဉ်းစားနေ၏။





အဘိုးအိုသည် ဤတော ဤတောင်၌ နှစ်ပေါင်းများစွာ မုဆိုးလုပ်လာသူဖြစ်၏။

ထို့ကြောင့် လူဆိုးလူမိုက်များ၏လက်ကလွတ်အောင် အကောင်းဆုံးလမ်းကို ရွေးချယ်နိုင်၏။ အဘိုးအိုက မြေပုံတစ်ခုကိုဆွဲ၍ ...

"တောလမ်းနဲ့ မြစ်ကြောင်းလမ်း နှစ်လမ်းစလုံးမှာ အန္တရာယ်တွေရှိနေတယ်၊ ငါတို့ မလွတ်နိုင်ဘူး"

ဟု ပြောလေ၏။

အဘိုးအို၏စကားကြောင့် ဝမ်ယုက မျက်မှောင်ကြုတ်၍ ...

"ဒါဆိုရင် ကျုပ်တို့က လူဆိုးလူမိုက်တွေနဲ့ သူသေကိုယ်သေ တိုက်ရမှာလား"

ဟု မေးမြန်းလေ၏။ အဘိုးအိုက ခေါင်းခါယမ်း၍ ...

"သူသေကိုယ်သေတိုက်ဖို့ မလိုသေးဘူး၊ ဒါပေမဲ့ ငါတို့မှာ ပြေးစရာ တစ်လမ်းကျန်သေးတယ်၊ ဒီလမ်းက ပြေးရင်တော့ လုံးဝခရီးမတွင်ဘူး၊ ဒါပေမဲ့ ရန်သူ့လက်ကလွတ်



www.burmeseclassic.com

www.burmeseclassic.com



မြောက်နိုင်တယ်၊ ကျန်တဲ့လမ်းတွေက ပြေးရင် ကျုပ်တို့ လွတ်လည်း ရှေ့မှာ ပြန်မိမှာပဲ၊ ကျုပ်တို့သစ်တောထဲက ဖြတ်ပြေးမှ လွတ်မယ်”

ဟု ပြောလေရာ ဝမ်ယုက သက်ပြင်းချ၍ ...

“သစ်တောကိုဖြတ်ရင် အကြီးအကဲရဲ့အိမ်ကို ဦးတည်ပြီး အရင်သွားရမယ်၊ သစ်တောဖြတ်လမ်းက အကြီးအကဲအိမ် အနောက်မှာပဲရှိတယ်”

ဟု ပြောလေ၏။ အဘိုးအိုက ခေါင်းညိတ်၍ ...

“ဟုတ်တယ်၊ ကျုပ်တို့ စွန့်စားမှုဖြစ်မယ်၊ ဒါပေမဲ့ ငါတို့ ပြေးမယ်ဆိုရင် တောလမ်းက ပြေးမယ်လို့ ဘယ်သူမှစဉ်းစားမိမှာ မဟုတ်ဘူး၊ တောလမ်းကို ပြေးဖို့အတွက် ရန်သူရဲ့ပိုင်နက်ထဲကို ဝင်ရမယ်လေကွာ၊ ရန်သူ့လက်ကပြေးတဲ့လူဟာ ရန်သူနဲ့ဝေးရာကိုပဲ ပြေးမှာပေါ့၊ ရန်သူရဲ့ပိုင်နက်ထဲကို ခေါင်းလျှိုပြီး ဘယ်သူဝင်လာမှာလဲ”

ဟု ပြောလိုက်ရာ ဝမ်ယုက ...

“သဘောပဲဗျာ၊ လူသွားလမ်းရှိသလား”





ဟု မေးမြန်းလေ၏။ အဘိုးအိုက ...

“တောလမ်းမှာ လူသွားလမ်းရှိတယ်၊ ဒါပေမဲ့ တောင်တွေကို ဖြတ်သန်းပြီးမှ မြို့ကိုရောက်တဲ့အတွက် အင်မတန် ပင်ပန်းဆင်းရဲမှာ သေချာတယ်”

ဟု ပြောလေ၏။ ထိုအခါ ဝမ်ယုက ...

“ဘာပဲဖြစ်ဖြစ် အဘိုးဟာ တောလိုက်မုဆိုးတစ်ယောက် ဖြစ်တဲ့အတွက် အကောင်းဆုံးလမ်းကို ရွေးနိုင်မှာပါ”

ဟု ပြောလိုက်လေ၏။ ထို့နောက် အဘိုးအိုနှင့် ဝမ်ယုသည် လမ်းခရီး၌ စားသောက်နိုင်ရန် အိမ်ရှိအစားအစာများကို အိတ်တစ်လုံးထဲသို့ ထည့်လေ၏။ ထို့နောက် ညအမှောင်ကို အကာအကွယ်ပြု၍ ဝမ်ယုက ...

“ကျုပ်တို့မှာ အချိန်သိပ်မရှိတော့ဘူး၊ အိမ်ပတ်ဝန်းကျင် ရှေ့နောက်တွေမှာ ရန်သူတွေ ကင်းပုန်းစောင့်နေကြတယ်၊ ကျုပ်တို့ပြေးရင် တန်းမိသွားမှာပဲ၊ ဒါပေမဲ့ အိမ်နံဘေးကနေ ခြံစည်းရိုးကိုဖျက်ပြီး ပြေးရင် ရန်သူတွေ မျက်စိလည်သွား



www.burmeseclassic.com

www.burmeseclassic.com



နိုင်တယ်၊ ပြောနေကြတယ်ဗျာ၊ အခုပဲ ခြံထဲကိုဆင်းကြမယ်”

ဟု ပြောကာ ရင်းကိုယ်တိုင်ရှေ့မှဦးဆောင်၍ ခြံထဲသို့ ဆင်းလေ၏။

ခြံစည်းရိုးကို ကာရံထားသော သွပ်ဆူးကြိုးများကို ဖြတ်တောက်လေ၏။ ခြံစည်းရိုး ပြတ်သွားသောအခါ သူတို့အားလုံး မှောင်ရိပ်ခို၍ ခြံထဲမှ ထွက်လိုက်၏။

ထို့နောက် သုံးယောက်သား ခြံထဲမှ ဝပ်တွား၍ တရွေ့ရွေ့ သွားလာကြ၏။

သူတို့အားလုံး ကံကောင်းထောက်မစွာဖြင့် လွတ်ရာကျွတ်ရာအရပ်သို့ ရောက်ရှိသွားလေ၏။

ဝမ်ယု ဦးဆောင်၍ အကြီးအကဲ၏စံအိမ်ကြီးရှိရာ မြောက်ပိုင်းသို့ ထွက်ခဲ့၏။ အကြီးအကဲ၏စံအိမ်အနောက်၌ သစ်တောကြီးတစ်ခုရှိ၏။ ထိုသစ်တောကို ဖြတ်သန်းပြီး အနီးဆုံး မြို့သို့ရောက်အောင် ပြေးရမည်။





ဝမ်ယုတို့သည် လမ်းခရီး၌ လူဆိုးလူမိုက် အစောင့်အကြပ်များကို တွေ့ရ၏။ သို့သော် အစောင့်အကြပ်များအားလုံး ပေါ့ပေါ့ဆဆ နေထိုင်ကြသဖြင့် အကြီးအကဲအိမ်အနောက်ရှိ သစ်တောကြီးသို့ အလွယ်တကူ ရောက်ရှိသွားလေ၏။

ဝမ်ယုက သစ်တောထဲ၌ အဘိုးအိုနှင့် ဂန္ဓမာကို ခေါ်ကာ ...

“သစ်တောထဲကဖြတ်ပြီး ပြေးမယ်လို့ သူတို့ လုံးဝထင်မှာမဟုတ်ဘူး၊ သစ်တောက အကြီးအကဲအိမ် အနောက်မှာရှိတယ်ဆိုတော့ ဘယ်သူမှ သားရဲတွင်းထဲ ဝင်ပြေးမှာမဟုတ်ဘူး၊ ကျွန်တော်တို့က ရန်သူတွေ မထင်မှတ်တဲ့ သားရဲတွင်းထဲကိုဝင်ပြီး စွန့်စွန့်စားစား ပြေးကြတာပဲ၊ ဒါကြောင့် ကျွန်တော်တို့ခရီးလမ်းက ကြမ်းချင်ကြမ်းမယ်”

ဟု ပြောလေရာ အဘိုးအိုက ...

“သစ်တောကို ကျုပ်အရင်တုန်းက ဖြတ်သန်းဖူးပါတယ်၊ သစ်တောကြီးကို နှစ်ရက်လောက်ဖြတ်လိုက်ရင် မြို့ကိုရောက်ပြီ၊ ဒါပေမဲ့ သစ်တောနဲ့ မြစ်ကြောင်းက ကပ်လျက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



နေတယ်ဆိုတော့ ကျုပ်တို့ သစ်တောထဲက ထွက်ပြေးကြောင်းသိရင် သူတို့ မြစ်ကြောင်းလမ်းနဲ့ လိုက်လာမှာပဲ၊ ဒါပေမဲ့ သစ်တောကိုဖြတ်ပြေးတယ်ဆိုတာ မသိရင်တော့ လိုက်စရာ အကြောင်းမရှိဘူး”

ဟု ပြောလေ၏။

ဝမ်ယုတို့သည် သစ်တောထဲသို့ စတင်ခရီးဆက်ခဲ့လေ၏။

ခရီးလမ်းသည် ကြမ်းတမ်းလှ၏။ လူသွားလမ်းပင် မရှိသဖြင့် ဓားတစ်လက်ဖြင့် လမ်းထွင်ပြီး သွားရ၏။

အဘိုးအိုသည် ငယ်စဉ်က တောလိုက်ခဲ့စဉ် ဤမျှ တောမနက်ဟုဆိုကာ တောလမ်းခရီးကို ရွေးချယ်လိုက်ခြင်းအား နောင်တရဟန်ရှိ၏။

ဝမ်ယုသည် ရှေ့မှဓားတစ်လက်ဖြင့် လမ်းထွင်ပြီး သွားလာနေ၏။

ထိုသို့ သွားလာခဲ့ခြင်းသည် မှားယွင်းမှုတစ်ခုဖြစ်ခြင်းကို သူတို့အားလုံး မရိပ်မိနိုင်ခဲ့ချေ။





အဘယ်ကြောင့်ဆိုသော် မြစ်ကြောင်းအတိုင်း ဆန်တက်လာသော ရွက်လှေတစ်စီးသည် သူတို့သုံးယောက်ကို မြင်တွေ့သွားခဲ့၏။

ထိုရွက်လှေသည် အကြီးအကဲနှင့် သိကျွမ်းသော ကုန်သည်ကြီး၏ ရွက်လှေဖြစ်၏။

ကုန်သည်ကြီးသည် ရွာကိုရောက်သည်နှင့် အကြီးအကဲထံသို့ဝင်၍ ၎င်းမြင်တွေ့ခဲ့ပုံကို ပြောပြလေ၏။

ရွာအကြီးအကဲသည် ထိုသတင်းကိုကြားသည်နှင့် သူ၏သားနှစ်ယောက်ကိုခေါ်၍ ကြိမ်းမောင်းလိုက်ပြီး ...

“မင်းတို့ သိပ်ညံ့တယ်၊ အဘိုးကြီးနဲ့ ကောင်မလေး ထွက်ပြေးပြီကွ”

ဟု ပြောလေရာ ကျင့်ယုံနှင့် ကုလုံသည် မယုံကြည်နိုင်ပဲ ကျင်ယုံက ...

“မဖြစ်နိုင်တာပဲ အဖေရယ်၊ အဘိုးကြီးက အသက်ကြီးပြီ၊ ကောင်မလေးက သစ်တောထဲကဖြတ်ပြီး ဘယ်ကိုခေါ်သွားနိုင်မှာလဲ”



www.burmeseclassic.com

www.burmeseclassic.com



ဟု စောဒကတက်လေ၏၊ လုကုံကလည်း ဝင်ရောက်၍မဖြစ်နိုင်ကြောင်း ပြောလေ၏။ အကြီးအကဲသည် အရည်အချင်းမရှိသော သားနှစ်ယောက်ကို ဒေါသတကြီး ကြိမ်းမောင်း၍ လူဆိုးလူမိုက်များအား အဘိုးအိုကူဖုန်းအိမ်ကိုလွှတ်၍ ကြည့်ခိုင်းလေ၏။

ဒီအဘိုးအိုကူဖုန်း၏အိမ်၌ မည်သူမျှမရှိကြောင်း သိရသောအခါ ကျင်ယုံက ဒေါသတကြီး တက်ခေါက်၍ ...

“တောက် ... အဘိုးကြီး၊ သေကာနီးရောက်တော့မှ ငါတို့ကို တစ်ပတ်ရိုက်သွားတယ်၊ သင်းတို့ တွေ့ရင်အသေပဲ”

ဟု ကြုံးဝါးကာ လူဆိုးလူမိုက်များကိုခေါ်၍ ေ လမ်းခရီးဖြင့် ဝမ်ယုတို့ အနောက်သို့လိုက်လေ၏။

၎င်းတို့နှင့်အတူ လက်မရွံ့လူဆိုးလူမိုက်များစွာ ပါ ရှိ၏။

♦ ❋ ♦





ဝမ်ယုသည် မြစ်ကြောင်းအနီးမှ တရွေ့ရွေ့ခရီး ဆက်ခဲ့၏။ ခရီးလမ်းက ကြမ်းတမ်းလှသဖြင့် ခရီးမတွင်နိုင်ပဲ ရှိလေ၏။ ၎င်းတို့သည် တောလမ်းခရီးကို နှစ်ရက်မျှသာသွားရမည်ဟု မှန်းလေသော်လည်း လက်တွေ့၌ နှစ်ရက်နှင့် မရောက်နိုင်ကြောင်း တွေ့ရ၏။

နောက်နေ့ညနေသို့ ရောက်သောအခါ ၎င်းတို့ယူဆောင်လာသော ရိက္ခာများ ကုန်စင်သွားလေ၏။ ထိုနေ့ညနေစာအတွက် စားစရာပင် မရှိတော့ချေ။ ဝမ်ယုသည် ၎င်းတို့၏ရိက္ခာအခြေအနေကိုကြည့်၍ တောလိုက်ထွက်ရန် ဆုံးဖြတ်လိုက်၏။ ထို့ကြောင့် အဘိုးအိုထံမှ သေနတ်တစ်လက်ကို တောင်းယူ၍ ...

“ဒီတောထဲမှာ တောဆိတ်တွေ အတော်များများရှိမယ်၊ ကျွန်တော် တောလိုက်လိုက်ရင် ဒီနေ့ညနေအတွက် ရိက္ခာရမှာပါ”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ရာ အဘိုးအိုသည် တောလိုက်မုဆိုး ပီပီ ...

"မင်း ဒီမှာနားနေစမ်းပါ၊ တောလိုက်တဲ့ကိစ္စက ငါ့ကိစ္စပါ"

ဟု ပြောလေ၏။ ဖမ်ယုက လက်ကာပြ၍ ...

"အဘိုး ပင်ပန်းနေပြီ၊ လူဟာ ဘယ်လောက်ပဲ ကျွမ်းကျင်မှု ရှိပါစေ၊ အသက်အရွယ်က စကားပြောနေပြီ၊ ကျွန်တော့်မှာ တောလိုက်တဲ့အတွေ့အကြုံ ရှိပါတယ်"

ဟု ပြောလေရာ အဘိုးအိုက ...

"ဒီတော့ ဒီတောင်ကို မင်း မကျွမ်းဘူး၊ မျက်စိလည်သွားမယ်"

ဟု တားဆီးလေ၏။

ထိုအခါ ဖမ်ယုက ရယ်မော၍ ...

"ဒီအတွက် ကျွန်တော် ကြိုတင်ပြီး ပြင်ဆင်ထားပါတယ်၊ ကျွန်တော် သွားရာလမ်းတစ်လျှောက်မှာ ဟောဒီပဲစိလေးတွေ ချသွားမယ်၊ ဒါဟာ အကောင်းဆုံး လမ်းမပျောက်အောင် လုပ်တဲ့နည်းပဲ"





ဟု ပြောလေရာ အဘိုးအိုသည် ဖမ်ယု၏စိတ်အား ထက်သန်မှုကို မတားလိုသည်ကတစ်ကြောင်း၊ မိမိကိုယ်တိုင် ပင်ပန်းနွမ်းနယ်သည်ကတစ်ကြောင်းကြောင့် တောလိုက်မထွက်ပဲ ဂန္ဓမာနှင့်အတူ ချောင်းစပ်၌ နေခဲ့လေ၏။

ဖမ်ယုသည် သေနတ်တစ်လက်ကိုထမ်း၍ တောလိုက်ထွက်သွားလေ၏။ သူသည် တောင်ဆိပ်များ ကျက်စားရာ တောင်ထိပ်ကျောက်ဆောင်များဆီသို့ ဦးတည်သွားလာနေ၏။ ယခင်က တောလိုက်ဖူးသော အတွေ့အကြုံရှိသဖြင့် တောင်ဆိတ်ကို အလွယ်တကူ ဖမ်းမိမည်ဟု ယုံကြည်၏။

သူ၏ခရီးလမ်း မှားယွင်းမှုမရှိစေရန် အိတ်ထဲရှိ ပဲစိလေးများကို တောလမ်းတစ်လျှောက် တစ်စိချင်းချသွားလေ၏။

ဖမ်ယုသည် အတန်ကြာအောင် လှည့်လည်ပြီးနောက် ပေသုံးရာကျော်မြင့်သော ကျောက်တောင်ကြီးတစ်ခု၌ အစာစားနေသော တောင်ဆိတ်ကြီးတစ်ကောင်ကို တွေ့ရလေ၏။

ဖမ်ယုသည် တောင်ဆိတ်ကြီးကို သေနတ်ဖြင့်သေချာစွာချိန်တွယ်၍ ပစ်လိုက်ရာ တောင်ဆိတ်ကြီးသည် ကျောက်စွန်းပေါ်မှ ပြုတ်ကျလာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဝမ်ယုသည် ၎င်းတို့အတွက် စားနပ်ရိက္ခာ ဖူလုံသွားပြီဖြစ်သဖြင့် တောင်ဆိတ်ကြီးကိုထမ်း၍ အလာလမ်းအတိုင်း ပြန်ခဲ့လေ၏။

ဝမ်ယုသည် တောမကျွမ်းသောကြောင့် လမ်းမမှားစေရန် မိမိ၌ အသင့်ပါလာသော ပဲစိလေးများကိုချ၍ အမှတ်အသား ပြုထား၏။

ထို့ကြောင့် ခရီးလမ်း၏ တစ်ဝက်ခန့်ကို အခက်အခဲမရှိဘဲ ပြန်လာနိုင်၏။ သို့သော် တစ်နေရာသို့ ရောက်သောအခါ မိမိ အမှတ်အသားပြုထားသော ပဲစိလေးများကို မတွေ့ရတော့သဖြင့် မျက်မှောင်ကြုတ်လိုက်မိ၏။

ဝမ်ယုသည် မိမိအသွားလမ်းတစ်လျှောက်လုံး အမှတ်အသားအဖြစ် ချထားသော ပဲစိလေးများကို မတွေ့တော့သဖြင့် တွေးမရအောင် ဖြစ်မိ၏။

ဝမ်ယုသည် တောလိုက်မုဆိုးတစ်ယောက် မဟုတ်သဖြင့် မိမိ၏ လာရာလမ်းကို ခြေရာကောက်၍ပြန်ရန် ခက်ခဲလေ၏။ ထို့ကြောင့် ဝမ်ယုသည် တောထဲ၌ တဝဲဝဲလည်လည် ဖြစ်





နေ၏။ နောက်ဆုံး၌ တောင်ဆိတ်ကြီးကိုပင် မြေပေါ်မှာ ထားခဲ့ရ၏။ သူသည် တောင်ကြားလမ်းတစ်ခုအတိုင်း တစ်မိုင်ခရီး လျှောက်ပြီးမှ နောက်ကြောင်းသို့ ပြန်လှည့်ပြန်၏။ ထိုမှတစ်ဖန် စမ်းချောင်းတစ်ခုအနီးကပ်၍ လျှောက်ပြန်၏။

ဝမ်ယုသည် စမ်းချောင်းအတိုင်း လိုက်သွားလျှင် ဂန္ဓမာတို့ မြေးအဘိုးထံသို့ ပြန်ရောက်မည်ဟု ယုံကြည်၏။ ထို့ကြောင့် စမ်းချောင်းအတိုင်း စုန်ဆင်းခဲ့လေ၏။

ဝမ်ယုသည် တောတွင်း၌ လမ်းပျောက်ပြီး ညနေမှောင်ရီပျိုးစအချိန်သို့ ရောက်ခဲ့လေ၏။ ဝမ်ယုသည် မိမိအတွက် စိုးရိမ်သောက ရောက်နေမည့် မြေးအဘိုးနှစ်ယောက်အကြောင်းကို တွေး၍ တောလိုက်ထွက်ခဲ့ခြင်းကိုပင် နောင်တရမိ၏။

တောမကျွမ်းသဖြင့် အမှတ်အသားအဖြစ် မိမိချထားခဲ့သော ပဲစိလေးများ မည်သည့်အရပ်သို့ ရောက်ရှိသွားလေသနည်း။ အမှန်စင်စစ် ဝမ်ယု ချထားသော ပဲစေ့လေးများကို မျောက်အုပ်ကြီးတစ်အုပ်၏ ခေါင်းဆောင် မျောက်တစ်ကောင်က တစ်စိချင်း ကောက်စားခဲ့ခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုမျောက်သည် ပဲစိများကို ဝမ်းယု ပစ်ချထားသော လမ်းအတိုင်း တစ်စိချင်း ကောက်စားခဲ့ရာ နောက်ဆုံး၌ မြေးအဘိုးနှစ်ယောက်ရှိရာသို့ ရောက်ရှိသွားလေ၏။

မျောက်အုပ်ကြီး၏ခေါင်းဆောင်သည် မြေးအဘိုးနှစ်ယောက်ရှိရာသို့ ရောက်ရှိသွားသောအခါ တောလိုက်မုဆိုးအဘိုးအိုကို သေချာစွာကြည့်၍ ကျယ်လောင်စွာ အော်ဟစ်လေ၏။

ထိုအခါ ကျန်သောမျောက်အုပ်ကြီးကလည်း ခေါင်းဆောင်မျောက်နည်းတူ ဝိုင်းဝန်းအော်ဟစ်ကြ၏။ ဂန္ဓမာသည် အဘိုးအိုကိုဖက်၍ ...

"အဘိုး ... မျောက်တွေ ဘာဖြစ်လို့ ဒီလောက်တောင် အော်နေတာလဲ၊ ကြောက်ဖို့ကောင်းလိုက်တာ"

ဟု ပြောလေ၏။ အဘိုးအိုသည် မျောက်အုပ်ကြီး၏ ခေါင်းဆောင်မျောက်ကို သေချာစွာ ကြည့်လိုက်သောအခါ ထိုမျောက်၏ မျက်လုံးတစ်ဖက် ကျယ်လျှနေကြောင်း တွေ့ရ၏။

အဘိုးအိုသည် လွန်ခဲ့သောနှစ်များစွာက မိမိအခဲ လိုက်ခြင်းကို လိုက်လံနှောင့်ယှက်သော မျောက်တစ်ကောင်အား





သေနတ်ဖြင့်ပစ်လိုက်ရာ ထိုမျောက်၏မျက်လုံး၌ ဒဏ်ရာရရှိသွားပြီး သစ်ပင်ပေါ်မှ ပြုတ်ကျခဲ့ခြင်းကို သတိရ၏။

ထိုသို့ မှတ်မှတ်ရရ သတိရခြင်းမှာ အဘိုးအို၏ ပင်ကိုဗီဇစိတ်အရ မျောက်များကို ရှံရှာလွန်းသဖြင့် ဘယ်သော အခါမျှ အမဲမပစ်သောကြောင့် သတိရနေခြင်းဖြစ်၏။

ခေါင်းဆောင်မျောက်သည် အဘိုးအိုကို မုတ်မီးမာန် ဖြင့်ကြည့်၍ စူးစူးဝါးဝါး အော်ဟစ်နေ၏။ ကျန်သောမျောက်များ ကလည်း ခေါင်းဆောင်မျောက်နည်းတူ ဝိုင်းဝန်းအော်ဟစ်နေ၏။

ထို့ကြောင့် မျောက်အုပ်ကြီး၏အသံသည် လွန်စွာ ဆူညံလှလေ၏။ မျောက်အုပ်ကြီး ဆူညံစွာ ဟစ်အော်နေချိန်၌ ဝမ်းယုသည် တောင်ဆိတ်ကြီးကို ကျောက်ဆောင်ပေါ်မှ ပစ်ချသော အချိန်ပင်ဖြစ်၏။

◆ ✻ ◆



www.burmeseclassic.com

www.burmeseclassic.com



ဝမ်ယုသည် စမ်းချောင်းအတိုင်း လျှောက်လှမ်းလာခဲ့ရာ မကြာမီ မိမိမှတ်ထားမိနေသော ကျောက်လုံးကြီးတစ်လုံးကို မြင်ရသော် မိမိလမ်းမှန်သို့ ပြန်ရောက်ပြီဖြစ်ကြောင်း သိလိုက်၏။

ဝမ်ယုသည် မိမိနိုင်သလောက် သယ်ယူလာသော တောင်ဆိတ်သားများကို ဆာလောင်မွတ်သိပ်နေသော မြေအဘိုးနှစ်ယောက်အား ကျွေးနိုင်မည်ဆိုကာ ဝမ်းသာသွားလေ၏။

ထို့ကြောင့် ခြေလှမ်းကို သွက်သွက်လှမ်း၍ တောင်ကြီးအောက်သို့ ဆင်းလိုက်လေ၏။ ထိုအခါ တောင်ပေါ်မှ မြေအဘိုးနှစ်ယောက်ရှိရာသို့ ကြည့်လိုက်ရာ ၎င်းတို့ရှိရာ၌ မီးရောင်ကို မမြင်ရသဖြင့် ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားလေ၏။





မြေအဘိုးနှစ်ယောက်၏ ခိုအောင်းရာနေရာ ပြောင်းရွှေ့သွားလေသလား။ ဝမ်ယုသည် စိုးရိမ်တကြီးဖြင့် တောင်အောက်သို့ ပြေးဆင်းလာပြီး မြေအဘိုးနှစ်ယောက်ကို အသံပြုကြည့်လေ၏။ သို့သော် ၎င်းတို့ထံမှ ပြန်ထူးသံ မကြားရချေ။

ဝမ်ယုသည် မှောင်ရီပျိုးစ ဖြစ်နေသဖြင့် လက်နှိပ်ဓာတ်မီးကိုထုတ်၍ ဟိုသည်ထိုးကြည့်လေ၏။

ထိုအခါ မြေအဘိုးနှစ်ယောက် ရှိနေသောနေရာ၌ ရှုပ်ယှက်ခတ်နေသော ခြေရာများစွာကို တွေ့ရ၏။

ဝမ်ယုသည် ထိုခြေရာများကိုကြည့်၍ ခေါင်းထဲတွင် ဒိုက်ခနဲဖြစ်သွားပြီး နာကျင်ကြေကွဲစွာဖြင့် "ဂန္ဓမာ ... ဂန္ဓမာ"ဟု အသံကုန် အော်ဟစ်လိုက်လေ၏။

ဝမ်ယုသည် ချစ်သူနှင့် ရှင်ကွဲ ကွဲရပြီဟု ရိပ်စားမိလိုက်၏။

ဂန္ဓာတို့မြေအဘိုးကို ကျင်ယုံတို့လူစု ဖမ်းဆီးခေါ်ဆောင်သွားချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဝမ်ယုသည် အတန်ကြာသောအခါမှ မိမိစိတ်ကို မိမိထိန်း၍ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်၏။ ထိုအခါ အသစ်စက်စက် မြေပုံတစ်ခုကို တွေ့ရပြီး ထိုမြေပုံ၌ (ဝရမ်းပြေး လူမိုက် ကူဖုန်း)ဟု ရေးသားထားလေရာ အဘိုးအိုကူဖုန်း သေဆုံးပြီဟု သိလိုက်ပြီး စိတ်ထိခိုက်ကြေကွဲသွားလေ၏။

မိမိတောလိုက်ထွက်သွားသောအချိန်၌ လူဆိုးလူမိုက်များ လိုက်လာပြီး အဘိုးအိုကို သတ်ဖြတ်ကာ ဂန္ဓမာကိုဖမ်းဆီးခေါ်ဆောင်သွားလေပြီ။

ဂန္ဓမာတစ်ယောက် မချစ်မနှစ်သက်သူများနှင့် ပေါင်းဖက်ရသောဘဝရဲကို ရင်ဆိုင်ရပေတော့မည်။ ဝမ်ယုသည် မိမိချစ်သူနှင့် ရင်ကွဲ,ကွဲရပြီဟု ယူဆကာ ကျင်ယံ့တို့လူစုကို လက်စားချေရန် ဆုံးဖြတ်လိုက်၏။

ဤဘဝ၌ ဂန္ဓမာနှင့် ပေါင်းဖက်ရန် မဖြစ်နိုင်တော့ချေ။

ဝမ်ယုသည် အဘိုးအိုကူဖုန်း၏ မြေပုံအနီး၌ ဒူးထောက်ထိုင်ချလိုက်ပြီး မြေကြီးများကို လက်ဖြင့်ဆုပ်ကိုင်၍ -





"အဘိုးတို့မြေးအဘိုးအတွက် လူယုတ်မာတွေကို ကလဲ့စားချေပါမယ်လို့ ကျွန်တော် ကတိပေးပါတယ်၊ အဘိုး တမလွန်ဘဝကနေ ကျေနပ်ပါတော့"

ဟု ကတိပြုလိုက်လေ၏။ ထို့နောက်တွင်မှ ဝမ်ယုသည် မိမိအမဲလိုက်ခဲ့သော ဆိတ်ကြီးကို ပြန်ထမ်း၍ ဓားဖြင့်အပိုင်းပိုင်းလှီး၍ ကင်ခြင်း၊ အခြောက်လှန်းခြင်းတို့ကို ပြုလုပ်လေ၏။

ထို့နောက် မြေးအဘိုးနှစ်ယောက်အတွက် ကလဲ့စားချေနိုင်ရန် အစာအဟာရများကို မှီဝဲလေ၏။

သူသည် အကြီးအကဲရွာနှင့် ဝေးရာသို့ မပြေးဘဲ လာရာလမ်းအတိုင်း ပြန်ခဲ့လေ၏။

သစ်တောအတွင်း နှစ်ရက်မျှ ခရီးနှင်သောအခါ အကြီးအကဲ၏ရွာသို့ ပြန်ရောက်လာ၏။ သူသည် တောင်ပေါ်မှနေ၍ ရွာကြီးကို လှမ်းမျှော်ကြည့်ကာ ဂန္ဓမာရှိရာ နေရာသို့ မှန်းဆကြည့်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဂန္ဓမာသည် အဘိုးဖြစ်သူ သေဆုံးသည့်အပြင် ချစ်သူ ပျောက်ဆုံးနေသဖြင့် များစွာပူဆွေးသောက ရောက်နေလိမ့်မည်။

ထို့အပြင် ဂန္ဓမာ၏ဘဝသည် လူယုတ်မာများကြောင့် ရှင်လျက်နှင့် သေနေသောဘဝကို ရောက်မှာသေချာ၏။

♦ ❋ ♦





ဤနေရာ၌ ဂန္ဓမာတို့မြေးအဘိုး၏ ဘဝရေကြုံတွေ့ရပုံကို ရေးသားရပေဦးမည်။ ဂန္ဓမာတို့မြေးအဘိုးသည် ဝမ်ယုကို စောင့်မျှော်နေရင်း အတန်ကြာသည်အထိ ဝမ်ယု ပြန်မလာသဖြင့် အလွန်စိတ်ပူပန်ခဲ့ရ၏။

ထိုအချိန်၌ ဂန္ဓမာတို့ရှိရာသို့ မျက်စိတစ်ဖက်လပ် မျောက်ကြီး ခေါင်းဆောင်သော မျောက်အုပ်တစ်အုပ် ရောက်လာ၏။

မျက်စိတစ်ဖက်လပ် မျောက်ကြီးသည် ဂန္ဓမာတို့ကို ကြည့်၍ ကျယ်လောင်စွာ အော်လေ၏။

ထိုအခါ ကျန်မျောက်များကလည်း ဆူညံစွာဖြင့် ဝိုင်းဝန်းအော်ဟစ်ကြ၏။

ဂန္ဓမာသည် မျောက်များ၏ အော်ဟစ်သံကြောင့် အလွန်ထိတ်လန့်တုန်လှုပ်နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုသည် မျက်စိတစ်ဖက်လပ်မျောက်ကိုကြည့်၍ ခေါင်းခါယမ်းလိုက်ပြီး ...

"ငါ သူ့ကို အရင်က သေနတ်နဲ့ ပစ်ခဲ့မိတယ်၊ သူ အခု ငါ့ကို ပြန်ပြီးရန်ငြိုးဖွဲ့နေပြီ"

ဟု ရေရွတ်လေရာ ဂန္ဓမာသည် အဘိုးအိုကို နားမလည်ဟန်ဖြင့်ကြည့်၍ ...

"မျောက်တွေက အဘိုးကို ရန်ငြိုးဖွဲ့နေပြီ ဟုတ်လား၊ မဖြစ်နိုင်တာ အဘိုးရယ်၊ မျောက်ကလူကို မှတ်မိပါ့မလား"

ဟု ပြောလေ၏။ ထိုအခါ အဘိုးအိုက ...

"သူ မှတ်မိလို့ အဘိုးကို မုန်းတီးစွဲရှာတဲ့ အမူအရာနဲ့ အော်နေတာပေါ့၊ ဒီမျောက်ကို အရင်ကတည်းက အသေ ပစ်သတ်လိုက်ရင် ကောင်းသား"

ဟု နောင်တရဟန်ဖြင့် ပြောလေ၏။

ထိုအခိုက်မှာပင် ရေလမ်းခရီးနှင့် လိုက်လာသော ရန်သူများသည် မျောက်များ၏ ဆူညံစွာ အော်ဟစ်သံကြောင့်





မြေအဘိုးနှစ်ယောက် ရှိရာသို့ ရိပ်စားမိသွားပြီး ဖမ်းဆီးရန် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလေ၏။

ကျင်ယုံတို့ညီအစ်ကိုသည် လက်မရွဲ့လူမိုက်များနှင့်အတူ ရေလမ်းခရီးမှ လိုက်လာခဲ့ခြင်းဖြစ်၏။

ကျင်ယုံက အဘိုးအိုတို့မြေအဘိုးကိုကြည့်၍ ...

"ဟား ဟား ဟား ... ခင်ဗျားတို့ ကျုပ်လက်က ပြေးလို့ မလွတ်ဘူး၊ အဘိုးကြီး ... ခင်ဗျားဟာ လူလိမ်ကြီးပဲ၊ ကျုပ်အဖေကို ကတိတွေ အတန်တန်ပေးပြီး ဂန္ဓမာကို ခေါ်ပြေးတယ်"

ဟု ပြောလေရာ ကုလုံကလည်း ဝင်ရောက်၍ ...

"ဟား ဟား ဟား ... ခင်ဗျားကြီးကို ကျုပ်တို့ရွာမှာ အရှင်မထားဘူး၊ နောင်လာနောက်သားတွေအတွက် သင်ခန်းစာဖြစ်အောင် ခင်ဗျားကြီးကို သေဒဏ်ပေးရမယ်"

ဟု ပြောဆိုလေ၏။ ထိုအခါ အဘိုးအိုကမုန်းက ဒေါသတကြီး တက်ခေါက်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်တွေ သတ္တိရှိရင် ရှေ့တိုးလှည့်၊ ငါမသေသရွေ့ ငါ့မြေးကို မင်းတို့လို လူယုတ်မာတွေ မရစေရဘူး"

ဟု ကြုံးဝါးကာ လက်ထဲရှိသေနတ်ကို ထုတ်၍ ရန်သူများကို ခုခံရန် ပြင်ဆင်လေ၏။

ထိုအခါ ရန်သူများသည် အဘိုးအိုကို တုတ်ဓား လက်နက်ကိုယ်စီဖြင့် ဝိုင်းဝန်းတိုက်ခိုက်ကြ၏။

ဂန္ဓမာသည် ထိတ်လန့်လွန်းသဖြင့် ...

"ကျွန်မအဘိုးကို မလုပ်ပါနဲ့၊ တောင်းပန်ပါတယ်"

ဟုဆိုကာ ဝင်ရောက်တားဆီးလေ၏။

သို့သော် လူဆိုးလူမိုက်များသည် အသက်အရွယ်ကြီးရင့်လှသော အဘိုးအိုကို မထောက်မညှာပဲ ဝိုင်းဝန်းတိုက်ခိုက်ကြလေ၏။

နောက်ဆုံး၌ အဘိုးအိုသည် ကျင်ယုံ၏ သေနတ်ဒဏ်ရာကြောင့် မြေပေါ်သို့ လဲကျပြီး သေဆုံးသွားလေ၏။ ဂန္ဓမာသည် "အဘိုး ... အဘိုး"ဟု အော်ဟစ်ခေါ်ကာ ဝမ်းနည်းလွန်းသဖြင့် မေ့မြောသွားလေတော့၏။





ထိုအခါ လူယုတ်မာများသည် အဘိုးအို၏အလောင်းကို မြေတွင်မြှုပ်နှံလိုက်ကြ၏။ ဂန္ဓမာအားလည်း ဖမ်းဆီးခေါ်ဆောင်သွားလေတော့၏။

♦ ✻ ♦



www.burmeseclassic.com

www.burmeseclassic.com



လူယုတ်မာနှစ်ယောက်သည် ရွာသို့ပြန်ရောက်သော အခါ ဂန္ဓမာအား စံအိမ်ကြီးအနောက်ရှိအိမ်၌ ချုပ်နှောင်ထားလေ၏။ ဂန္ဓမာသည် ဝမ်းနည်းလွန်းသဖြင့် တစ်ချိန်လုံး ရှိုက်ငိုနေလေ၏။

သူမ၏မျက်စိရှေ့မှာပင် အဘိုးဖြစ်သူအား ရက်ရက်စက်စက် သတ်ဖြစ်ပစ်ကြ၏။

အဘိုးသည် ရန်သူများကို ရှုပ်ရှုပ်ချွံချွံ ခုခံရင်း သေဆုံးသွားခဲ့၏။ အဘိုးသည် နောက်ဆုံးအချိန်ထိ သူမကို ကာကွယ်ပေးသွား၏။

တောလည်သွားသော သူမ၏ချစ်သူ ဝမ်ယုမှာ မည်သည့်အရပ်သို့ ရောက်နေသနည်း။





ဝမ်ယုနှင့် မိမိ ရှင်ကွဲ,ကွဲရလေတော့မည်။ မချစ်မနှစ်သက်သူတို့၏ ရင်ခွင်၌ မနေလိုပဟု ဆုံးဖြတ်၏။

နောက်တစ်နေ့သို့ ရောက်သောအခါ လူဆိုးလူမိုက်များသည် ဂန္ဓမာအား ရွာစွန်ရှိ အကြီးအကဲပိုင် အိမ်တစ်လုံးသို့ ခေါ်ဆောင်သွားပြီး ထိုအိမ်၌ အစောင့်အကြပ် များစွာချထားလေ၏။

ကျင်ယုံနှင့် ကုလုံသည် ဂန္ဓမာကို အန္တရာယ်ကြားထဲမှ ပြန်လည်သိမ်းပိုက်လာသဖြင့် သူရသင့်သည် ငါရသင့်သည်ဟု ငြင်းခုန်နေကြ၏။

ရွာအကြီးအကဲကိုယ်တိုင် ညီအစ်ကိုနှစ်ယောက်ကိစ္စကို မဖြေရှင်းနိုင်ပဲ ရှိနေ၏။

နောက်ဆုံး၌ ကျင်ယုံနှင့် ကုလုံ ညီအစ်ကိုနှစ်ယောက်သည် သူရသင့်သည် ငါရသင့်သည် မဝေခွဲနိုင်သဖြင့် တစ်ယောက်လျှင် တစ်ပတ်ကျ ပေါင်းသင်းရန် ဆုံးဖြတ်လိုက်၏။

ကျင်ယုံတို့ညီအစ်ကို၏ ယုတ်မာရိုင်းစိုင်းသော အကြံအစည်ကို တစ်ရွာလုံး သိရှိသောအခါ ဂန္ဓမာအတွက် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် တစ်ရွာလုံး ရွာအကြီးအကဲကို ကြောက်ရွံ့နေရသဖြင့် မည်သူမျှ သတ္တိခဲမလုပ်ဝံ့ချေ။

ကျင်ယုံသည် ဂန္ဓမာကို အရင်ဆုံး သိမ်းပိုက်ရန် အလှည့်ကျလေ၏။

ထို့ကြောင့် တရုတ်ရိုးရာဆေးမြစ်များနှင့် ဖော်စပ်ထားသော အားဆေးကိုသောက်၍ ဂန္ဓမာရှိရာသို့ ထွက်ခဲ့၏။

ကျင်ယုံ၏ မယားသုံးယောက်သည် မိန်းမသားချင်းစာနာစိတ်မရှိဘဲ ဂန္ဓမာကို အတင်းအဓမ္မချုပ်ကိုင်၍ ရေချိုးစေ၏။

ပြီးနောက် လင်တော်မောင် ကျင်ယုံ ခြေတော်တင်ရန်အတွက် အလှပြင်ဆင်ပေးလေ၏။

ဂန္ဓမာသည် အိပ်ခန်းထဲရှိ ခုတင်ပေါ်၌ တရှုံ့ရှုံ့ငိုယိုနေစဉ် တဏှာရူးကျင်ယုံ ရောက်လာ၏။ ကျင်ယုံသည် ဂန္ဓမာ၏ ဖွံ့ထွားသော ကိုယ်လုံးကို သဘောကျဟန်ဖြင့်ကြည့်၍ ...

"လှလိုက်တာကွာ၊ ငါ့တစ်သက်မှာ ဒီလောက် ဖြူဖွေးနုအိနေတဲ့ မိန်းမမျိုးကို မမြင်ဖူးဘူး၊ ခါးလေးက သေးသွယ်





ပြီး တင်လေးက စွင့်နေတာပဲ၊ မင်းလိုမိန်းမမျိုးကို ဝမ်ယုနဲ့ မတန်ဘူး၊ ငါနဲ့ပဲ တန်တယ်"

ဟု ပြောကာ ဂန္ဓမာအား အလိုမတူဘဲ သိမ်းပိုက်လိုက်လေ၏။

ဂန္ဓမာသည် ဘဝရဲကို အရှင်လတ်လတ် ခံရလေ၏။

♦ ✻ ♦



www.burmeseclassic.com

www.burmeseclassic.com



ဂန္ဓမာသည် ထိုနေ့တစ်နေ့လုံး ဘဝင်ရဲကို ခံစားပြီးနောက် အိပ်ရာပေါ်၌ လဲ၍ကျန်ရစ်ခဲ့လေ၏။ ကျင်ယုံသည် ထိုအခါမှပင် ဝမ်းမြောက်ဝမ်းသာဖြင့် အိပ်ခန်းထဲမှ ထွက်သွားလေ၏။

အခန်းအပြင်၌ ကျင်ယုံ၏မယားသုံးယောက် စောင့်နေလေ၏။ ကျင်ယုံက မယားများကိုကြည့်၍ ...

"နင်တို့ သိပ်တော်တယ်၊ ငါဒီနေ့ အရမ်းကျေနပ်တယ်၊ အရမ်းပဲ ပျော်တယ်၊ နင်တို့ကို ဆုချီးမြှင့်ရမယ်"

ဟု ပြောလိုက်ရာ ကျင်ယုံ၏မယားများလည်း ပျော်ရွှင်သွားလေတော့၏။

ဂန္ဓမာသည် ညသို့ရောက်သောအခါ ခုတင်ပေါ်မှ ဆင်း၍ သူမ၏ဘဝင်ရဲကို မိုးနတ်မင်းထံတွင် တိုင်တည်လေ၏။





ပြီးနောက် ခေါင်းအုံးအောက်မှ အရောင်တလက်လက် တောက်ပနေသော ဓားတစ်ချောင်းကို ထုတ်ယူလိုက်၏။

ထိုဓားသည် တဏှာရူးကျင်ယုံထံမှ သူမနှိုက်ယူထားသောဓားဖြစ်၏။

ဂန္ဓမာသည် အံကိုတင်းတင်းကြိတ်၍ ...

"အစ်ကိုရယ် ... ကျွန်မတို့ နောင်ဘဝမှာပဲ၊ ပြန်ဆုံကြတော့မယ်"

ဟု ကြိုးဝါးကာ သူမ၏ရင်ဝကို ဓားဖြင့်ထိုးစိုက်၍ သေပွဲဝင်သွားလေသည်။

နောက်တစ်နေ့သို့ ရောက်သောအခါ ဂန္ဓမာ မိမိကိုယ်မိမိ အဆုံးစီရင်သွားသော သတင်းသည် တစ်ရွာလုံး ပျံ့သွားလေ၏။

တစ်ရွာလုံး ဂန္ဓမာတို့ မြေးအဘိုးအတွက် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ကြ၏။

အချို့သော ကာလသားများသည် တုတ်ဓား လက်နက်များကိုကိုင်၍ ရွာအကြီးအကဲကို တွန်းလှန်ရန် အော်ဟစ်ပြောဆိုကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူရသတ္တိရှိ၍ မခံချင်စိတ်ရှိသော ကာလသားများစုဝေး၍ ယုတ်မာကောက်ကျစ်သူများကို ဝိုင်းဝန်းတိုက်ခိုက်ရန် ကြံစည်ကြ၏။

ထိုအချိန်၌ ဝမ်ယုသည် အနီးရှိတောအုပ်သို့ ရောက်သွားလေ၏။ တောအုပ်ထဲ၌ ရွာ၏အခြေအနေကို စောင့်ကြည့်နေစဉ် ထင်းခုတ်ရန်လာသော ရွာသားတစ်ဦးနှင့် တွေ့ဆုံပြီး ဂန္ဓမာ၏အဖြစ်ဆိုးကို ကြားသိရလေ၏။

ဝမ်ယုသည် ဂန္ဓမာ၏သတင်းကို ကြားသည်နှင့် ကျင်ယုံတို့လူစုကို မိုးအဆုံးမြေအဆုံး လက်စားချေ သတ်ဖြတ်ရန် ဆုံးဖြတ်လိုက်၏။

ဝမ်ယုသည် မိမိ၏ချစ်သူ ဂန္ဓမာ၏ရုပ်အလောင်းကို နောက်ဆုံးအနေဖြင့် ကြည့်ရှုရန်အတွက် ညအချိန်၌ ရွာထဲသို့ ခိုးဝင်ရန် ဆုံးဖြတ်လိုက်၏။

ဂန္ဓမာ၏ရုပ်အလောင်းကို ရွာစွန်ရှိ အလောင်းထားရာနေရာ၌ ပြင်ဆင်ထား၏။





ဝမ်ယုသည် ဤနေရာသို့ မှောင်ရိပ်ခို၍ ရောက်အောင်သွားပြီး အစောင့်အကြပ်များ အိပ်ပျော်နေသဖြင့် အလောင်းစင်အနီးသို့ တိုးကပ်သွားလေ၏။

ထို့နောက် အိပ်ပျော်သကဲ့သို့ ရှိနေသော ဂန္ဓမာ၏ရုပ်အလောင်းကို နမ်းရှုံ့၍ နောက်ဆုံးအနေဖြင့် အားရအောင်ကြည့်ရှုနေလေ၏။

ဤသို့ကြည့်ရှုရင်း ဂန္ဓမာ၏လက်၌ ဝတ်ဆင်ထားသော လက်ထပ်လက်စွပ်ကို မြင်တွေ့သွားပြီး ထိုလက်စွပ်ကို ချွတ်ယူလိုက်၏။

တစ်နေ့နေ့ တစ်ချိန်ချိန်၌ ကျင်ယုံနှင့် ကုလုံကို လက်စားချေလိုက်နိုင်သည့် အချိန်၌ လက်ထပ်လက်စွပ်ကိုပြ၍ ၎င်းတို့၏ယုတ်မာမှုကို ပြန်လည်အမှတ်ရစေရန်ဖြစ်၏။

ဝမ်ယုသည် ဂန္ဓမာကို အားရအောင်ကြည့်ရှုပြီးနောက် သူမအတွက် ပြန်လည်၍ ကလဲ့စားချေပေးရန် ကတိပြုပြီး ထိုနေရာမှ ပြန်လည်ထွက်ခွာလာခဲ့၏။

♦ ✻ ♦



www.burmeseclassic.com

www.burmeseclassic.com



ဝမ်ယုသည် တောတွင်းသို့ ပြန်လည်ထွက်ခွာသွားပြီး တောအုပ်ကြီးထဲ၌ တစ်ကိုယ်တည်း နေထိုင်ရင်း ကျင်ယုံနှင့် ကုလုံ ညီအစ်ကိုနှစ်ယောက်ကို လက်စားချေနိုင်ရန် ကြံစည်နေခဲ့၏။

သူသည် တောအုပ်ကြီးထဲ၌ လှည့်လည်ရင်း ဂန္ဓမာကို လွမ်းဆွတ်တမ်းတသော စိတ်များအား မေ့ပျောက်ထားနိုင်အောင် ကြိုးစားရလေ၏။

ဝမ်ယုသည် တောတွင်း၌ တစ်ကိုယ်တည်း အရိုင်းအစိုင်းကဲ့သို့ နေထိုင်သဖြင့် သူ၏ဆံပင်များ ရှည်လာ၏။ ကြာသောအခါ မျက်နှာတစ်ပြင်လုံး မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများ ဖုံးလွှမ်းလာ၏။

ထို့ကြောင့် တောတွင်းသို့ ထင်းခုတ်ရန် လာသူများက တောတွင်း၌ လူရိုင်းကြီးတစ်ယောက် လှည့်လည်သွားလာနေသည်ဟူသော ကောလာဟလ ထွက်ခဲ့လေ၏။





ဝမ်ယုသည် တစ်ယောက်တည်း တောတွင်း၌နေထိုင်ရခြင်းမှာ ဂန္ဓမာနှင့် ပတ်သက်သော ပူဆွေးသောကများကို မေ့ပျောက်နိုင်ရန်ဖြစ်၏။

အချိန်ကာလ ကြာမြင့်သောအခါ ရင်ထဲ၌ တောက်လောင်နေသောမီးများ ငြိမ်းလုပြီဟု ယူဆကာ မိမိ၏ရန်သူများကို လက်စားချေ တိုက်ခိုက်ရန် ကြံစည်၏။

ဝမ်ယုသည် တောနက်ကြီးထဲမှထွက်၍ ရွာကြီးဆီသို့ ထွက်ခဲ့လေ၏။

ထိုအခါ အံ့ဩဖွယ်ကောင်းသော သတင်းစကားတစ်ခုကို ကြားသိရလေ၏။

ရွာ၌အကြီးအကဲ သေဆုံးသွားပြီးနောက် မခံမရပ်နိုင်သော ရွာသူရွာသားများက ပုန်ကန်ထကြွကြသည်ဆို၏။

ထိုပုန်ကန်ထကြွမှုကြောင့် ကျင်ယုံနှင့် ကုလုံတို့ ညီအစ်ကိုနှစ်ယောက်စလုံး ရွာ၌မနေဝံ့တော့ပဲ မြို့သို့ထွက်ပြေးသွားသည်ဆို၏။

ဝမ်ယုသည် မြို့ပေါ်သို့တက်၍ ကျင်ယုံတို့၏သတင်းကို စုံစမ်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကျင်ယုံတို့ ညီအစ်ကိုသည် လောင်းကစား ရုံ ဖွင့်ထားသည်ဆို၏။

ဝမ်ယုသည် လောင်းစကားရုံကို သွားရောက်ကြည့် ရှုပြီး ကျင်ယုံတို့ညီအစ်ကို့ကို ချက်ချင်းလက်စားမချေသေးပဲ ၎င်းတို့ညီအစ်ကိုအား စိတ်ဒုက္ခရောက်အောင် အရင်လုပ်ရန် ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် ညဥ့်သန်းခေါင်အချိန်၌ လောင်းကစား ရုံသို့ တိတ်တဆိတ်ဝင်ပြီး အသင့်ယူဆောင်လာသော ဓာတ်ဆီကို သွန်ချကာ မီးရှို့လိုက်လေ၏။ ထိုညက ဝမ်ယု၏ လက်စားချေမှု ကြောင့် လောင်းကစားရုံတစ်ရုံလုံး မီးလောင်ပြာကျသွားလေ၏။

လောင်းကစားရုံ မီးလောင်ခြင်းသည် ရှို့မီးဖြစ်သည် ဟု ယူဆကာ ပုလိပ်ဘက်မှ စုံစမ်းထောက်လှမ်းလေ၏။ သို့သော် တရားခံကို ထောက်လှမ်းနိုင်ခြင်း မရှိချေ။

ကျင်ယုံတို့ညီအစ်ကိုသည် မီးလောင်သွားသော လောင်းကစားရုံလုပ်ငန်းကို မလုပ်ကိုင်တော့ဘဲ မြင်းပြိုင်ပွဲများ၌ မြင်းလောင်းသောအလုပ်ကို လုပ်ပြန်၏။





ဝမ်ယုသည် ကျင်ယုံတို့ မြင်းပြိုင်ပွဲကြည့်ရှုသည့်နေ့ ၌ မြင်းပြိုင်ပွဲ၏ တစ်ဖက်သစ်ပင်ပေါ်မှ သေနတ်ဖြင့် ချောင်းမြောင်း ပစ်ခတ်လေ၏။ ထိုသို့ပစ်ခတ်သည့်အခါ ကျင်ယုံတို့ကို ထိမှန် အောင် မပစ်ဘဲ ထိတ်လန့်ရုံသာ ခြိမ်းခြောက်လေ၏။

ကျင်ယုံတို့သည် မိမိတို့ကို အငြိုးကြီးစွာဖြင့် လိုက်လံ တိုက်ခိုက်နေသော ရန်သူတစ်ဦး ရှိနေကြောင်း ကောင်းစွာရိပ်စား မိသွား၏။

ထို့ကြောင့် အစစအရာရာ သတိပြုပြီး နေထိုင်ခဲ့ ကြ၏။ ၎င်းတို့၏အသက်အန္တရာယ်ကို စောင့်ရှောက်ရန် ကိုယ်ရံ တော်များကိုလည်း ဈေးကြီးပေး၍ ငှားရမ်းလေ၏။

ဝမ်ယုသည် ကျင်ယုံနှင့် ကုလုံတို့ စိတ်ဒုက္ခရောက် စေရန် ရည်ရွယ်သဖြင့် ကိုယ်ရံတော်များကို တစ်ယောက်ပြီးတစ် ယောက် တိုက်ခိုက်လွှတ်လေ၏။

ထိုအခါ ကိုယ်ရံတော်များသည် မိမိအသက်ကို တန်ဖိုးထားသူများဖြစ်သဖြင့် ကျင်ယုံတို့ ညီအစ်ကိုထံတွင် အလုပ် မလုပ်ဝံ့တော့ကြောင်း ပြောပေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက ဝမ်ယုသည် ကိုယ်ရံတော်တစ်ဦးကို တိုက်ခိုက်ရန်အတွက် မိမိကိုယ်မိမိ တရုတ်အဘိုးကြီးတစ်ယောက် အဖြစ် ရုပ်ဖျက်ပြီး သွားစောင့်နေလေ၏။

ကျင်ယုံတို့၏ ကိုယ်ရံတော်သည် ၎င်း၏မယားငယ် အိမ်မှ ပြန်လာစဉ် နောက်ဖေးလမ်းကြား၌ ကြိုစောင့်နေသော ဝမ်ယုနှင့် တွေ့ရ၏။

ဝမ်ယုသည် မိမိရုပ်ကို အဘိုးကြီးတစ်ဦးအသွင် ပြုပြင်ကာ ကိုယ်ရံတော်ဆိုသူကို အပြင်းအထန် တိုက်ခိုက်လေ၏။ ထိုသို့ အားရအောင် ထိုးကြိတ်ပြီးမှ ...

"မင်း ရှေ့ဆက်ပြီး ကျင်ယုံတို့ကိုယ်ရံတော်လုပ်ရင် ဒီထက် နာမည်၊ အသတ်ခံရမယ်"

ဟု ခြိမ်းခြောက်လိုက်ရာ ထိုသူသည် တစ်သက်လုံး ကိုယ်ရံတော်မလုပ်တော့ပါဟု ကတိပြုလေ၏။

ထို့နောက် ကျင်ယုံတို့ထံသို့ ပြန်သွားပြီး ၎င်းယူ ထားသော ပိုက်ဆံများကို ပြန်ပေးလေ၏။





ထိုအချိန်မှစ၍ ကျင်ယုံတို့ညီအစ်ကိုသည် ဝမ်ယု၏ လက်စားချေခြင်းကို ရင်တထိတ်ထိတ်ဖြင့် စောင့်နေရလေ၏။

ကျင်ယုံတို့သည် မိမိတို့အသက်အန္တရာယ်ကို စိုးရိမ် လှသဖြင့် တစ်ကိုယ်တည်း သွားလာခြင်း၊ ညဥ့်အခါ လောင်း ကစားဝိုင်းများသို့သွားခြင်း စသည်တို့ကို ရှောင်ကျဉ်လေ၏။

၎င်းတို့၏ နေအိမ်များကိုလည်း လူဆိုးလူမိုက်များ ငှား၍ စောင့်ကြပ်ခိုင်းလေ၏။ သို့သော် ဝမ်ယုသည် အခွင့်အရေး ရတိုင်း ကျင်ယုံတို့ညီအစ်ကို,ကို အနှောင့်အယှက် အမျိုးမျိုးပေး ၍ ထိတ်လန့်အောင် ကြံစည်ခဲ့၏။

နောက်ဆုံး၌ ကျင်ယုံတို့သည် မြို့ပေါ်၌ ဆက်၍ မနေဝံ့တော့ဘဲ ဝမ်ယုကို မျက်ခြည်ပြတ်ရန်အတွက် တရုတ်ပြည် သို့ ခရီးထွက်၍ ရှောင်ပုန်းရန်ကြံလေ၏။

၎င်းတို့ညီအစ်ကိုသည် ရွာသူရွာသားများထံမှ အမြတ် ထုတ် သွေးစုပ်ခဲ့သော ငွေကြေးခနဲ များစွာရှိ၏။ ခရီးထွက်ရန် များစွာအဆင်ပြေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဝမ်ယုသည် အငြိုးကြီးလှသူ ဖြစ်သဖြင့် ကျင်ယုတို့ ညီအစ်ကို၏ သတင်းအစအနကို မရရအောင် ရှာဖွေ၍ တရုတ်ပြည်အနှံ့ တကောက်ကောက် လိုက်လေ၏။

ဝမ်ယုသည် ကျင်ယုံတို့ညီအစ်ကိုအား ကြောင်ကြွက်ကို ကစားသကဲ့သို့ ကစားပြီး စိတ်ဒုက္ခရောက်အောင် ပြုလုပ်ခဲ့လေ၏။ ညည့်ခန်း၌ ကျင်ယုံတို့ ညီအစ်သည် ထိတ်လန့်တုန်လှုပ်ပြီး ယိုးဒယားပြည် ဗန်ကောက်သို့ ပြေးပြန်၏။

ဝမ်ယုသည် အလုပ်မျိုးစုံလုပ်၍ ဝင်ငွေရှာပြီး ကျင်ယုံတို့ရှိရာ ဗန်ကောက်သို့ လိုက်ပြန်၏။ ကျင်ယုံတို့ ညီအစ်ကိုသည် ဗန်ကောက်၌ လောင်းကစားရုံထောင်ပြီး စီးပွားရှာရန် ပြင်ဆင်နေစဉ် ၎င်းတို့ညီအစ်ကိုအား သေနတ်ဖြင့် ချောင်းမြောင်းပစ်ခံရသဖြင့် ထိတ်လန့်ပြီး ဗန်ကောက်မှ ပြေးပြန်၏။

၎င်းတို့သည် အိန္ဒိယပြည်သို့ ရှောင်တိမ်းပြေးပြန်၏။

ဝမ်ယုကလည်း တကောက်ကောက်လိုက်၍ စိတ်ဒုက္ခရောက်ရန် ကြံစည်လိုသဖြင့် ကျင်ယုံတို့ညီအစ်ကို့ကို အမျိုးမျိုး ဒုက္ခပေးခဲ့လေ၏။





နောက်ဆုံး၌ ကျင်ယုံနှင့် ကုလုံသည် မြန်မာပြည်ထဲသို့ ဝင်ပြေးပြီး ဝမ်ယုကို မျက်ခြည်ပြတ်ရန် ကြံစည်၏။

ဝမ်ယုသည် ကျင်ယုံတို့နောက်သို့ တကောက်ကောက်လိုက်၍ စိတ်ဒုက္ခရောက်အောင် ကြံစည်ပြီးကာမှ မြန်မာပြည်ထဲ၌ ကျင်ယုံတို့ညီအစ်ကိုအား လက်စားချေ သတ်ဖြတ်ရန် ဆုံးဖြတ်လိုက်လေ၏။

ထို့ကြောင့်ပင် ဤမှုခင်းကြီး ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်၏။

◆ ❊ ◆



www.burmeseclassic.com

www.burmeseclassic.com



လူယုတ်မာ ကျင်ယုံနှင့် ကုလုံတို့ ညီအစ်ကိုနှစ်ယောက်သည် မြန်မာပြည်ထဲသို့ဝင်၍ ခြေရာဖျောက်ရန် ကြံစည်ပြန်၏။

ဝမ်ယုသည်လည်း မြန်မာပြည်ဘက် လိုက်ရပြန်၏။

သူသည် လူယုတ်မာညီအစ်ကိုနှစ်ယောက်ကို နှစ်ပေါင်းများစွာ စိတ်ဒုက္ခပေးပြီး ဖြစ်သဖြင့် မြန်မာပြည်သို့ရောက်လျှင် ရန်သူနှစ်ဦးကို လက်စတုံး စီရင်ရန် ကြံစည်ထားလေ၏။

ကျင်ယုံတို့ညီအစ်ကိုသည် ငွေအင်အား တောင့်တင်းသူများဖြစ်သဖြင့် တစ်နိုင်ငံပြီး တစ်နိုင်ငံ အလွယ်တကူ ရှောင်တိမ်းနိုင်၏။

ဝမ်ယုသည် ၎င်းတို့အနောက်သို့ ဆင်းဆင်းရဲရဲဖြင့် ငွေရအောင် ရှာဖွေပြီးလိုက်ရ၏။



သူသည် လူယုတ်မာနှစ်ယောက် အနောက်သို့လိုက်ရင်း ပင်ပန်းနွမ်းနယ်နေပြီဖြစ်၏။

၎င်းတို့ကို ခြေရာကောက်မိလျှင် မြန်မာနိုင်ငံအတွင်း၌ သူ၏လက်စားချေ စီမံကိန်းကို အဆုံးသတ်ချင်၏။

ဝမ်ယုသည် ရန်ကုန်မြို့သို့ ရောက်လျှင် ဦးစွာ အလုပ်အကိုင်တစ်ခုကို ရှာဖွေရ၏။

ကျင်ယုံတို့ညီအစ်ကိုနှစ်ယောက် ရန်ကုန်မြို့၌ ရှိမည်ထင်သဖြင့် မြို့အနှံ့ သွားလာရေး လွယ်ကူသော ရထားလုံးသမားအလုပ်ကို ရအောင်ကြိုးစား၏။

ထိုအခါ ဘောက်ထော်ဘက်ရှိ နှင်းဆီခြံလုပ်ငန်းလုပ်ကိုင်သော တရုတ်မကြီးတစ်ယောက်၌ မြင်းရထားပိုင်ဆိုင်ကြောင်း သိရ၏။ ဝမ်ယုသည် တရုတ်မကြီးအား တရုတ်ဘာသာဖြင့် ရေရေလည်လည် ပြောဆို၍ အလုပ်တောင်းသောအခါ တရုတ်မကြီးသည် အမျိုးသားအချင်းချင်းဖြစ်၍ ရထားမောင်းကုလားကို အလုပ်ဖြုတ်ကာ ဝမ်ယုကို အလုပ်ခန့်၏။ ဝမ်ယု နေထိုင်ရန်အတွက်လည်း နှင်းဆီခြံအတွင်းရှိ တဲအိမ်လေး၌ နေရာချပေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ယုသည် ရန်ကုန်မြို့တွင်း သွားလာသည့်အခါ ဂျင်းဘောင်းဘီနှင့် မြက်ဦးထုပ်ဆောင်းကာ မုတ်ဆိတ်မွေး ပါးမြိုင်းမွေးများ ထားလေ၏။ ထို့ကြောင့် ဝမ်ယု၏ အသွင်သဏ္ဌာန်မှာ တရုတ်အမျိုးသားတစ်ယောက်နှင့် မတူချေ။

ဝမ်ယုကို ရထားလုံးငှားသော တရုတ်မကြီးက ...

"မင်းကိုကြည့်ရတာ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးတွေနဲ့ တရုတ်တစ်ယောက်နဲ့ မတူတော့ဘူး၊ ပန်ချာပီနဲ့ တူနေပြီ"

ဟု ပြောလေ၏။ ဝမ်ယုသည် ရန်ကုန်မြို့အနှံ့ လှည့်လည်ရင်း ရန်သူတော်များကို ရှာဖွေလေ၏။

ကျင်ယုံနှင့် ကုလုံသည် ရန်ကုန်မြို့၌ တရုတ်သူဌေးများကဲ့သို့ ဝတ်စားဆင်ယင်ပြီး သွားလာနေသဖြင့် ၎င်းတို့အကြောင်းကို စုံစမ်းရန် လွယ်ကူ၏။

မကြာမီ လူယုတ်မာနှစ်ဦး၏ သတင်းကို အတိအကျ ရရှိလေ၏။ ကျင်ယုံတို့ညီအစ်ကိုသည် စမ်းချောင်း ရှမ်းလမ်းရှိ ဒေါ်ငွရီဆိုသော တရုတ်အမျိုးသမီးကြီး၏အိမ်၌ ငှားရမ်းနေထိုင်ကြောင်း သိရ၏။





ဒေါ်ငွရီသည် မုဆိုးမကြီးဖြစ်ပြီး သားတစ်ယောက်နှင့် သမီးတစ်ယောက်လည်း ရှိကြောင်း သိရ၏။ ဝမ်ယုသည် ဒေါ်ငွရီ၏အိမ်သို့ တစ်ချက်တစ်ချောင်း ကြည့်လေရာ ဒေါ်ငွရီ၏သမီး မကျင်စမ်းသည် လွန်စွာချောမောလှပသော တရုတ်မလေးဖြစ်ကြောင်း တွေ့ရ၏။

ဤသို့ဖြင့် ဝမ်ယုသည် ရန်သူတော်နှစ်ဦးကို လက်စားချေ သတ်ဖြတ်နိုင်မည့်နေ့ကို စောင့်နေလေ၏။

ကျင်ယုံတို့ညီအစ်ကိုသည် ၎င်းတို့၏ ရန်သူရှိကြောင်း သိသဖြင့် ရန်ကုန်မြို့၌ သတိကြီးစွာထား၍ နေထိုင်ကြောင်းသိရ၏။

ကျင်ယုံတို့သည် ဘယ်သွားသွား နှစ်ယောက်သား မခွဲတမ်း သွားလာ၏။

ညအချိန်သို့ရောက်လျှင် အပြင်သို့မထွက်ပဲ အိမ်တွင်းအောင်း၍ တရုတ်သရုပ်ဝတ္ထုများကိုသာ ဖတ်ရှုနေလေ၏။ ထို့ကြောင့် ဝမ်ယုသည် လူယုတ်မာနှစ်ယောက်ကို လုပ်ကြံရန်အတွက် ခက်ခဲနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် လူယုတ်မာနှစ်ယောက်သည် စမ်းချောင်း ရှမ်းလမ်းရှိ တရုတ်မကြီးနေအိမ်မှ ပြောင်းရွှေ့မည့်ဟန်ဖြင့် ခရီးဆောင်အိတ်များ အိမ်ဆီမှ ချလေတော့၏။

ဝမ်ယုသည် ခပ်လှမ်းလှမ်းမှ စောင့်ကြည့်ပြီး ရန်သူများကို အမြန်ဆုံး လုပ်ကြံရန် ဆုံးဖြတ်လိုက်၏။

ဝမ်ယုသည် လူယုတ်မာနှစ်ယောက် ငှားရမ်းထားသော ရထားလုံးနောက်မှ နောက်ယောင်ခံ၍ လိုက်လေ၏။ ၎င်းတို့၏ရထားလုံးသည် ရန်ကုန် ကွမ်းခြံဘူတာကြီး (ရန်ကုန်ဘူတာကြီး)ရှေ့၌ရပ်ပြီး ညီအစ်ကိုနှစ်ယောက်စလုံး ရထားလက်မှတ်သွားဝယ်လေ၏။

ဝမ်ယုသည် မနီးမဝေးမှ နောက်ယောင်ခံလိုက်၍ မသိမသာ နားစွင့်လေ၏။

ကျင်ယုံတို့သည် မန္တလေးရထားလက်မှတ် မရသဖြင့် ယနေ့ည ရှိုင်ရယ်ဟိုတယ်၌ တည်းခိုရန် ကြံစည်နေကြောင်း ကြားရ၏။ ကျင်ယုံက ကုလုံကိုကြည့်၍ ...





"ငါတော့ မကျင်စမ်းကို လက်မလျှော့ချင်သေးဘူး၊ အိမ်ကို တစ်ကြိမ်ပြန်ပြီး နောက်ဆုံးအနေနဲ့ စကားနည်းနည်းပြောချင်သေးတယ်"

ဟု ပြောလေရာ ကုလုံက ခေါင်းခါယမ်း၍ ...

"တော်ပါတော့ကွာ၊ ဒီကောင်မက ငါတို့ဘာကောင်တွေဆိုတာ မသိတော့ အမှုလွှန်နေတယ်၊ သူ့အတွက် အချိန်ကုန်မခံပါနဲ့၊ ရှိုင်ရယ်ဟိုတယ်ပဲ သွားမယ်၊ မနက်ဖြန်မှ ဘူတာမှာ လက်မှတ်လာဝယ်မယ်"

ဟု ပြောလေ၏။ ထိုအခါ ကျင်ယုံက ...

"ငါတော့ မကျင်စမ်းကို စိတ်မလျှော့သေးဘူးကွာ၊ ဒီကောင်မကို ငါကြံရင် ရနိုင်ပါတယ်၊ ရန်ကုန်မှာမို့လို့ ငါ ငြိမ်နေတာကွ၊ ယူနန်မှာဆိုရင် ဒီကောင်မမျိုး ငါ့လက်ထဲရောက်တာကြာပြီ"

ဟု ပြောလေရာ ကုလုံက ...

"မင်းကတော့ မိန်းမနဲ့ပတ်သက်ရင် ငါ့ထက်ဆိုးတယ်၊ တားလို့မရရင်လည်း သွားပေတော့၊ ငါ ရှိုင်ရယ်ဟိုတယ်က စောင့်နေမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ကျင်ယုံက သဘောကျစွာဖြင့် ...

"ငါနဲ့ မကျင်စမ်း အဆင်ပြေရင်တော့ ရှိုင်ရယ်ဟိုတယ်ကို မလာတော့ဘူး၊ မင်း ရှိုင်ရယ်ဟိုတယ်မှာ တစ်ယောက်တည်း နေပေတော့"

ဟု ပြောကာ လမ်းခွဲ၍ သွားလေ၏။ ထို့နောက် ကျင်ယုံသည် စမ်းချောင်း ရှမ်းလမ်းရှိ တရုတ်မကြီးအိမ်သို့ ပြန်သွားလေ၏။

ဝမ်ယုသည် ရထားလုံးဖြင့် အနောက်မှ လိုက်ခဲ့လေ၏။

ထိုသို့ အနောက်မှလိုက်ရင်း ခါးကြားမှ ဓားမြှောင်ကိုစမ်းကာ အခွင့်သာလျှင် ကျင်ယုံကို ယနေ့ညပင် လုပ်ကြံရန် ဆုံးဖြတ်လိုက်လေ၏။

ကျင်ယုံသည် စမ်းချောင်း ရှမ်းလမ်းရှိ ၎င်းတို့ငှားရမ်းနေထိုင်သော တရုတ်မကြီး ဒေါ်ဂုရှိ၏နေအိမ်သို့ ပြန်တက်သွားလေ၏။ ခဏကြာလျှင် အိမ်ပေါ်မှ ဆူဆူညံညံ အသံများကြားရပြီး ကျင်ယုံ အောက်ထပ်သို့ ပြန်ဆင်းပြေးလာ၏။





ကျင်ယုံ၏အနောက်မှ တရုတ်လူငယ်တစ်ဦးသည် တုတ်ကြီးတစ်ချောင်းကိုင်၍ ဒေါသတကြီး လိုက်လာပြီး ...

"ငါ့နှမကို မစော်ကားနဲ့၊ ငါတို့မိသားစုကို ငွေမက်တယ် များ အောက်မေ့လို့လား၊ သတ္တိရှိရင် လာလေ၊ ဟေ့ကောင် လာခဲ့"

ဟု အော်ဟစ်ကြုံးဝါးပြီး လိုက်လာလေ၏။ ကျင်ယုံသည် အိမ်ပေါ်မှ ကမန်းကတန်း ဆင်းလာပြီး မလှမ်းမကမ်း၌ ဝမ်ယု၏ရထားလုံးကို မြင်သဖြင့် အနီးသို့ပြေးလာပြီး ...

"ရှိုင်ရယ်ဟိုတယ်ကို အမြန်မောင်းစမ်း"

ဟု အမိန့်ပေးလိုက်လေ၏။

ဝမ်ယုသည် မိမိ၏ရထားလုံးပေါ်သို့ ရန်သူတော်ကြီး ရောက်လာသဖြင့် ၎င်းကိုလုပ်ကြံရန် ရေကန်အသင့် ကြာအသင့် ဖြစ်သွားလေ၏။

ဝမ်ယုသည် ရှိုင်ရယ်ဟိုတယ်သို့ မမောင်းဘဲ တာမွေ ရပ်ကွက် ဖိုးစိန်လမ်းသို့ မောင်းလေ၏။ သူသည် ရထားလုံးမောင်းသမားအဖြစ် အသက်မွေးရင်း ရန်ကုန်မြို့ရှိ လူမနေသော အိမ်အိုအိမ်ပျက်များကို သတိထားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ငှင်းတို့၏ရထားလုံး ဘိုးစိန်လမ်းသို့ ရောက်သောအခါ ညကိုးနာရီကျော်နေပြီ၊ လူခြေတိတ်ဆိတ်နေကြောင်း တွေ့ရ၏။

ဝမ်ယုသည် ဖိုးစိန်လမ်းခြံကြီးရှေ့၌ ရထားလုံးကို ရပ်၍ ကျင်ယုံရှိရာသို့သွားပြီး တံခါးဖွင့်ကာ ...

"ရှိုင်ရယ်ဟိုတယ်ကို ရောက်ပြီ"

ဟု ပြောလိုက်လေ၏။

ကျင်ယုံသည် မိမိကို လိမ်လည်၍ ခေါ်ဆောင်မှန်း သိလျှင် တိုက်ခိုက်ရမည်ဟု ယူဆပြီး အသင့်ပြင်ထားလေ၏။ သို့သော် ကျင်ယုံသည် ရထားလုံးပေါ်မှ အရက်ပုလင်းတစ်လုံး ကိုင်၍ ဆင်းလာပြီး ...

"ရှိုင်ရယ်ဟိုတယ်က မှောင်လှချည်လား၊ ငါ သိပ်မူးနေပြီ၊ ဟိုတယ်ထဲကို တွဲပို့ပါဦးကွာ"

ဟု ပြောလေ၏။ ဝမ်ယုသည် ကျင်ယုံ အမူးလွန်နေကြောင်း သိသဖြင့် အိမ်ပျက်ကြီးထဲသို့ တွဲခေါ်သွားလေ၏။





အိမ်ပျက်ကြီးထဲသို့ရောက်လျှင် ဝမ်ယုသည် မီးခြစ်ကိုခြစ်၍ ဖယောင်းတိုင်ထွန်းကာ ပြတင်းပေါက်ပေါင်၌ စိုက်ထားလိုက်၏။ ကျင်ယုံသည် အမူးလွန်နေပြီး ...

"ဟိုတယ်က မှောင်လှချည်လား၊ ဝန်ထမ်းတွေ ဘယ်မှာလဲ"

ဟု မေးမြန်းလေ၏။ ဝမ်ယုက ကျင်ယုံကိုကြည့်၍ မုန်းတီးစိတ်ကြောင့် သွေးများဆူလာပြီး ဂန္ဓမာ၏လက်မှချွတ်ယူထားသော လက်ထပ်လက်စွပ်ကိုဟူ၍ ကျင်ယုံကို ပြသကာ ...

"လူယုတ်မာ ဒီလက်စွပ်ကို သေသေချာချာ ကြည့်စမ်း၊ ဒါ ဘယ်သူ့လက်စွပ်လဲ"

ဟု မေးမြန်းလိုက်ရာ ကျင်ယုံသည် မီးရောင်ဖြင့် လက်စွပ်ကိုကြည့်ပြီး ဂန္ဓမာကို သတိရကာ ...

"ဟင် ... မင်း ... မင်း ... ဘယ်သူလဲ"

ဟု ထိတ်လန့်ဟန်ဖြင့် မေးပြန်၏။

ဝမ်ယုက သဘောကျဟန်ဖြင့် တဟားဟားရယ်မောကာ ...

"ငါချစ်သူအတွက် မင်းတို့ညီအစ်ကို့ကို မိုးအဆုံးမြေအဆုံး လိုက်ရှာမယ့် ရန်သူတော်ကြီး ဝမ်ယုလေ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ရာ ကျင်ယုံသည် မိမိ၏သေမင်း ရောက်ရှိနေကြောင်း ရိပ်စားမိသွားပြီး ...

"မင်းနဲ့ တွေ့ချင်နေတာကြာပြီကွ၊ ငါတို့ညီအစ်ကို့ကို စိတ်ဒုက္ခရောက်အောင် အမျိုးမျိုးလုပ်တဲ့ကောင်၊ တကယ်ဆိုရင် ဒါမျိုးလုပ်စရာလား မလိုဘူးကွ၊ ယောကျ်ားချင်းပဲကွာ၊ မင်းမကျေနပ်ရင် အချိန်မရွေး လာသတ်လို့ရတယ်"

ဟု ကြုံးဝါးလေ၏။ ဝမ်ယုက သက်ပြင်းချ၍ ...

"မင်းတို့အပြစ်တွေက ကြီးလွန်းတယ်၊ ချက်ချင်းသတ်ဖို့ မသင့်သေးဘူး၊ စိတ်ဒုက္ခတွေ အများကြီး ပေးရဦးမယ်၊ မြေအဘိုးနှစ်ယောက်အတွက် မင်းတို့မှာ အပြစ်တွေသိပ်များတယ်ကွ"

ဟု ပြောလေရာ ကျင်ယုံသည် ဝမ်ယုကိုဝင်၍ လုံးထွေးသတ်ပုတ်လေ၏။ သို့သော် ဝမ်ယုသည် တိုက်ခိုက်ရေးပညာကို အလွန်ကျွမ်းကျင်သူ ဖြစ်သဖြင့် ကျင်ယုံကို အလွယ်တကူ အနိုင်ယူလိုက်နိုင်ပြီး နောက်ဆုံး၌ အသင့်ဆောင်ထားသောဓားတိုလေးဖြင့် ကျင်ယုံကို လက်စတုံး စီရင်လိုက်လေ၏။





ထိုသို့စီရင်ပြီး ကျင်ယုံ၏ကိုယ်ပေါ်မှ သွေးများ မိမိလက်ကို ပေသွားသဖြင့် နံရံ၌သုတ်ရန် ကြံပြီးကာမှ တစ်စုံတစ်ရာကို တွေးမိပြီး တရုတ်စာဖြင့် အောက်အတိုင်း ...

(      )

ကြီးကျယ်မြင့်မြတ်သူဟု အဓိပ္ပာယ်ရသောစာကို ရေးလိုက်လေ၏၊ ထိုစာကိုဖတ်ရှုပြီး ဤအမှုကိုလိုက်သော ပုလိပ်များ မျက်စိလည်သွားနိုင်၏။

ဝမ်ယုသည် ကျင်ယုံကို သတ်ဖြတ်ပြီး ရင်ထဲ၌ အကျေနပ်ကြီး ကျေနပ်ကာ ရထားလုံးကို အေးအေးဆေးဆေး ပြန်လည်မောင်းနှင်ခဲ့လေ၏။

မြေနီကုန်းဘက်သို့ ရောက်သောအခါ ဂန္ဓမာ၏လက်ထပ်လက်စွပ်ကလေး ကျပျောက်သွားကြောင်း သိရသဖြင့် ခေါင်းနပန်းကြီးသွားလေ၏။

ထိုလက်စွပ်ကလေးကို သူတစ်သက်လုံး သိမ်းဆည်းထားရန် ရည်ရွယ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဝမ်ယုသည် ရထားလုံးကို နောက်ကြောင်းသို့ပြန်လှည့်ပြီး ဖိုးစိန်လမ်းအိမ်၌ ပြန်လည်ရှာဖွေလေ၏။

ထိုအချိန်၌ ညသန်းခေါင်အချိန်သို့ ရောက်ရှိနေ၏။ ထိုသို့ ရှာဖွေရာ၌ ပတ္တရောင်လှည့်လာသော ပုလိပ်တစ်ဦး၏အသံကို ကြားရသဖြင့် အိမ်ကြီးထဲမှ တိတ်တဆိတ် ပြန်ထွက်ခဲ့၏။

ပတ္တရောင်လှည့်လာသော ပုလိပ်သည် အိမ်ကြီးထဲ၌ မီးရောင်ကိုမြင်၍ ဝင်ရောက်ကြည့်ရှုကာ ကျင်ယုံ၏အလောင်းကို မြင်သဖြင့် အထိတ်တလန့် ပြန်လည်ပြေးထွက်လာ၏။

ပုလိပ်သည် ဖိုးစိန်လမ်းပေါ်၌ ဝမ်ယုနှင့် တည့်တည့်တိုးသဖြင့် ဝမ်ယုသည် အမူးသမားဟန်ဆောင်လိုက်ရ၏။ ပါးရည်နပ်ရည်မရှိသောပုလိပ်သည် ဝမ်ယုကို အမူးသမားထင်၍ ရထားလုံးရှိရာသို့ တွဲ၍ပင်ပို့ပေးလေ၏။

ထိုညက ဝမ်ယုသည် မြေအောက်ဘိုးနှစ်ယောက်၏ ရန်သူတော်တစ်ဦးကို လက်စားချေလိုက်နိုင်သဖြင့် ရင်ထဲရှိ ဆူးတစ်ချောင်း လျော့ပါးသွားယောင် ထင်မြင်ရ၏။





ဝမ်ယု၏ရင်ထဲ၌ ကုလုံ ဆိုသော ဆူးသာကျန်တော့၏။

ကုလုံသည် ရှိုင်ရယ်ဟိုတယ်၌ တည်းခိုကြောင်းသိရ၏။ ထို့ကြောင့် ကုလုံဆိုသောဆူးကို မိမိ၏ရင်ထဲမှ မကြာမီ နုတ်ပယ်နိုင်မည်ထင်၏။

◆ ❋ ◆



www.burmeseclassic.com

www.burmeseclassic.com

ဝမ်ယုသည် နောက်တစ်နေ့ထုတ် သတင်းစာများကို ဖတ်ရှုကြည့်ရာ ဖိုးစိန်လမ်း လူသတ်မှုကို စည်ကားပတ်ကုံးရေးသားထားလေ၏။ ထိုသတင်းများ၏ တစ်နေရာ၌ ဖိုးစိန်လမ်း၌ လက်ထပ်လက်စွပ်တစ်ကွင်း ကောက်ရထားကြောင်း ကြော်ငြာတစ်ခုကို တွေ့ရလေ၏။

ဝမ်ယုသည် ထိုကြော်ငြာကိုဖတ်လျက် လက်ထပ်လက်စွပ်လေးကို ပြန်ရတော့မည်ဆိုပြီး ပျော်ရွှင်သွားလေ၏။ သို့သော်. ထိုကြော်ငြာသည် ပုလိပ်ဘက်ရှိ စုံထောက်များက ထောင်ချောက်ဆင်ထားသော ကြော်ငြာဖြစ်နိုင်၏။

မည်သို့ပင်ဖြစ်စေ ဝမ်ယုသည် လက်ထပ်လက်စွပ်ကလေးကို အဆုံးမခံနိုင်သဖြင့် မရ,ရအောင်ယူရန် ဆုံးဖြတ်လိုက်၏။





ထိုအခိုက်မှာပင် မိမိ၏ရထားလုံးကိုဆွဲသော မြင်းနက်ကြီး နေမကောင်းဖြစ်သဖြင့် ပိုင်ရှင်တရုတ်မကြီးထံ၌ မြင်းနက်ကြီးကို အနားယူခိုင်းလေ၏။

ဝမ်ယုသည် တရုတ်အဘိုးကြီး တစ်ယောက်ကဲ့သို့ ရုပ်ဖျက်ပြီး အမှတ်(၇)၊ အသောကလမ်း၊ ကျောက်မြောင်းနေအိမ်သို့သွားကာ လက်ထပ်လက်စွပ်ကလေးကို ရယူခဲ့၏။ လက်ထပ်လက်စွပ်ကို မိမိလက်သို့ ပြန်အပ်သူများမှာ စုံထောက်များဖြစ်ကြောင်း ရိပ်စားမိသွား၏။

ထို့ကြောင့် လက်ထပ်လက်စွပ်ကို ရယူပြီး ရထားလုံးတစ်စီးပေါ်သို့တက်ကာ ခြေရာဖျောက်ခဲ့၏။

ဝမ်ယုသည် ရထားလုံးမောင်းသော အတွေ့အကြုံရှိသဖြင့် ရထားလုံးပေါ်မှ နောက်ယောင်ခံသူများ မသိအောင် ခြေရာဖျောက်နိုင်သော နည်းလမ်းကိုသိ၏။

ရထားလုံးကုလားကို ကန်တော်ကြီးစောင်းသို့ မောင်းခိုင်းပြီး မြက်ပင်ရှည်ကြီးများရှိရာ နေရာသို့ရောက်လျှင် ရထားလုံးပြတင်းပေါက်မှ ခိုင်ဗင်ထိုးဆင်းလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဝမ်ယုသည် ကျွမ်းဘားပညာ တတ်ကျွမ်းသဖြင့် လျင်မြန်စွာ ဒိုင်ဗင်ထိုးဆင်းသွားရာ မိမိအနောက်မှ နောက်ယောင်ခံလိုက်သော စုံထောက်အား လှည့်စားလိုက်နိုင်၏။

ထိုစုံထောက်သည် လူမပါသော ရထားလုံးအနောက်သို့ နောက်ယောင်ခံ၍ လိုက်ပါသွားလေရာ ဝမ်ယုသည် သဘောကျစွာဖြင့် တဟားဟား ရယ်မောလိုက်လေ၏။

◆ ❋ ◆





ဝမ်ယုသည် ရှိုင်ရယ်ဟိုတယ်သို့သွားပြီး ကုလုံနေထိုင်သောအခန်းကို စုံစမ်းလေရာ ညွှန်ကြားဌာနမှ ကုလုံနေထိုင်သောအခန်းကို ပြောလေ၏။ ကုလုံသည် အပေါ်ထပ်ရှိ အနောက်ဘက် ထောင့်ဆုံးအခန်း၌ နေထိုင်လေ၏။

ဝမ်ယုသည် ညဉ့်နက်သန်းခေါင်အချိန်၌ ဟိုတယ်အုတ်တံတိုင်းကို ခိုဆွဲတက်ပြီး အတွင်းသို့ ဝင်လာ၏။ ပြီးနောက် မိမိကြိုတင်ပြင်ထားသည့်အတိုင်း ဟိုတယ်အနောက်ရှိ မန်ကျည်းပင်ပေါ်သို့ တက်လေ၏။

မန်ကျည်းပင်၏ သစ်ကိုင်းပေါ်မှ တိုက်ရေချိုးခန်းပြတင်းပေါက်ကိုခုန်၍ ခိုဆွဲလိုက်၏။ ထိုအခါ ကံကောင်းထောက်မစွာဖြင့် ပြတင်းပေါက်ပွင့်နေပြီး ဟိုတယ်ရေချိုးခန်းထဲသို့ အလွယ်တကူ ရောက်ရှိသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်အိပ်ခန်းထဲရှိ ခုတင်ပေါ်၌ ကုလုံသည် အိပ်မပျော်သေးပဲ တရုတ်သရဲစာအုပ် တစ်အုပ်ကို ဖတ်နေ၏။

ကုလုံသည် မမျှော်လင့်ဘဲ ဝမ်ယုကို မြင်လိုက်သော အခါ ရုတ်တရက် ထိတ်လန့်သွားလေ၏။ ဝမ်ယုက လက်ထပ် လက်စွပ်ကလေးကို ထောင်ပြ၍ ...

"ဒါလေးကို သိပါတယ်နော်"

ဟု ပြောလိုက်ရာ ကုလုံက ခေါင်းညိတ်၍ ...

"သတိရတာပေါ့ကွာ၊ ဒီကောင်မကို ငါ့အစ်ကို လက်ဦးသွား တယ်၊ ငါတောင် မသိမ်းပိုက်လိုက်ရဘူး၊ အဘိုးကြီးကုဖုန်း ကိုလည်း ငါ မသတ်လိုက်ရဘူး၊ မင်း ငါ့အစ်ကိုကျင်ယုံကို ရှင်းလိုက်ပြီထင်တယ်"

ဟု ပြောလေ၏။ ဝမ်ယုက ခေါင်းညိတ်၍ ...

"သိပ်ဟုတ်တာပေါ့ကွာ၊ အခု မင်းအလှည့်ပဲ၊ အလှည့်ကျ ရင် မနွဲ့စတမ်းနော်"

ဟု ပြောလိုက်ရာ ကုလုံက သက်ပြင်းချ၍ ...

"ငါ မင်းနဲ့ ရင်ဆိုင်ချင်တာ ကြာပြီကွ၊ ကျင်ယုံက ကြောက်လို့ပြေးရင်း လိုက်ပြေးနေရတာ"





ဟု ပြောကာ ဝမ်ယုကို ဝင်ရောက်တိုက်ခိုက်လေ၏။ ဝမ်ယုက ရှောင်တိမ်းပြီး ပြန်လည်တိုက်ခိုက်လေ၏။

ကုလုံသည် သိုင်းပညာကျွမ်းကျင်သူ ဖြစ်သော်လည်း ဝမ်ယုကို မယှဉ်သာဖြင့် နောက်ပြန်လန်လဲသွားလေ၏။ ဝမ်ယုက အားတိုးရယ်မော၍ အနီးသို့ကပ်လာပြီး ...

"မြေးအဘိုးနှစ်ယောက်အတွက် ကလဲ့စားချေရမယ့်အလှည့် ရောက်ပြီ"

ဟု ဆိုကာ ဝမ်ယုကို အဆုံးစီရင်လိုက်လေ၏။

ထိုအချိန်မှစ၍ ဝမ်ယု၏ ရင်ထဲရှိ နောက်ဆုံးကျန်နေ သော ဆူးတစ်ချောင်း ထွက်သွားလေ၏။

ဂန္ဓမာတို့ မြေးအဘိုးကို လက်စားချေလိုက်နိုင်ပြီး ချေပြီ။ မိမိတာဝန် ကျေပွန်ပြီဟု ယူဆလိုက်မိ၏။

ထိုအခါ ဂန္ဓမာ၏ လှပသော မျက်နှာလေးကို မျက်လုံးထဲတွင် မြင်ယောင်လာပြီး လွမ်းဆွတ်သတိရစိတ်များ ဖြစ်ပေါ်လာ၏။

◆ ❋ ◆



www.burmeseclassic.com

www.burmeseclassic.com



ဝမ်ယုသည် လူသတ်မှုများ ကျူးလွန်ပြီး သတင်းစာများကို နေ့စဉ်စောင့်ဖတ်လေရာ သတင်းစာများက လူသတ်မှုအကြောင်းကို တစ်နေ့တစ်မျိုး မရိုးအောင် ရေးသားကြောင်းတွေ့ရ၏။

ဝမ်ယုသည် မြန်မာလိုထုတ်သော သတင်းစာများကို မဖတ်နိုင်ဘဲ အင်္ဂလိပ်သတင်းစာများကိုသာ ရှာဖတ်ရလေ၏။ သူသည် မြန်မာစကားကို အတော်အသင့် ပြောတတ်သော်လည်း မြန်မာစာကို မဖတ်တတ်ချေ။

ဝမ်ယုသည် သူ၏မြင်းကြီး နေမကောင်းသဖြင့် ရထားလုံးမောင်းသော အလုပ်ကို ရပ်တန့်ထားရာမှ မြင်းကြီးနေပြန်ကောင်းသဖြင့် ရထားလုံးကို ပြန်လည်မောင်းနှင်ရန် ကြံစည်၏။





သူသည် ရထားလုံးမောင်း၍ရသောငွေများကိုစုပြီး မကြာမီ ယူနန်ပြည်နယ်ဘက်သို့ပြန်ရန် ကြံစည်ထား၏။

မြန်မာပြည်၌ နေထိုင်ပြီး စီးပွားရှာဖွေစားသောက်ရန် အလွန်လွယ်ကူကြောင်းလည်း သတိပြုမိ၏။ ဝမ်ယုသည် မိမိ မြင်းလှည်းဂိတ်ထိုးရာ စဉ့်အိုးတန်းဆိပ်ကမ်း၌ ရထားလုံးကို ရပ်၍ ပြန်လည်အလုပ်စတင်လေ၏။

ထိုနေ့မှာပင် လူငယ်လေးတစ်ဦးသည် စဉ့်အိုးတန်းဆိပ်ကမ်းမှ ခရီးသည်ခေါ်လိုကြောင်း ပြောဆိုပြီး ရထားလုံးကို ငှားလေ၏။ စဉ့်အိုးတန်း ဆိပ်ကမ်းသို့ ရောက်သောအခါ သင်္ဘောပေါ်မှ ဆင်းလာသောသူသည် သံသေတ္တာကို မနိုင့်တနိုင်ဖြင့် မ,နေပြီး မိမိကို အကူအညီတောင်းသဖြင့် ရထားလုံးပေါ်မှ ဆင်းလိုက်၏။

ထို့နောက် ခရီးသည်၏ သံသေတ္တာကို မ,ယူလိုက်စဉ် ခရီးသည်သည် ကုတ်အင်္ကျီအောက်မှ သေနတ်ကိုထုတ်၍ ချိန်လိုက်ပြီး တရုတ်ဘာသာဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"တာမွေ ဖိုးစိန်လမ်းနဲ့ ရှိုင်ရယ်ဟိုတယ် လူသတ်မှုအတွက် တရုတ်အမျိုးသား ဝမ်ယုကို မြန်မာနိုင်ငံစုံထောက်အဖွဲ့က ဖမ်းဆီးလိုက်ပါပြီ၊ ကျုပ်နာမည် ဆားပုလင်းမင်းအောင် ပါ"

ဟု ပြောလိုက်ရာ ဝမ်ယုသည် မျှော်လင့်မထားသဖြင့် အလွန်အံ့သြပြီး ဆားပုလင်းမင်းအောင် ဆိုသူကို ကြည့်လိုက်၏။ ပြီးနောက် သက်ပြင်းရှည်ကြီးကို ချလိုက်ပြီး ...

"အင်း ... ခင်ဗျားက မြန်မာပြည်စုံထောက်အဖွဲ့က ဆားပုလင်းမင်းအောင် ဆိုတာလား၊ နာမည်ကျော်သလောက်လည်း တော်ပါတယ်ဗျာ၊ ကျုပ်တို့ တစ်ကြိမ်တွေ့ဖူးသေးတယ်နော်၊ ခင်ဗျားဆီမှာ ကျုပ်ရဲ့လက်စွပ်ကလေး လာယူတုန်းကလေ"

ဟု ပြောလိုက်ရာ ဆားပုလင်းမင်းအောင်က ...

"မိတ်ဆွေရဲ့ ရုပ်ဖျက်ပညာ အတော်ကောင်းပါတယ်၊ ချီးမွမ်းပါတယ်ဗျာ"





ဟု ပြောလေ၏။ ဝမ်ယုသည် ဆားပုလင်းမင်းအောင် ဆိုသူ၏ လက်၌ မမျှော်လင့်ဘဲ အဖမ်းခံရခြင်းသည် အိပ်မက်တစ်ခုကဲ့သို့ ဖြစ်နေ၏။ ဆားပုလင်းမင်းအောင်၏ ဖမ်းဆီးခြင်းကို အလွယ်တကူ မခံချင်သလို ဖြစ်သွား၏။ ထို့ကြောင့် ဆားပုလင်းမင်းအောင်ကို စိန်ခေါ်သလိုကြည့်၍ ...

"နာမည်ကျော် ဆားပုလင်းမင်းအောင်က နှလုံးရည်နဲ့ပြည့်စုံပါတယ်၊ ဒါပေမဲ့ လက်ရုံးရည်နဲ့ ပြည့်စုံသလားဆိုတာ ကျွန်တော် သိချင်တယ်"

ဟု ပြောလိုက်လေရာ ဆားပုလင်းမင်းအောင်သည် မည်သည့်စကားကိုမျှ မဆိုတော့ဘဲ သူ၏စိန်ခေါ်မှုကို လက်ခံလေ၏။

ဝမ်ယုသည် လက်ထဲရှိ သံသေတ္တာဖြင့် ဆားပုလင်းမင်းအောင်ကို ပစ်ပေါက်လိုက်ရာ ဆားပုလင်းမင်းအောင်သည် သေနတ်ကို သိမ်းလိုက်ပြီး ပြန်လည်ခုခံလေ၏။

ဝမ်ယုသည် ဆားပုလင်းမင်းအောင်နှင့် တိုက်ခိုက်ရင်း လွန်စွာအံ့သြထိတ်လန့်မိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆားပုလင်းမင်းအောင်သည် စုံထောက်တစ်ယောက်ဖြစ်သော်လည်း ကိုယ်ခံပညာအဆင့်အတန်းသည် ကြောက်မက်ဖွယ်ကောင်းလှ၏။

မိမိကဲ့သို့ ကွန်ဖူးဝိဇ္ဇာတစ်ဦးကိုပင် ဆားပုလင်းမင်းအောင်က အေးချမ်းစွာ ပြန်လည်ခုခံနိုင်၏။

ဝမ်ယုသည် ဆားပုလင်းမင်းအောင်၏ ခုခံမှုများကို ကြည့်၍ ဘုရားတ,လိုက်မိ၏။

မြန်မာပြည် စုံထောက်အဖွဲ့မှာ ဤသို့ကိုယ်ခံပညာကျွမ်းကျင်သူ ရှိနိုင်ပါမည်လား။

ဝမ်ယုသည် တိုက်ခိုက်ရင်း ဆားပုလင်းမင်းအောင်၏ ကိုယ်ခံပညာကို လေးစားလာ၏။

ဤမျှထူးချွန်ထက်မြက်သော စုံထောက်တစ်ယောက်လက်၌ မိမိအဖမ်းခံရခြင်းသည် ဂုဏ်ယူဖွယ်ကောင်းလွန်းလှ၏။

တစ်ချီတွင် ဝမ်ယုသည် ဆားပုလင်းမင်းအောင်၏ ခြေကန်ချက်မိပြီး အနောက်သို့ လန်ကျသွားစဉ် ဆားပုလင်းမင်းအောင်၏ လျင်မြန်စွာ လက်ထိတ်ခတ်ခြင်းကို ခံလိုက်ရ၏။

ဆားပုလင်းမင်းအောင်က ...





"မိတ်ဆွေ ကျေနပ်ပါတယ်နော်"

ဟု တီးတိုးပြောလေရာ ဝမ်ယုက လှိုက်လှိုက်လှဲလှဲပြုံး၍ ...

"သိပ်ဖြီး ကျေနပ်ပါတယ် ဆားပုလင်းမင်းအောင်၊ ခင်ဗျားဟာ နာမည်ကျော်သလောက်လည်း တော်တဲ့စုံထောက်တစ်ဦးပါ၊ ခင်ဗျားလို စုံထောက်တစ်ယောက်ရဲ့လက်ထဲမှာ အဖမ်းခံရတာ ကျုပ် ဂုဏ်ယူလို့မဆုံးပါဘူး"

ဟု ပြောလိုက်လေတော့၏။

♦ ✻ ♦



www.burmeseclassic.com

www.burmeseclassic.com



တရားခံတရုတ်အမျိုးသား ဝမ်ယုသည် ထိုအမှုအတွက် တစ်သက်တစ်ကျွန်း ချမှတ်ခြင်း ခံရလေ၏။

တရားခံသည် သူ၏အပြစ်ဒဏ်အတွက် ဝမ်းနည်းခြင်းမရှိဘဲကျေနပ်စွာ ခံယူခဲ့လေ၏။

ဝမ်ယုကို တစ်ကျွန်းသို့ပို့မည့်နေ့တွင် ဆားပုလင်းမင်းအောင်သည် စဥ့်အိုးတန်းဆိပ်ကမ်းသို့ သွားရောက်နှုတ်ဆက်လေ၏။

တရားခံဝမ်ယုက ဆားပုလင်းမင်းအောင်၏ ပခုံးကိုဖက်၍ ...

"ကျုပ်တို့ တစ်နေ့နေ့မှာ အခါအခွင့်သင့်ရင် အတူတူ သိုင်းကစားရအောင်ဗျာ၊ သိုင်းပညာနဲ့ လက်ရေးလှရေးခြင်းဟာ ကျုပ်ဘဝ၊ ကျုပ်ကမ္ဘာပဲ၊ ကျုပ်နှလုံးသားကတော့





မရှိတော့ဘူးဗျာ၊ သူ့ကို ကျုပ် သိပ်သတိရတာပဲ၊ တမလွန်မှာ ပြန်ဆုံနိုင်မယ် ထင်တာပဲ"

ဟု ပြောကာ ဇိုဗလဲယားသို့ထွက်မည့် သင်္ဘောပေါ်သို့ ရင်ကိုကော့ပြီး ထွက်ခွာသွားလေ၏။

ဆားပုလင်းမင်းအောင်က ဝမ်ယု၏ နောက်ကျောကိုကြည့်၍ သက်ပြင်းချလိုက်ပြီး ...

"ကျုပ်နဲ့တွေ့ဖူးတဲ့ မိတ်ဆွေတွေထဲမှာ ကြောက်စရာအကောင်းဆုံးထဲက တစ်ယောက်ပါပဲ၊ ဒါပေမဲ့ သူ့နှလုံးသားက နူးညံ့တယ်ဗျ၊ ကဗျာဆန်ဆန် တင်စားပြီး ပြောရရင်ဖြင့် ကြာဖြူပန်းလေး တစ်ပွင့်လိုပါပဲဗျာ"

ဟု ပြောလိုက်ရာ ကျွန်ုပ်က စိတ်လှုပ်ရှားသောအမူအရာဖြင့် ...

"ကျုပ် တစ်နေ့နေ့ ဒီအမှုကို ဝတ္ထုပြန်ရေးရင် ဆားပုလင်းမင်းအောင်နှင့် ဖိုးစိန်လမ်းလူသတ်မှုလို့ ခေါင်းစဥ်တပ်မယ် ကြံထားတာဗျ၊ အခုတော့ ကျုပ် စိတ်ကူးပြောင်းသွားပြီ၊ ကိုမင်းအောင် ပြောတဲ့စကားကိုပဲ ဝတ္ထုအမည် တပ်တော့မယ်၊ ဘာတဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



ဆားပုလင်းမင်းအောင်နှင့် ကြာဖြူပန်းကလေး ...

ဆားပုလင်းမင်းအောင်နှင့် ကြာဖြူပန်းကလေး ...

ဆားပုလင်းမင်းအောင်နှင့် ကြာဖြူပန်းကလေး ...

ဆားပုလင်းမင်းအောင်နှင့် ကြာဖြူပန်းကလေး ...

ဟု ပြောလိုက်လေတော့၏။ ဆားပုလင်းမင်းအောင်ကမူ ကောင်းသည် ဆိုးသည် မဆိုတော့ပဲ ရန်ကုန်မြစ်ထဲသို့ ရောက်ရှိနေသော တစ်ကျွန်းသို့သွားမည့် သင်္ဘောကြီးကိုသာ ငေး မောကြည့်နေလေ၏။

အရာအားလုံး ပြီးဆုံးသွားချေပြီ။

ဘာကိုမှမသိသော

မင်းမြတ်သူရ

www.burmeseclassic.com